
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် = ၉၄၇/၂၀၀၂(၁၀)
မျက်နှာဖုံးခွင့်ပြုချက် = ၈၉၅/၂၀၀၂(၁၀)
၂၀၀၂ - ခုနှစ်
နိုဝင်ဘာလ ပထမ အကြိမ်

အုပ်ရေ = ၅၀၀

တန်ဖိုး = ၁၅၀/-

ထုတ်ဝေသူ = ဦးတင်ရှိန် (မြ - ၀၃၈၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄ /၁၇၇၊ မေခလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ

အဖုံး ပုံနှိပ်သူ = ဦးအောင်မြင့်သိန်း (၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် (၁၃၂)၊ ဆိပ်ကမ်းသာ
ရန်ကုန်။ ဖုန်း - ၂၇၄၆၈၉

အတွင်း ပုံနှိပ်သူ = ဦးကျော်ဖေ (မြ - ၀၄၂၂၉)
နိုင်ရည်မွန် ပုံနှိပ်တိုက်၊ တိုက်ခွဲ
မဟာသုခလမ်းနှင့် ၈၁၊ ဗိုလ်ချုပ်
ပုဇွန်တောင်မြို့နယ်။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကျ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းသည်

BURMESE CLASSIC


နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com





သံသရာသည်

အရှည်ဆုံးမြစ် ...။

သမုဒယနွံ ကိုယ်တိုင်ဆင်း

နင်းလိုက်တိုင်းနစ် ...။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





ပိတောက်ကို ချစ်သောသူ ...။ သကြင်္န်ကို တမ်းတတတ်သော ဒေါ်ဝတ်ရည်ကျော် တစ်ယောက် ပိတောက်တွေပွင့်ပြီး၊ သင်္ကြန်ရေတွေ လွန်မြောက်ပြီးသည်နှင့် လူ့လောကမှ ထွက်ခွာသွားလေသည်။

ဒေါ်ဝတ်ရည်ကျော် သေဆုံးပြီး ငါးရက်မြောက်သောနေ့မှာတော့ ဂူသွင်းသဂြိုဟ်လိုက်၏။

ဒေါ်ဝတ်ရည်ကျော်၏ ရှုပ်ပန် အခမ်းအနားသည် ကျနေအောက်မှာပင် အတော်လေး စည်ကားနေ၏။

လိုက်ပါပို့ဆောင်သူများ အချို့သည် ကားများဆီသို့ ပြန်သွားကြသည်။ တချို့တစ်ဝက်မှာတော့ အုတ်ဂူသွင်းရာနေရာမှာပင် ရှိနေကြသေး၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူကို နောက်ဆုံးအနေဖြင့် မျက်ရည်များဖြင့် ခင်မိုးဦး ကန်တော့လိုက်၏။ လူတွေ၏ မျက်နှာကို ခင်မိုးဦး လိုက်ကြည့်နေဖြစ်သည်။

ခင်ပွန်းဖြစ်သူ ထွေးဇော်ကို မြင်မှ "ပိတောက်ဝတ်ရည်" ကို သတိရသွား၏။

"ကိုထွေး သမီးလေးရော ... ဟင်၊ ပိတောက်ဝတ်ရည် လေးရော"

"စောစောကတော့ ကိုထွေး နားမှာ ရှိနေတာပဲ"

သချိုင်းဆိုသော အသိတရားကြောင့်ပင် ခင်မိုးဦး တုပ်ပူသွားမိသည်။

အုတ်ဂူကြို အုတ်ဂူကြားမှာ ဆော့ကစားရင်း မျက်စိ လည် လမ်းမှားရင် ခက်ပြီ ... ဟု ဗျာများပြီး လိုက်ရှာရ တော့သည်။

* * *





ခင်မိုးဦး၏ ခြေလှမ်းများနောက်ကို ထွေးဇော်လည်း လိုက်ပါလာခဲ့၏။

တကယ်တော့ "ပိတောက်ဝတ်ရည်လေးမှာ သုံးနှစ် သမီးလေးပင် ရှိသေး၏။

မိဘတွေက သူ့အပူနှင့်သူမို့ တစ်ဦးဦးကပဲ ခေါ်ထား သည်လား၊ ဒီလိုမှ မဟုတ်ဘဲ တစ်စုံတစ်ယောက်ကများ ကောင်းသော အကြံဖြင့် ချော့မြှူခေါ်သွားရင် ခက်ချေပြီ။

သတိလက်လွတ် ဖြစ်သွားချိန်မှာ သိပ်အကြာကြီးတော့ မဟုတ်ပေ။

အမင်းရိပ်အောက်တွင် လူတစ်ယောက်နှင့် ဆော့ကစား နေသော ပိတောက်ဝတ်ရည်အား ခင်မိုးဦး လှမ်းတွေ့လိုက် သည်။

ဝမ်းသာစိတ်ဖြင့် အနားသို့ တိုးလှမ်းလာသော ခင်မိုးဦး ၏ ခြေလှမ်းတို့မှာ လှည့်ပြန်တော့မလို ဖြစ်သွား၏။

ဒီအသုဘ အခမ်းအနားကို သူလည်း လာခွင့်ရှိသည် ပေပေ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မိုးဦး"

တကယ်တော့ ပိတောက်ဝတ်ရည်လေးအား ချော့မြှူနေသော ဦးသက်ထူးမှာ မျက်နှာစိမ်းတော့ မဟုတ်။ ခင်မိုးဦးနှင့်လည်းကောင်း၊ ဝတ်ရည်ကျော့နှင့်လည်းကောင်း ပတ်သက်ခဲ့သူ တစ်ဦးပင်။

"သမီးလေး ... ပိတောက်ဝတ်ရည်လေးရယ်၊ မေမေတို့က ပျောက်လို့ရှာလိုက်ရတာ"

ပိတောက်ဝတ်ရည်လေးက မိခင်ရင်ခွင်မှ နေပြီး ဦးသက်ထူးကို ပြုံးပြနေပြန်၏။

"ကလေးနာမည်က ပိတောက်ဝတ်ရည်တဲ့လား၊ ဒါ ... ခင်မိုးဦးရဲ့ ကလေးပေါ့နော်"

ဦးသက်ထူး မေးလိုက်သောအခါမှ ခင်မိုးဦး မျက်နှာပျက်ချင်သလိုလို ဖြစ်သွား၏။

ဦးသက်ထူး၏ အမေးကိုလည်း ဖြေဖို့ အင်အားတွေမရှိ။

ထိုအခိုက်အတန့်လေးမှာပင် နောက်မှ လိုက်လာသော ခင်ပွန်းသည်ကို တွေ့လိုက်ရသည်။





"သွားမယ် ဦးသက်ထူး၊ ကျွန်မ ခင်ပွန်း လိုက်လာပြီ"


ပိတောက်ရွှေရည်လေး၏ နှုတ်ဆက်ခြင်းကိုတောင် ဦးသက်ထူး ဆုံးအောင်မမြင်လိုက်ရပေ။ ချစ်စရာကောင်းသော ပိတောက်ဝတ်ရည်လေးကို တစ်ခဏအတွင်းမှာပင် သံယောဇဉ်အလိုလိုဖြစ်သွားရ၏။

ခင်မိုးဦးတို့ မိသားစုသုံးယောက်ကို ငေးမောကြည့်ရင်းကပင် နေရာမှာ ဦးသက်ထူး ကျန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း (တစ်)



www.burmeseclassic.com

www.burmeseclassic.com

# ၁

"နှင် အလုပ်ရှာမပေးလည်း ရတယ်၊ ငါ့ဘာသာငါ ရှာလို့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ရတော့မယ်"

ထွေးဖော်ကို တွေ့တွေ့ချင်းမှာပင် သူမ ပြောလိုက်သည်။ မေမေကတော့ စကားကြောင့် ပြုံးပြီး ထွေးဖော်အား ပြော၏။

"အဲဒါပဲကြည့်တော့ ကိုထွေး၊ ကိုထွေးတို့ပွဲရုံမှာ အလုပ်လုပ်ဖို့ကျတော့ အကြောင်းအမျိုးမျိုး ပြနေတာ၊ အိမ်မှာ ဒီအတိုင်းကြီး ထိုင်မနေချင်လို့တဲ့လေ၊ ကိုထွေးရဲ့သူငယ်ချင်းကတော့ ဘာမဆို ဖွတ်တရွတ် နိုင်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမေကလည်း ... မမေက သမီးကို ငယ်ငယ်ကတည်းက ပြုစုစောင့်ရှောက်လာတာလေ၊ သမီးက ပညာလည်း စုံပြီပဲ၊ မမေ့ကို သမီး ရှာကျွေးချင်သေးတယ်"

မမေနှင့် သူမတို့နှစ်ယောက်ကို မသိသူများကတော့ ညီအစ်မလို့ ထင်ကြ၏။ အသက် သုံးဆယ့်ရှစ်နှစ်ထဲကို ဝင်ရောက်နေသော မမေမှာ အသက်နှစ်ဆယ်ပြည့်ပြီးသော သူမနှင့် အပြိုင် ပျိုမျစ်လှပဆဲ ဖြစ်၏။

"နင်ရတဲ့ လခကို နင်ပဲ လောက်အောင်သုံးပါဦး ခင်မိုးဦးရယ်၊ တော်ကြာ အန်တီဝတ်ရည်ကျော်ဆီကဲတောင် အရင်ထက် ပိုတောင်းနေရဦးမယ်"

"ငါရတဲ့ လခကို မမေ့ဆီမှာပဲ အပ်မှာပါ၊ ငါ သုံးနေကျအတိုင်းတော့ မမေ့ဆီက ပြန်တောင်းသုံးရမှာပေါ့"

"ပထမတော့ အန်တီလည်း အလုပ် မလုပ်ဖို့ တားဦးမလို့ပဲ၊ မင်းသူငယ်ချင်းကလည်း ဂျီကျ၊ ပြီးတော့ အိမ်မှာနေတာထက်စာရင်တော့ ပတ်ဝန်းကျင်နဲ့ အတွေ့အထိများတာက ပိုကောင်းပါတယ်လို့ တွေးပြီး ခွင့်ပြုလိုက်ရတာ"





မမေကတော့ ထွေးဇော်ကို ရှင်းပြနေသည်။ ထွေးဇော်ကလည်း တခြားတစ်နေရာမှာ သူမ အလုပ်ဝင်လုပ်မည့်ကိစ္စကို မပြောသာ၍သာ မပြောခြင်းဘဲ နေခြင်းဖြစ်၏။

"ကြည့်လည်း လုပ်ပါဦး ခင်မိုးဦးရာ၊ နင်က အန်တီ့ကိုရော ငါ့ကိုပါ ဆိုးနေကျ မဟုတ်လား၊ ကျောင်းမှာတုန်းကလည်း နင်နဲ့တည့်တဲ့သူ ခပ်ရှားရှားရယ်နော်၊ တော်ကြာ အလုပ်ထဲမှာ ဟိုလူနဲ့ စကားများ ဒီလူနဲ့ စကားများပြီး နှစ်ရက်တစ်ပိုင်းနဲ့ ပြန်ထွက်နေရဦးမယ်"

"ငါ ဒီလောက်တော့ မအ,ပါဘူးဟာ၊ ကျောင်းတုန်းကတော့ တစ်မျိုးပေါ့၊ နင့်ကို ဆိုးလို့ရတာကလည်း နင်က အလိုလိုက်တာကိုး"

"အေးလေ ... အားလုံးကို ငါ့လိုမဟုတ်ဘူးလို့ နင်တွေးရင်တော့ ကောင်းတာပေါ့ဟာ"

"ကဲ ... အပိုပြောမနေနဲ့ ... နင် ဒီနေ့အားလား"

"ကိုထွေးရေ ... အားလားလို့ မေးတာက မကောင်းတတ်လို့နော်၊ မအားလည်း အားပေးလိုက်ဦး၊ ကိုထွေးကို ညှဉ်းဦးမလို့နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားဝယ်ရင်း ရုပ်ရှင်ကြည့်မည့် အစီအစဉ်ကို မေမေ ကြိုသိထားနေ၏။

"နင် ဘာလုပ်မလို့လဲ ခင်မိုးဦး"

"ငါ အလုပ်ရတဲ့ အထိမ်းအမှတ်နဲ့ နင့်ကို ရုပ်ရှင်ပြ မလို့"

"သွားလေ ခင်မိုးဦး"

ထွေးဇော်၏ မငြင်းဘူး ဆိုတာကို သူမ သိနေသည်ပဲ။ ဟိုးငယ်စဉ်ကလေးဘဝက စတင်ပြီး သူမ အလိုတွေကို ထွေးဇော် ဖြည့်ဆည်းပေးခဲ့သည်ပဲ။

* * *

ရုပ်ရှင် ကြည့်မည် ... ဟု ခေါင်းစဉ်တပ်သော်လည်း ဈေးအရင်ဝယ်သည်။ ပြီးမှ ရုပ်ရှင် ဝင်ကြည့်၏။

ရုပ်ရှင်ရုံက ပြန်ထွက်တော့ သုံးနာရီထိုးနေပြီ။ ကားပေါ် အရောက်မှာပင် စက်နှိုးရင်းက ထွေးဇော် ပြောလိုက်သည်။





"နင် အိမ်ပြန်ချင်ပြီလား ခင်မိုးဦး"

"ဘာလုပ်မလို့လဲ ကိုထွေး"

"အိမ်မပြန်ချင်သေးဘူးဆိုရင် တစ်နေရာရာမှာ ခဏ စကားပြောကြရအောင်"

သူမ လုပ်ချင်တာတွေကို လုပ်ခဲ့ပြီးမှတော့ ထွေးဇော် ဆန္ဒကို မဖြည့်ဆည်းပေးလို့ မဖြစ်ပြန်။


"သွားလေ ... လူရှင်းတဲ့ဆိုင်မှာ အအေးသောက်ရင်း စကားပြောကြတာပေါ့၊ ငါလည်း အအေးသောက်ချင်တယ်"

သူမ ပြောလိုက်သော စကားကြောင့် ထွေးဇော်၏ မျက်နှာလေး ပြုံးယောင်သန်းသွား၏။ ထွေးဇော် တစ်ခုခု ပြောတော့မည် ဆိုတာကို သူမ သိနေသည်။ သူမ အလုပ် ဝင်သည့်ကိစ္စကို ပူပန်မှုများစွာဖြင့် ထွေးဇော် ဘာတွေပြော လာဦးမည် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com





# ၂

သူမ ဖန်ခွက်ထဲက သဘောသီးဖျော်ရည် တစ်ဝက် ကျိုးသွားသည့်တိုင် ထွေးဇော် နှုတ်ဆိတ်နေဆဲပင်။

ဘာစကားတစ်ခွန်းမှ မပြောဘဲ သူ့ကိုသာ စိုက်ကြည့်နေသော ထွေးဇော်၏ အပြုအမူကြောင့်ပင် စိတ်မရှည်ချင် ဖြစ်သွားမိသည်။

“စကားပြောရအောင်ဆိုပြီး ဘာမှလဲ မပြောဘူး၊ ငါ့ကို စိုက်ကြည့်ပြီး သက်ပြင်းတွေပဲ ချနေတာပဲ၊ နင် ဘာဖြစ်နေ လဲ ထွေးဇော်”

“ဘယ်ကနေ စပြောရမှန်း မသိလို့ပါဟာ”



www.burmeseclassic.com

www.burmeseclassic.com



"စပြောချင်တဲ့ နေရာကပြော၊ နင်ပြောချင်ရာသာ ပြောတော့ ကိုထွေးရာ၊ ဒီအတိုင်းကြီး ထိုင်နေရတာက ပျင်းဖို့ကောင်းတယ်"

"နင် တကယ်ပဲ ကုမ္ပဏီမှာ အလုပ်လုပ်တော့မှာပေါ့ နော်"

ပြောမည့်ပြောတော့လည်း ထွေးဇော် စကားက အဓိပ္ပာယ် မဲ့နေ၏။

မနက်ဖြန်ပဲ အလုပ်ဆင်းတော့မှာကို ထွေးဇော် သိနေ သည်ပဲ။

"နင်၊ ရူးနေလား ကိုထွေး"

"နင် အပြစ်တင်လည်း ခံရမှာပဲ ခင်မိုးဦး၊ ကန့်ကွက် ပိုင်ခွင့် မရှိလို့သာ လက်ပိုက်ကြည့်နေရတာ၊ ငါ ရင်ထဲမှာ မကောင်းဘူး"

"ငါ အလုပ်ဝင်တာ ဘာများဖြစ်မှာမို့လို့လဲ ကိုထွေး ရာ"

ပင်ပန်းမှာ၊ သူများတကာနှင့် ဆက်ဆံရေး မပြေလည် မှာကို တွေးပြီး စိုးရိမ်ပုံရသည်။ ထွေးဇော် လုပ်နေသော ပွဲရုံ





မှာ ဝင်လုပ်ဖို့ကျပြန်တော့လည်း သူမနှင့် လုပ်ငန်းသဘာဝ မကိုက်ညီပြန်။

"နင့်အတွက် ငါ စိုးရိမ်တယ်၊ ကျောင်းမှာတုန်းက နင့်အနားမှာ ငါအမြဲရှိနေတာ၊ အခုတော့ ငါ့မျက်ကွယ်မှာ နေရမှာ၊ နင့်ကို လိုက်ကြည့်ဖို့ဆိုတာကလည်း ငါက အလုပ် တစ်ဖက်နဲ့လေ"

ထွေးဇော် ပြောလိုက်မှ လန့်သွားမိသည်။

ဒီအတိုင်းဆိုရင် သူမကို စိတ်မချသော အကြောင်းပြ ချက်နှင့် အလုပ်ထဲကို ချောင်းပေါက်မတတ် ထွေးဇော် လာ တော့မည်။

ထွေးဇော် အတွက် အမိန့်အမြန်ထုတ်လိုက်ရ၏။

"ငါ ပြောတာ နင် နားထောင်စမ်း ကိုထွေး၊ အခု ကတည်းက ငါ အပြတ်ပြောထားမယ်၊ ငါ့အလုပ်ထဲကို သူ များတွေ မျက်စိနောက်အောင် နင်လာလို့ မဖြစ်ဘူးနော်၊ ငါ နေတတ် ထိုင်တတ်တယ်၊ ဖုန်းတွေလည်း လုံးဝမဆက်နဲ့၊ နင် ငါနဲ့တွေ့ချင်၊ စကားပြောချင်ရင် အိမ်ကိုပဲ လာခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေကို နင် နားမထောင်ရင်တော့ နင့်ကို ငါ လုံးဝ စကားပြောတော့မှာ မဟုတ်ဘူး"

ထွေးဇော်ကိုတော့ ဒီလို ပြတ်ပြတ်သားသား ခြိမ်းခြောက်ထားမှ ရပေမည်။ ဒီလိုမှ မဟုတ်ရင် ထွေးဇော်နှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ဖြစ်လာနိုင်၏။

"နင့်စကားကိုတော့ ငါ နားထောင်ရတော့မှပေါ့၊ ဒါပေမယ့် နင့်ကို အစစအရာရာ ငါ စိတ်မချနိုင်တာ အမှန်ပဲ၊ ငါ တစ်ခုတောင်းဆိုချင်တယ် ခင်မိုးဦး

"ထွေးဇော်ကတော့ ဘာတွေ ဈေးဆစ်ဦးမည် မသိပေ"

"ဘာတောင်းဆိုမှာလဲ"

"နင် မသိချင်ဟန်ဆောင်တာလား၊ ဒါမှမဟုတ် ငါနဲ့ ပတ်သက်တာကို နင် မေ့လျော့ထားတာလား ခင်မိုးဦး"

"ဘာများလဲ ကိုထွေး"

သူမစကားကြောင့်ပင် ထွေးဇော် မျက်နှာလေး ပို၍ အိုစာသွားသည်။

"နင် မသိဘူးဆိုရင်တော့ ပြောပြရတော့မှာပေါ့၊ ငါ တောင်းထားတဲ့ အဖြေလေ၊ နင့်ဆီက အဖြေရရင် ငါ မျက်





ကွယ်မှာ ဖြစ်နေပေမယ့် ငါ စိတ်ချလက်ချ နေနိုင်တယ်၊ လူကြီးတွေ သဘောတူထားတယ် ဆိုတာလောက်နဲ့တော့ ငါ မနေချင်ဘူး၊ နင့်ကို ငါ့ချစ်သူအဖြစ်နဲ့ စိတ်ချလက်ချ ပိုင်ဆိုင်ချင်တယ် ခင်မိုးဦး"

ထွေးဇော် တစ်ယောက်ကတော့ ခက်ချေပြီ။ ဒီကိစ္စနှင့် ပတ်သက်ပြီး ထွေးဇော်ကို မကြာခဏ ပြောထားဖူးပြီ။

"နင် ဘာရောဂါထတာလဲ ထွေးဇော်၊ နင့်နေရာမှာ တခြားသူစိမ်းယောက်ျားလေးဆိုရင်တော့ ငါ ဒီလောက် စိတ်ရှည်ဖြစ်မှာ မဟုတ်ဘူး၊ ငါ ပြောပြီးပြီပဲ နင့်ကို ငါ သံယောဇဉ်ရှိတယ်၊ နင့်ကို အရွှေးအမူး ချစ်လောက်တဲ့စိတ်မျိုး ငါ့မှာ မရှိဘူး၊ ဒါပေမယ့် နင် ငါ့အနားမှာ ဟိုးငယ်ငယ်လေးကတည်းက နေလာခဲ့တယ်၊ နှစ်ဖက်မိဘတွေကလည်း တို့နှစ်ယောက်ကို သဘောတူထားကြတယ်၊ ဒီလောက်ဆိုရင် လုံလောက်ပြီလေဟာ၊ အချိန်တန်လို့ အိမ်ထောင်ပြုကြကြေးဆိုရင် အခြေအနေအရ ငါ ဦးစားပေး စဉ်းစားရမှာ နင်တစ်ယောက်ပဲ ရှိတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေဟာ၊ ငါ့ထက် ချစ်ရမယ့် ချစ်သူ ရှိလာခဲ့ရင် တစ်နေ့ တွေ့လာခဲ့ရင် ငါ့အတွက်ရော နင့်အတွက်ရော မကောင်းဘူးလေ၊ နင် ငါ့ကို ချစ်သူအဖြစ် လက်ခံပါလား၊ ငါ နင့်ရဲ့ချစ်သူ ဖြစ်ချင်တယ်"

ဒုက္ခတော့ များပြီ ထင်၏။ ထွေးဇော်ကတော့ အတင်းရော အဓမ္မရော တိုက်တွန်းနေပြီ။

"ဒီမှာ နင် စိတ်ချမ်းသာဖို့ ငါ ခေါင်းညိတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ငါ့စိတ်ထဲမှာ ဘာမှ မဖြစ်တဲ့ကိစ္စ၊ မထူးခြားတဲ့ ကိစ္စပဲဟာ၊ ငါ ပြောတာ စကားကုန်ပြီ ကိုထွေး"

ထွေးဇော်ကို ဒီကိစ္စတွေကြောင့် သူ စိတ်ကုန်ချင်လာ၏။

ဘာကြောင့်များ အရူးထချင်နေသည်မသိ။ တခြားတစ်ယောက်ယောက်နောက်ကို ပါသွားမည့် အရေးအတွက် အစိုးရိမ်ပိုလွန်းသည် ... ဟု သူမ ထင်မိ၏။



## ၃

နံနက်လင်းကတည်းက အလုပ်သွားဖို့ စိတ်စောနေ၏။ မေမေကတော့ သူမကိုကြည့်ပြီး စိတ်မောနေမည်လားမသိ။

ပြင်ဆင်ပြီးချိန်မှာတော့ ထွေးဇော် တစ်ယောက် ရောက်ချလာသည်။ သူမ မမှာထားပါဘဲနှင့် ထွေးဇော် ဘာကြောင့်များ ရောက်လာရသည် မသိ။

တွေ့တွေ့ချင်းမှာပင် ပြောလိုက်မိသည်။

"ဘာလို့ အစောကြီး ရောက်လာရတာလဲ"

ထွေးဇော် မဖြေဘဲ ငြိမ်နေ၏။ မေမေက ဝင်ပြောလိုက်သည်။



www.burmeseclassic.com

"သမီးလေးကို လိုက်ပို့ပေးဖို့ မေမေ ခေါ်လိုက်တာ။ ကိုထွေးက ပြောပါသေးတယ်၊ ဒီတစ်ရက်တော့ မေမေက လိုက်ပို့ပေးစေချင်လို့လေ"

မေမေ့ စကားကြောင့်ပင် ထွေးဇော် သက်သာသွားသည်။

"ဒါဆိုလည်း ပြီးရော၊ မေမေ့ကို အလုပ်မသွားခင် သမီး ကန်တော့ပါရစေ"

မေမေ့ကို ကန်တော့ဖို့ ပြင်ဆင်လိုက်သည်။

မေမေကတော့ သူမအတွက် ဆုတွေပေးနေပြန်၏။

"အေးကွယ် ... ငါ့သမီးလေး အလုပ်ထဲမှာ လူချစ်လူခင် ပေါများပြီး အဆင်ပြေပါစေကွယ်၊ ချမ်းသာခြင်း ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး လိုရာဆန္ဒတွေ ပြည့်စုံပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ မေမေ"

မေမေ့ကို ကန်တော့ပြီး နာရီကို ကြည့်လိုက်သည်။ အချိန်က နည်းနည်းတော့ စောနေသေး၏။ ဒါကို မေမေက လည်း သိနေပြန်သည်။ ထွေးဇော်နှင့် တစ်ဆိုင်ဆိုင်ထိုင်ပြီး ထွေးဇော်အား ပြန်လွှတ်လိုက်မည် ... ဟု စိတ်ကူးမိသည်။





"သိပ်များ စောနေမလား မသိ"

"ရတယ် မေမေ၊ ကိုထွေးနဲ့ တစ်ဆိုင်ဆိုင် ဝင်ထိုင်ကြဦးမှာ"

ထွေးဇော်ကတော့ ကုမ္ပဏီအထိ လိုက်ပို့ပေးရမည် ... ဟု မှတ်ယူနေမှာ သေချာသည်။

ထွေးဇော်ကို လမ်းပြလို့ လုံးဝမဖြစ်ပေ။

* * *

"အန်တီဝတ်ရည်ကျော်က နင့်ကို အရမ်းဂရုစိုက်တယ်နော်၊ မသိတဲ့သူတွေဆိုရင် သမီးအရင်းလို့ ထင်ကြမှာပဲ"

ထွေးဇော် ပြောသလိုပင် သူမဘဝသည် မေမေ့လက်ထဲသို့သာ ရောက်မလာပါက ဒီအခြေအနေတွေနှင့် ကြုံတွေ့ရမည် မထင်။ မိဘမဲ့သော သူမကို မေမေ မွေးစားခဲ့သည်။ သမီးလေး အရင်းပမာ စောင့်ရှောက်ရင်း မေမေ တစ်ကိုယ်တည်း နေခဲ့သည်။ အခုအချိန်အထိ မေမေ့ အပျိုကြီးဖြစ်နေခြင်းမှာ သူမနှင့် အများကြီး သက်ဆိုင်နေ၏။

www.burmeseclassic.com



“မေမေ့ဘဝထဲကို ငါ ရောက်လာလို့ မေမေက သူ့ချစ်သူနဲ့ ကွဲသွားခဲ့တာ၊ အများအမြင်မှာလည်း ရှင်းမရ လင်းမရတဲ့ ပြဿနာတွေလည်း ဖြစ်ခဲ့ရတာ၊ ဒီအကြောင်းတွေ တွေးလိုက်တိုင်း ငါ့မိဘ အရင်းအချာဟာ မေမေပဲလို့ အမြဲမှတ်ယူထားတယ် ကိုထွေး”

“နင်က ကုသိုလ်ကောင်းတဲ့သူပါဟာ၊ မေတ္တာစိတ်ရှိတဲ့ မိခင်ရဲ့ ရင်ခွင်ထဲမှာ နေရတယ်၊ ပြီးတော့ နင့်အနွံအတာကို အမြဲတမ်း ခံနေတဲ့ သူငယ်ချင်းတစ်ယောက်လည်း အနားမှာ ရှိနေတယ် မဟုတ်လား”

ထွေးဇော်ကတော့ သူ့ကိုယ်သူ သိဒ္ဓိတွေ တင်နေပြန်၏။

“အနွံအတာ ခံလက်စနဲ့ ဒီကနေပဲ နင်ပြန်တော့၊ ကုမ္ပဏီအထိ နင် လိုက်မပို့နဲ့တော့ ထွေးဇော်၊ မေမေ့ကိုတော့ ကုမ္ပဏီအထိ လိုက်ပို့ပေးခဲ့တယ်လို့ ပြောပေါ့”

“ဘာဖြစ်လို့လဲ ... နင် ဘာနဲ့ သွားမှာလဲ၊ ပြန်တော့လည်း ဘာနဲ့ ပြန်မှာလဲ ခင်မိုးဦး”

ပြန်ဖို့ကိစ္စကိုပင် ထွေးဇော် ပြောတော့၏။ မေမေ တစ်ယောက်ကတော့ သူမအတွက် အလုပ်အပို့အကြိုကို ထွေးဇော်အား တာဝန်ပေးထားပြီ ထင်၏။

“ကုမ္ပဏီရုံးခန်းရှိတဲ့ နေရာက လိုင်းကားစီးသွားလို့ နေတာပဲ၊ ပြန်ရင်လည်း လိုင်းကားနဲ့ပဲပေါ့ဟာ၊ ဒီနေ့ကစပြီး ငါက သူများလက်အောက်ခံ ဝန်ထမ်းဘဝ ရောက်သွားရပြီ၊ ကိုယ်ပိုင်ကားနဲ့ အလုပ်သွား အလုပ်ပြန်လုပ်ဖို့ မသင့်တော်ဘူးလေ၊ မေမေက အကြိုအပို့ လုပ်ခိုင်းထားလို့လား ထွေးဇော်”

“အန်တီက အဲဒီတာဝန် ပေးထားတယ် ခင်မိုးဦး”

“ကဲပါဟာ ... နင်ပဲ မေမေ့ကို ကြည့်ကောင်းအောင် ပြောပြလိုက်ပေါ့၊ အကြိုအပို့တာဝန်ကို နင် မယူနဲ့တော့ ဟုတ်ပြီလား ကိုထွေး”

“နင် စိတ်ချမ်းသာဖို့ဆိုရင် ငါ ခေါင်းညိတ်ရတော့မှာပေါ့၊ တစ်ခုတော့ ရှိပါတယ်၊ နင် ထားမယ့် ဘဝမှာ ငါ နေမယ့်သူပါ၊ ဘယ်ဘဝရောက်ရောက် ဘယ်အခြေအနေရောက်ရောက် ငါ အမြဲချစ်နေမယ် ဆိုတာကိုတော့ နင် သိထားနော်”

“အေးပါ ကိုထွေးရယ်၊ နင့်စကားတွေကို ငါ အမှတ်







www.burmeseclassic.com

www.burmeseclassic.com



ရနေပါပြီ၊ နင် ဘာဖြစ်ချင်လဲ ဆိုတာကိုလည်း ငါ ခေါင်းထဲ ထည့်ထားပေးပါ့မယ်၊ သူ့အချိန်အခါ ရောက်လာရင်တော့ နင်က မဖြစ်ချင်တောင် သူ့အလိုလို ဖြစ်လာမှာပါ၊ ငါ့စကားကို နားထောင်ပေးတဲ့ အတွက် နင့်ကို ကျေးဇူးတင်တယ် ကိုထွေး"

ထွေးခော် ကျေနပ်အောင်တော့ ပြောလိုက်ရသေးသည်။

လွယ်လွယ်ကူကူနှင့် ပြောလို့ဆိုလို့ ရပြန်တော့ ထွေးခော်က သနားဖို့ ကောင်းနေပြန်သေး၏။



# ၄

ထွေးခော်ကို ပြန်လွှတ်လိုက်ပြီးမှ ကားမှတ်တိုင်ရှိရာသို့ တစ်ယောက်တည်း လျှောက်လာဖြစ်သည်။ ထိုးဆိုက်လာသော ကားတွေက အတော်လေး ကျပ်နေ၏။ အချိန်ကလည်း နီးနေပြီဆိုတော့ ကြာကြာစောင့်လို့ မဖြစ်ပေ။

မှတ်တိုင်ရှေ့သို့ ကျော်လျှောက်ပြီးမှ အငှားကားဖြင့် သွားမည် ဟု ဆုံးဖြတ်လိုက်သည်။

ကားတားဖို့ ကြိုးစားနေဆဲမှာပင် သူမ ရှေ့သို့ ကား တစ်စီး ထိုးဆိုက်လာသည်။ ကားနောက်ခန်းမှ ကောင်မလေး က သူမကို လှမ်းခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ ကုမ္ပဏီသွားမှာ မဟုတ်လား ... တက်လေ"

သေချာကြည့်မှ သူ အလုပ်ဝင်မည့် ကုမ္ပဏီဝန်ထမ်း ကောင်မလေးတစ်ယောက် ဖြစ်နေ၏။

ကုမ္ပဏီသို့ တစ်ခါ နှစ်ခါ သွားရင်းက မျက်မှန်းတမ်း မိနေသူလေး ဖြစ်၏။

ထမ်းကြိုနေသည်မို့ ငြင်းဖို့ မကြိုးစားဘဲ သူမ တက် လိုက်သည်။

"မမနဲ့ မိတ်ဆက်ပေးရဦးမယ်"

မီးပွိုင့်မိစဉ်မှာပင် ကောင်မလေးက စကားစပ်လာ၏။ ကားပေါ်မှာတော့ ကားမောင်းသူနှင့် သုံးဦးသာပါ၏။ ကောင်မလေးပြောမှ ကားမောင်းသူကို သူမ သတိထားကြည့်ဖြစ်၏။ ဝတ်စားဆင်ယင်မှုနှင့် အနေအထိုင်ကို ကြည့်ခြင်းအားဖြင့် ကုမ္ပဏီနှင့် ပတ်သက်သူ ... ဟု တွေးထင်လိုက်၏။

"ဦးရေ ... ဒါက မူယာတို့ ကုမ္ပဏီကို အလုပ်စဝင် မယ့် မမခင်မိုးဦးလေ၊ မမ ဦးက မူယာရဲ့ ဦးလေးဝမ်းကွဲ မမ အလုပ်လျှောက်တုန်းက ဦးက မလေးရှားမှာ ခဏသွား





နေတာလေ၊ မနေ့ကပဲ ပြန်ရောက်တာ၊ မူယာတို့ ကုမ္ပဏီရဲ့ မန်နေဂျာပေါ့"

မူယာကတော့ မန်နေဂျာဆိုသူနှင့် မိတ်ဆက်ပေးပြီ။ သူမ ကားကြုံစီးလာသောကားမှာ ကုမ္ပဏီမန်နေဂျာကား ဖြစ်နေ၏။ မူယာက မိတ်ဆက်ပေးသော်လည်း မန်နေဂျာ၏ အမည်နာမကိုတော့ ဘာကြောင့် ချန်လှပ်ထားသည် မသိပေ။

ကားမောင်းသူ မကြားသာလောက်အောင် လေသံဖြင့် မေးလိုက်မိသည်။

"မူယာ ပြောတဲ့အထဲမှာ နာမည် မပါဘူး"

သူမ အမေးကို ကားမောင်းသူ သဲကွဲစွာ ကြားမည် မဟုတ်သော်လည်း မူယာ ပြန်ဖြေသည့် စကားသံကိုတော့ သဲသဲကွဲကွဲ ကြားမှာ သေချာ၏။

"ဟုတ်ပါရဲ့ ... ဦးနာမည်က ဦးသက်ထူးတဲ့ မမ"

ဦးသက်ထူး တစ်ယောက် မူယာ့ စကားကြောင့် သူမကို ရည်ရွယ်ပြီး ပြော၏။

"အဲဒါသာကြည့်တော့ ... မင်းလည်း မူယာရဲ့အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်း ဖြစ်ရတာ သတိသာထား၊ မူယာက မေ့မေ့လျော့လျော့ နိုင်တတ်တယ်"

"ဟုတ်ကဲ့ရှင့်"

ဘာပြောရမှန်းမသိ ဖြစ်သွားပြီး ယောင်ကာ ထွက်သွားမိ၏။ မူယာကတော့ ဘာမှမဖြစ်လို ခပ်အေးအေးနေ၏။

မူယာနှင့် ခင်မင်ရတာ တစ်မျိုးတော့ ကံကောင်းသည်။ ဦးသက်ထူးကတော့ တည်တည်တံ့တံ့ နိုင်သလောက် မူယာက သွက်လက်နေသည်။

ထွေးဇော်ကို လိုက်မပို့နိုင်းဖြစ်တာ မှန်သွားသည် ... ဟု တွေးနေမိပြန်သည်။

* * *

ကုမ္ပဏီရောက်ပြန်တော့ သူများတွေနှင့် ရောနေပြီး မနေရပြန်။ မူယာနှင့်အတူ ဦးသက်ထူး အခန်းထဲကို ဝင်လိုက်သွားရသည်။





ဦးသက်ထူး နေသော အခန်းလေးက သီးသန့်ခန်း ဖြစ်၏။

ထိုအခန်းလေးရှေ့တွင် စားပွဲနှစ်လုံး ချထားသည်ကို တွေ့၏။ တစ်ခန်းတည်းမှာ ဖြစ်သော်လည်း သတ်သတ်စီ ဖြစ်နေပြန်၏။ ဦးသက်ထူးကတော့ သူ့အခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

"မမ ... ထိုင်လေ"

သူ့ကို အင်တာဗျူးလုပ်သော သူများ၏ အမိန့်ကို နာခံရမည်လား။ ဦးသက်ထူး၏ နေရာချထားမှုကို စောင့်ဆိုင်းရမည်လား မဝေခွဲတတ်။ လောလောဆယ်မှာတော့ မူယာပြောသည့်အတိုင်းသာ ဝင်ထိုင်နေလိုက်သည်။

ခဏကြာတော့ သူမတို့နှစ်ယောက်ကို ဦးသက်ထူး လှမ်းခေါ်၏။ ဒီအခါကျမှ စိုးရိမ်သော လေသံဖြင့် မူယာ ပြောသည်။

"ဒုက္ခပါပဲ ... မမကို တခြားနေရာ ပို့မလို့လား မသိဘူး၊ ဦးက လူတစ်မျိုး မမရဲ့၊ မူယာနဲ့အတူ နေဖြစ်အောင် ပြောတော့ ပြောကြည့်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မမေ ပေးလိုက်သော ဆုကပင် ပြည့်နေပြီလား။ မှုယာကတော့ မြင်မြင်ချင်းမှာပင် သူမကို ခင်နေပြန်သည်။

မှုယာ့ စကားကိုချည်းပဲ နာခံနေလို့ မဖြစ်။ အထိုက် အလိုက် မီးစင်ကြည့်ကဖို့ တွေးထားလိုက်သည်။

"ကဲ ... ခဏထိုင်ကြဦး"

ဦးသက်ထူး စားပွဲရှေ့မှာ ထိုင်လိုက်ကြသည်။

မှုယာကတော့ ဦးသက်ထူး ပြောမည့် စကားအတွက် စိတ်စောနေ၏။ သူမအတွက်တော့ ဦးသက်ဦး၏ စကားကို နာခံရန် အသင့်ရှိနေသည်။

"ခင်မိုးဦးက မှုယာနဲ့ပဲ တွဲနေလိုက်ပေါ့၊ အလုပ်နဲ့ ပတ်သက်ပြီး မှုယာက နည်းနည်းပေါ့တတ်တာ၊ မှုယာကို လည်း ခင်မိုးဦးကပဲ ကြည့်ထိန်းပေးပါဦး၊ မှုယာ့ မိဘတွေက အရမ်း အလိုလိုက်လွန်းလို့ ဒီလိုဖြစ်နေတာ၊ မှုယာကလည်း ကိုယ်သိထားတာတွေကို ခင်မိုးဦး နားလည်အောင် ပြောပြ ထားဦး၊ ခင်မိုးဦး တစ်ယောက်တည်းကိုပဲ အလုပ်တွေ လုပ် နိုင်းပြီး ချောင်ခိုမနေနဲ့ဦး"





"ဝမ်းသာလိုက်တာ ဦးရယ်၊ သမီးက မမကို တခြား ဆက်ရှင်ပို့မှာ စိုးရိမ်နေတာ၊ အခုတော့ သမီး ဆုတောင်းပြည့် သွားပြီ"

ဦးသက်ထူးကတော့ စကားကို အပိုသိပ်မပြောပေ။ ပြောစရာ ကုန်သွားသည်နှင့် နေရာမှ ပြန်ထွက်ခဲ့ရသည်။

မှုယာကတော့ အလွန်ဆုံးရှိမှ ဆယ့်ခြောက်၊ ဆယ့်ခုနစ် ပဲ ရှိဦးမည်။

* * *

"ဦးက စည်းကမ်းကြီးတယ်၊ အလုပ်လုပ်တဲ့ နေရာမှာ လည်း တိကျတယ်၊ ဒီကုမ္ပဏီက သမီးတို့ ဆွေမျိုးတွေစုပြီး လုပ်ကြတာလေ၊ ဦးကိုပဲ အားလုံးသော ညီအစ်ကို မောင်နှမ တွေက ယုံယုံကြည်ကြည်နဲ့ အပ်နှံထားကြတာ"

"မှုယာတို့ဦးက လူချောပဲနော်"

"အသက်လေးဆယ် ပြည့်ခါနီးပြီး မမရဲ့၊ သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းဂရုစိုက်တာပဲ၊ ဒါကြောင့် ဒီလိုခန့်ပြီး အရွယ်တင်နေတာ၊ သူ့မှာက အပူအပင် မရှိဘူးလေ၊ တစ်ကိုယ်တည်းသမား မမရဲ့"

"ဒါဆို လူပျိုကြီးပေါ့ ဟုတ်လား"

"ဒါပေါ့ ... ဒါပေမယ့် မမရယ် မိန်းကလေးတွေကို လုံးဝ စိတ်မဝင်စားဘူး၊ သူနဲ့ နီးနီးကပ်ကပ်မှာတောင် သူ့စိမ်း မိန်းကလေးထားတာ မဟုတ်ဘူး၊ သမီးတစ်ယောက်တည်းကိုပဲ ခေါ်ထားတာ၊ အခု မမကို ဘာစိတ်ကူး ပေါက်ပြီး ခေါ်ထားတာလဲ မသိဘူး၊ မူယာနဲ့ တွဲထားပေးဖို့ မနည်းပြောယူရမယ်လို့ အောက်မေ့နေတာ မမရဲ့၊ ဦး မိန်းမ တွေနဲ့ ခပ်ဖယ်ဖယ်နေဖြစ်တာက ဦးအပေါ် သစ္စာမဲ့သွားတဲ့ မိန်းမ တစ်ဦးကြောင့်တဲ့ မမ"

မူယာ့ စကားကို နားထောင်နေရင်း ဦးသက်ထူး အကြောင်းက သူမအဖို့ စိတ်ဝင်စားစရာ ဖြစ်လာခဲ့သည်။ ဦးသက်ထူးနှင့် သေသေချာချာ စကားမပြောဖြစ်သေးပေ။ ဦးသက်ထူးကို အခေါ်အပြောလုပ်ဖို့ မူယာအား တောက်ကြည့်လိုက်၏။





"နေဦး မူယာ ... ကျန်တဲ့ ဝန်ထမ်းတွေက ဦးသက်ထူး ကို ဘယ်လိုခေါ်ကြလဲ"

"ဦးလို့ခေါ်တဲ့လူတွေလည်း ရှိတယ်၊ ဆရာလို့ ခေါ်တဲ့ လူတွေလည်း ရှိတယ်"

"မမ အနေနဲ့ ဘယ်လိုခေါ်ရရင် ကောင်းမလဲ မူယာ"

"သမီး ခေါ်သလို ဦးလို့ပဲ ခေါ်ပေါ့"

မူယာ ပေးသော အကြံဉာဏ်မှာ ကောင်းသည် ... ဟု တွေးလိုက်၏။

မူယာ ရှေ့မှာပင် ဦး ... ဟု တိုးတိုးလေး ခေါ်ကြည့်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# ၃

ညနေ အလုပ်ဆင်းတော့ ဦးသက်ထူးက အစည်းအဝေးရှိနေ၍ ကုမ္ပဏီမှာ ကျန်နေရစ်ခဲ့၏။ သူမနှင့် မူယာတို့သာ အတူတူ အိမ်ပြန်ဖြစ်သည်။

"မူယာက နေ့တိုင်း ဦးသက်ထူးနဲ့ လာနေပြန်နေကျလား"

"မဟုတ်ဘူး မမရဲ့၊ ဒီနံနက် အိမ်ကို မလေးက စစ္စည်း လက်ဆောင်တွေ လာပို့ရင်းက ကြုံလို့ လိုက်လာခဲ့တာ"

ကားဂိတ်မှာ ကားစောင့်ရင်း စပ်စုကြည့်မိသည်။ မူယာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဦးလေးကို ချစ်လည်း ချစ်သလို၊ ကြောက်လည်း ကြောက်ပုံရသည်။

"မူယာတို့ ဦးကို မိန်းမပေးစားဖို့ ကောင်းတယ်"

"သူကိုယ်တိုင်ယူမှ ဖြစ်မှာ မမရဲ့၊ တစ်ခါနာဖူးတဲ့ အသည်းက အမှတ်ရှိနေပြီတာလေ၊ ဒီဘဝမှာတော့ ဒီလိုနဲ့ ပြီးသွားလိမ့်မယ် ထင်တာပဲ"

"ဒီလိုလည်း ပြောလို့ မရသေးဘူးလေ မူယာရဲ့ လေးဆယ်ကျော်မှ ဘဝအသစ် ဖြစ်စကြတယ်လို့ ပြောကြတာ မဟုတ်လား"

"ဘာလဲ မမက ဦးကို စိတ်ဝင်စားနေတာလား၊ မမချွတ်ရင်တော့ လူပျိုကြီးဘဝကနေ ကျွတ်မှာ သေချာတယ်၊ မမရဲ့ ရုပ်ရည်နဲ့ဖြစ်တော့ ဖြစ်လောက်တယ် မမရဲ့"

"ပေါက်ကရတွေ မပြောပါနဲ့ မူယာရယ်၊ တော်ကြာ သူကြားသွားလို့ မမကို အလုပ်တန်းဖြုတ်နေပါဦးမယ်"

အပြောင်အနောက်စကား ဆိုသော်လည်း ဘာကြောင့် ရယ်မသိ။ ရင်ထဲမှာ လှုပ်ခတ်သွားရသည်။





ဦးသက်ထူး၏ ပုံရိပ်များကတော့ အတွေးမှာ အလိုလို မြင်နေရပြန်သည်။ မူယာနှင့် လမ်းခွဲပြီး ကားပေါ်ရောက်သည် အထိ ဦးသက်ထူးနှင့် ပတ်သက်သည်များကို စဉ်းစားနေဖြစ် ပြန်၏။

* * *

သူမ အိမ်ပြန်ရောက်သည်နှင့် မေမေနှင့် ထွေးဇော်တို့ စောင့်နေကြသည်ကို တွေ့သည်။ မေမေကတော့ သူမကို ခရီးဦးကြိုပြုရင်း သတင်းမေး၏။ ထွေးဇော်ကတော့ သူမ လှုပ်ရှားမှုများကို ငေးမောကြည့်နေ၏။

"သမီးလေး အရမ်းပင်ပန်းလာလား ... ဟင်"

"မပင်ပန်းပါဘူး မေမေရဲ့"

"အလုပ်ထဲမှာရော အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် မေမေ၊ သူတို့တွေက မိသားစုပိုင် ကုမ္ပဏီလေ၊ အဲဒီအထဲက မူယာ ဆိုတဲ့ ကောင်မလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် အရမ်းခင်သွားကြတာ၊ သူ့ဦးလေးက မန်နေဂျာလေ၊ မှယာနဲ့ တစ်စားပွဲတည်း ထိုင်ရတာ မေမေ”

ဦးသက်ထူး၏ ယောက်ျားပီသသော အနေအထိုင်၊ အပြောအဆိုတွေ အကြောင်းနှင့် လူပျိုကြီးဖြစ်ကြောင်းကိုတော့ ချန်လှပ်ထားခဲ့သည်။ ဒီလို ထိန်ချန်ထားရတာကလည်း ထွေးဇော်ကြောင့်ပင် ဖြစ်၏။

“ဒါဆိုရင် ဒီကုမ္ပဏီမှာ တကယ် လုပ်ဖြစ်သွားပြီပေါ့”

“ဘာလဲ ကိုထွေး ... အခုအချိန်အထိ ငါ အလုပ်လုပ်ဖြစ်တယ် ဆိုတာကို နင်က မဖြစ်ဘူးလို့ ထင်နေတာလား”

“ဟုတ်တယ် သမီးရေ ... သမီး မလာခင် ဒီအကြောင်းတွေ မေမေတို့ ပြောဖြစ်ကြတယ်၊ သမီးလေးက အိမ်မှာ အလိုလိုက်ထားတာရယ်၊ နွဲ့ဆိုး၊ ဆိုးတတ်တာတွေကြောင့် သူများနဲ့ ဖြစ်မှာမဟုတ်ဘူးလို့ ကိုထွေးက ထင်နေတာ”

“အဲဒီအထဲမှာ မေမေပါ ပါတယ်မဟုတ်လား၊ မေမေတို့ နှစ်ယောက်က ဒီလောက်ဖြစ်နေကြတော့ တကယ်တမ်း အဆင်မပြေ ဖြစ်ရင်တောင် သည်းခံပြီး ဆက်လုပ်ပြရမှာ”





တမင်ရွဲ့ပြီး ပြောပစ်လိုက်သည်။

ထွေးဇော်ကတော့ ပျာပျာသလဲပင် ငြင်းချက်ထုတ်တော့သည်။

“အဲဒီလို စိတ်မျိုးနဲ့တော့ မလုပ်ပါနဲ့ ခင်မိုးဦးရာ၊ ဒီအလုပ်မကောင်းရင် မလုပ်ချင်ရင် ဒီထက်ကောင်းတဲ့အလုပ်ကို ငါတို့က ရှာပေးရမှာပေါ့”

“တော်ပါပြီနော် ... နင်နဲ့ မေမေတို့ ရှာပေးတဲ့ အလုပ်ကို ငါစောင့်နေရရင် ဒီတစ်သက် ငါ အလုပ်လုပ်ဖြစ်မှာမဟုတ်တော့ဘူး၊ အခု အလုပ်ကိုတောင် ငါဘာသာငါရှာလို့ ဒီလောက်မြန်မြန် လုပ်ဖြစ်တာ”

ကဲ ... သမီး ခဏနားပြီး ရေမိုးချိုးလိုက်၊ ထမင်းစားရအောင်၊ ကိုထွေးကလည်း အတူတူ ထမင်းစားပြီးမှ ပြန်ရမယ်နော်”

မေမေ ပြောလိုက်ခါမှပင် ဗိုက်ထဲမှာ ပိုဆာလာသည်။ ရေမိုးချိုးဖို့ကိစ္စကိုတော့ မြန်မြန်လေးလုပ်မှ ဖြစ်ပေလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းသို့ သူမ ရောက်တော့ အားလုံးအသင့်ပြင်ဆင်ပြီးနေပြီ။ သကြန်ရောက်ဖို့ တစ်လလောက် လိုသေးသော်လည်း မေမေကတော့ သကြန်သီချင်းတွေ ဖွင့်ထားပြန်၏။ သကြန်ကိုချစ်သော မေမေ တစ်ယောက်ကတော့ တစ်လအလိုလောက်ကတည်းက သကြန်ကျချင်စိတ် အမြဲပြင်းပြနေခဲ့သည်။

"ကိုထွေး စားကောင်းရဲ့လား"

"ကောင်းပါတယ်"

"နေပါဦး မေမေ ... ဒီနှစ်သကြန်ကိုတော့ သမီးတို့အလုပ်က ဖိတ်သင့်တဲ့လူတွေကို ဖိတ်မယ်နော်"

"ဖိတ်ရမှာပေါ့ သမီးရဲ့ ... သကြန်အတွက် မေမေက အားလုံး စီစဉ်တောင် ပြီးနေပြီ"

"မိုးသားတွေ ညို့တက်လာသလိုပဲနော်၊ မိုးရွာချင်နေပြီထင်တယ်"

"ဒီည မိုးရွာရင်တော့ နံနက်ကျရင် ခြံထဲက ပိတောက်တချို့ပွင့်မှာ သေချာတယ်"

စောစောက အပူငွေ့တွေ မပြယ်ချင်သေးသော်လည်း မိုးရိပ် လေရိပ်ကြောင့် နည်းနည်းတော့ အေးချမ်းသွား၏။





မေမေ ပြောသလို နံနက်ကျရင် ပိတောက်တွေ ပွင့်ရင်တော့ အရမ်းကောင်းမည်။

ကုမ္ပဏီသို့ ပိတောက်ပန်းတွေ ယူသွားပြီး ဦးသက်ထူး စားပွဲပေါ်မှ ပန်းအိုးထဲမှာ ထိုးစိုက်ပေးထားမည် ... ဟု ်တ်ကူးပေါ်သွား၏။

"မေမေ ... နံနက်ပိတောက်ပွင့်ရင် သမီး ယူသွားဖို့ ချန်ထားပေးဦးနော်"


သူမ စကားကြောင့်ပင် ထွေးဇော် ငဲ့ကြည့်၏။ ထွေးဇော်ကတော့ အမြဲလိုလိုပင် သူမကို အရိပ်တကြည့်ကြည့် ဖြစ်နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

သည်။





# ၆

မောမောနှင့် အိပ်ရာဝင်လိုက်မိသည်။ ညဘက် မိုးရွာတာကိုပင် မသိလိုက်တော့ပေ။

အိပ်မက်ထဲမှာတော့ မိုးတွေရွာပြီး ပိတောက်တွေပွင့်တာ မြင်မက်မိသည်။

ပိတောက်တွေ တစ်ပွေ့တစ်ပိုက်နှင့် ဦးသက်ထွန်းကိုတွေ့သည်။ သူမကို ... ချစ်တယ် ... ဟု နှစ်ကိုယ်ကြားရုံပြောပြီး ပိတောက်တွေ ပန်ပေးလေ၏။

သူမ ရင်တွေ မတုန်လှုပ်စဖူး တုန်လှုပ်ပြီး၊ ကျေနပ်ခြင်းတွေ ဖြစ်နေရသည်လေ ...။



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးလင်းသည်အထိ အိပ်မက်ကြောင့်ပင် ရင်ခုန်မှု မပြေချင်သေးပေ။

အိပ်ရာထပြီး ခန်းဆီးလှစ်ကြည့်လိုက်တော့ ကြိုကြား ပွင့်နေသော ပိတောက်တို့ကို အလုပ်သမားတွေနှင့် မေမေ ခူးနေသည်ကို တွေ့သည်။

အလုပ်သွားခါနီးမှာတော့ သူမ ယူသွားဖို့ ပိတောက် ပန်းတွေကို မေမေက အသင့်ပြင်ထားပေး၏။

"သမီးကို မေးရဦးမယ်"

"ဘာများလဲ မေမေ"

"အကြိုအပို့ ကိစ္စကို သမီးက ခါးခါးသီးသီး ငြင်းတယ် ဆို"

"ဟုတ်တယ် မေမေ ... ကိုယ်က သူများကုမ္ပဏီမှာ ဝန်ထမ်းလုပ်ရတာလေ၊ အသွားအပြန် အပို့အကြိုနဲ့ဆိုတော့ မကောင်းဘူး၊ သမီး လိုင်းကားစီးတတ်ပါတယ်၊ ဒါမှ လူတွေ အကြောင်းကို သိရတာပေါ့ ... မဟုတ်ဘူးလား မေမေရာ"

"သမီးကတော့ လုပ်လိုက်ရင် အထူးအဆန်းတွေချည်း





ပဲ၊ အေးလေ ... သမီးသဘောပါပဲ၊ ကိုထွေးလေးကိုတော့ ပစ်ပစ်ခါခါ မဆက်ဆံပါနဲ့ကွယ်၊ သူက သမီးအပေါ်မှာ အရမ်းအနွံအတာခံပြီး၊ အရမ်း သံယောဇဉ်ရှိတဲ့ ကလေးပါ ကွယ်"

"ကိုထွေးက အရာရာမှာ အကဲပိုလွန်းပါတယ်၊ သူက ဂရုစိုက်လွန်းနေတော့ သမီးတောင် မနေတတ်ဘူး"

"သူက သမီးကို အရမ်းချစ်တာကိုး"

မေမေ့ စကားတွေက နယ်ကျွံထွက်လာသည်။

ထွေးဖော်၏ စိတ်နေစိတ်ထားတို့ကို အပြင်လူတွေက တောင် အကဲခတ်တတ်နေပြီပဲ။

သူမကိုယ်တိုင်ကတော့ ထွေးဖော်၏ မေတ္တာတရားကို သိသော်လည်း ရင်မခုန်မိပြန်။

မဆီမဆိုင် အခုမှ မြင်တွေ့ရသော ယောကျ်ားတစ်ဦး နှင့်ကျတော့ ရင်တွေဘာတွေ ခုန်ချင်နေ၏။

ဒါတောင် အပြင်လက်တွေ့မှာ ဦးသက်ထူးက အနေ ဘည်၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ယောက်၏ စိတ်တို့သည် အိပ်မက်၏ ဖြားယောင်းမှုကြောင့် ကယောင်ချောက်ချား ဖြစ်တတ်ပါသည် လားလေ ...။

* * *

ပိတောက်တွေကို ထိပါးမည်စိုးသောကြောင့် ကားငှား ပြီး ထွက်လာဖြစ်သည်။

ကုမ္ပဏီရောက်တော့ အတော်လေး စောနေသေး၏။ သူမမှာ အစီအစဉ်တွေ ရှိသည်။ ဦးသက်ထူး ရောက်မလာ ခင် အခန်းကို ရှင်းလင်းပြီး ပိတောက်တွေကို ပန်းအိုးမှာ ထိုးထားပေးမည်။

ဦးသက်ထူး အခန်းထဲ ဝင်လိုက်သည်နှင့် ပိတောက် ရနံ့သင်းသင်းကြောင့် တအံ့တသြ ဖြစ်သွားပြီး စိတ်ရွှင်လန်း သွားစေရန် သူမမှာ အကြံရှိနေသည်၊

ပိတောက်ခက်ကိုကိုင်ရင်း အဆောက်အအုံထဲကို ဝင်





လိုက်သည်။ သူမထက် အရင်ရောက်နေကြသော ဝန်ထမ်း အချို့က သူမ လမ်းလျှောက်သည်ကို ဂရုတစိုက်နှင့် လိုက်ကြည့် နေကြသည်။

ပထမတော့ တစ်ခုခု မှားယွင်းနေသလား ... ဟု စိတ်ထင့်သေးသည်။ ခြေလှမ်းတွေ များလာတော့ ဘာကိုမှ ဂရုမထားတော့ဘဲ စားပွဲရှိရာသို့ ရဲရဲလှမ်းမိတော့၏။

ပိတောက်ပန်းတွေ ထိုးပေးပြီ စားပွဲဆီ ပြန်ရောက်ချိန် မှာတော့ မူယာ ရောက်လာသည်။

ချန်ထားမိသော ပိတောက်တစ်ခက်ကို တွေ့သွားပြီး မူယာ မြူးတူးသွားသည်။

“ရှားရှားပါးပါ ပိတောက်ပါလား၊ မမ ဝယ်လာတာ လားဟင်”

“မဟုတ်ဘူး မူယာရဲ့၊ မမတို့အပင်က ပွင့်တာ၊ မမ အမေက ပိတောက်ကို အရမ်းကြိုက်တာ၊ သင်္ကြန်ကိုလည်း ချစ်တတ်တယ်၊ ဒီပိတောက်တွေ ပွင့်အောင် အမြဲယုယခဲ့ တာ၊ မိုးကရွာနှင့်တော့ ဖူးနေတဲ့ ပိတောက်တွေက ပွင့်တော့ တာပေါ့ကွယ်”



www.burmeseclassic.com

www.burmeseclassic.com



သူမ ယူလာခဲ့သော ပိတောက်နှင့် ပတ်သက်ပြီး မှုယာအား စိတ်ဝင်စားအောင် ရှင်းပြဖြစ်၏။

ဒီနှစ် သင်္ကြန်ကိုလည်း မှုယာအား ကြိုဖိတ်ဖို့ စိတ်ကူးလိုက်၏။

"လုပ်ပါဦး မမ ... မမလို လှအောင် ပန်ပေးပါဦး"

"ပန်ပေးမယ် မှုယာ၊ ပိတောက်ဦးဆိုတာ ဘုရားစင်မှာ ရှိသင့်သလို ဧည့်ခန်းမှာလည်း ရှိသင့်တယ်၊ မိန်းမပြတ်တစ်ယောက်ရဲ့ ကေသာထက်မှာလည်း ရှိနေသင့်တယ်၊ ဒီနှစ် သင်္ကြန် မမတို့ဆီ မှုယာ လာရမယ်နော်"

"ဆောရီးပဲ မမရယ် ... ဒီနှစ်သင်္ကြန်ကို အိမ်က မန္တလေးတက်မှာလေ၊ မှုယာလည်း မန်းသင်္ကြန် မကျဘူးသေးတော့ လိုက်သွားဖြစ်မှာ"

"ဦး ... တစ်ယောက်ရော ပါမှာလား"

"ဦးက သင်္ကြန်မလည်ဘူး မမရဲ့၊ သင်္ကြန်ကို မုန်းတဲ့ယောက်ျားတစ်ယောက်"

ဦးသက်ထူး အကြောင်း ပြောလက်စအား မှုယာ ရပ်





ပစ်လိုက်၏။ ဦးသက်ထူးက သူတို့ရှေ့မှ ဖြတ်လျှောက်ပြီး အခန်းထဲ ဝင်သွားသည်။

သင်္ကြန်မုန်းသော ဦးသက်ထူး အကြောင်းကို မမေးဖြစ်တော့ဘဲ ပိတောက်တွေမြင်ပြီး တအံ့တသြ ဖြစ်နေမည့် ဦးသက်ထူး၏ သဏ္ဌာန်ကို မြင်ယောင်နေမိပြန်သည်။

* * *

"မှုယာတို့ အမြန်လာကြစမ်း"

စိတ်ကူးလေးများသည် ဦးသက်ထူး၏ အော်သံကြောင့် လန့်ဖျပ်သွားရသည်။

မှုယာက သူမလက်ကို ဆွဲကိုင်ရင်းက နားမလည်သလိုဖြင့် မေး၏။

"ဦး ဘာဖြစ်တာလဲ မသိဘူး မမ၊ မြန်မြန်သွားကြရအောင်"

သူမနှင့် မှုယာတို့ အခန်းတွင်းသို့ အမြန်သွားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထူးက စားပွဲရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

ပိတောက်တို့သည် အိုးထဲမှာ ရှိမနေတော့။

ကြမ်းပြင်ထက်မှာ ကြဲပြန့်လို့နေ၏။

"ဦး ... ဘာဖြစ်တာလဲ"

မူယာ့ စကားကြောင့်ပင် ဦးသက်ထူး ဒေါသတို့ ပိုကြီးထွားခဲ့သည်လား မသိ။

"နေပါဦး မူယာ ... ငါ ပိတောက်ပန်း မကြိုက်ဘူး၊ ပိတောက်အနံ့ရတာနဲ့ ခေါင်းမူးတတ်တာကို နင် မသိဘူးလား၊ ဘာလို့ ငါ့အခန်းထဲမှာ ပိတောက်ပန်းတွေ လာထိုးပေးထား ရတာလဲ"

သကြိန်မုန်းသော ဦးသက်ထူး၏ အဖြစ်သနစ်သည် အခုမှပင် ရုပ်လုံးပေါ်သွားတော့၏။

သကြိန်မှာ ပိတောက်တို့ ပွင့်သည်။ ပိတောက်ပန်း အနံ့ကို မခံနိုင်ရှာသော ဦးသက်ထူး၏ သကြိန်မုန်းခြင်းမှာ သဘာဝကျသည်ပဲ။





မူယာကတော့ အတော်လေး ကြောက်နေပြီး သူမ မျက်နှာကိုကြည့်ပြီး စစ်ကူတောင်းနေ၏။

စေတနာအများမို့ ရိုးရိုးလေးပင် သူမ ရှင်းပြမိလိုက် သည်။

"ဒီပိတောက်တွေကို ဦးဖို့ဆိုပြီး တကူးတက ယူလာခဲ့ မိတာပါ၊ ဒီပန်းအိုးထဲကို ကျွန်မပဲ ထိုးထားပေးတာပါ၊ မူယာ လုံးဝမသိပါဘူး၊ ပိတောက်ပန်းကို ဦး ကြိုက်လိမ့်မယ် ထင်လို့ပါ"

သူမ စကားကိုတော့ သေချာ နားထောင်၏။

သက်ပြင်းချရင်းက ဦးသက်ထူး ပြောလိုက်သည်။

"သွားကြတော့ ... ဒီပိတောက်ပန်းတွေကိုပါ ယူသွား တော့"

ဦးသက်ထူး၏ စကားအဆုံးမှာပင် ပိတောက်တို့ကို သူမကိုယ်တိုင် ကောက်ယူလိုက်သည်။

လွှင့်ပစ်ခြင်း ခံရသော ပိတောက်တို့မှာတော့ အပွင့် အချို့ပင် ကြွေနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကြွေတစ်ပွင့် မကျန်ရလေအောင် ကုန်အောင် ကောက်ယူပြီး သူမတို့ ပြန်ထွက်ခဲ့ကြသည်။



# ၇

"စိတ်မကောင်း ဖြစ်သွားလား မမ၊ ဦး ပိတောက်မုန်းတာကို သမီးလည်း မေ့သွားတယ်၊ မမကတော့ စေတနာနဲ့ ဦးဦးဖျားဖျား ပိတောက်တွေကို ပန်းအိုးထဲ ထိုးပေးခဲ့တာပဲ"

စိတ်မကောင်းမိခြင်းမှာ ဦးသက်ထူး ဒေါသထွက်ခဲ့ခြင်းကြောင့် မဟုတ်။

သူမ စေတနာပိုခဲ့ခြင်းကြောင့် ဦးသက်ထူး အတွက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရခြင်းကိုပါပဲ။

"ဦးက မမကိုများ အလိုက်မသိတတ်သူလို့ ထင်သွားမလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ ထင်မယ် မထင်ဘူး၊ မှုယာသာ လုပ်ခဲ့ရင်တော့ မိုးမီးလောင်မှာ၊ မမလုပ်တာဆိုတော့ ဦးက ခွင့်လွှတ်မှာပါ"

သူမတို့နှစ်ယောက် စကားပြောနေစဉ်မှာပင် ဦးသက်ထူး၏ အရိပ်ကို တွေ့လိုက်ရသည်။ ဦးသက်ထူးက မှုယာ့ကို လက်ယပ်လှမ်းခေါ်၏။

"သမီးကို ခေါ်နေတာ မမ၊ မမ ကျန်ခဲ့ဦးနော်၊ စောစောက ဖြစ်ခဲ့တဲ့ ကိစ္စအတွက် ဦး ဘာပြောချင်လို့လဲ မသိဘူး"

မှုယာကတော့ သူမကို နှစ်သိမ့်ပြီး ထွက်သွားလေ၏။

မှုယာတို့ တူဝရီးပြောသည့် စကားကို သူမ ... သိချင်နေမိသည်။

သူမ အနေဖြင့် မဆင်မခြင် ပြုလိုက်မိသော ကိစ္စအတွက် ဦးသက်ထူး ဘက်က ဘာတွေများ တုံ့ပြန်လာမည်ကိုလည်း သိချင်နေသည်။





မှုယာ ပြန်ထွက်လာမည့် အချိန်ကို စောင့်ဆိုင်းရသည်မှာ တစ်ကမ္ဘာမျှ ကြာသည် ... ဟု စိတ်မှာ ထင်မိသည်။

ဆယ်မိနစ်ခန့် အကြာလောက်မှာ မှုယာ တစ်ယောက် ပြန်ထွက်လာ၏။

ဦးစွာပထမ မှုယာ့ မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ စိုးရိမ်ခြင်းတွေကိုတော့ သူမ ရှာမတွေ့ခဲ့ပေ။

"ဘယ်လိုလဲ မှုယာ ... ဦးက ဘာတွေပြောလိုက်လဲ"

"မမကို တွေ့ချင်လို့တဲ့၊ မမ ခဏ သွားလိုက်ပါ"

"တွေ့လို့ ဖြစ်ပါ့မလား မှုယာရယ်၊ ဦး တို့ကို စိတ်ချနေတာ မဟုတ်လား"

"ရတ်တရက်ကြီး ခေါ်သကြီးသွားမိလို့ မမ စိတ်မအောင်းဖြစ်မှာကို ဦးက စိုးရိမ်နေတာ၊ သွားတွေ့လိုက်ပါဦးရယ်၊ ကြားထဲကနေပြီး မှုယာ အာမခံပါတယ်"

မှုယာကတော့ ဦးသက်ထူးနှင့် သွားတွေ့ဖို့ကို တိုက်တွန်းနေ၏။

အခုအခြေအနေ ရောက်ခဲ့ပြီးမှတော့ သွားတွေ့ဖို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်လိုက်ရသည်။ ဒီအဖြစ်အပျက်တွေကိုသာ မေမေတို့၊ ဖော်ထွေးတို့သာ သိသွားရင်တော့ ချက်ချင်း အလုပ်ထွက်ခိုင်းမှာ သေချာနေသည်ပဲ။

* * *

အခန်းထဲသို့ သူမ ဝင်ချိန်မှာတော့ ဦးသက်ထူးက ထိုင်ခုံမှာ ထိုင်နေ၏။ သူမကို မြင်သည်နှင့်ပင် မတ်တတ်ထရပ်ပြီး ခရီးဦးကြို ပြုပြုန်သည်။

"ထိုင်ပါ ခင်မိုးဦး၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဦးသက်ထူး၏ မျက်နှာတွင် တင်းမာမှု အရိပ်အယောင်များ လုံးဝမတွေ့ရပေ။ တစ်စုံတစ်ယောက်အတွက် စိတ်ကောင်းသည့် လက္ခဏာများကိုတော့ တွေ့လိုက်မိသည်။

ဦးသက်ထူးထံမှ စကားမထွက်လာခင် ဦးငင်အောင် တောင်းပန်စကား ဆိုလိုက်မိသည်။





"ကျွန်မ မသိလို့ ပြုခဲ့တဲ့ ကိစ္စအတွက် စိတ်လည်း မကောင်းပါဘူး၊ ပြီးတော့ တောင်းလည်း တောင်းပန်ပါတယ် ဦး"

"မလိုပါဘူး ခင်မိုးဦးရယ်၊ ဦးကသာ ဒေါသတကြီး မဆင်မခြင် ပြုလိုက်မိတဲ့အတွက် တောင်းပန်ရမှာပါ၊ စောစောက ဖြစ်ခဲ့ပျက်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဦးတို့ မေ့ထားလိုက်ကြရအောင်၊ ဒါမှ မဟုတ်ရင်လည်း ဦးတို့ချင်း ပိုရင်းနှီးသွားစေတဲ့ အဖြစ်အပျက်တစ်ခုလို့ မှတ်ယူလိုက်ရအောင်နော် ခင်မိုးဦး"

မျှော်လင့်မထားသော စကား၊ ဦးသက်ထူး နှုတ်မှ လွှယ်လင့်တကူ ပြောထွက်လိုက်ပေမယ့် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေဆဲမှာပင် ဦးသက်ထူးက ထပ်မေးနေပြန်၏။

"ဦး ပြောနေတာကို ကြားတယ် မဟုတ်လား ခင်မိုးဦး"

"ကြားပါတယ် ဦး၊ ဦးပြောသလိုပဲ ကျွန်မ မှတ်ယူလိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးအကြောင်းကို မူယာ ပြောလို့ ခင်မိုးဦး သိကောင်းသိပြီးသား ဖြစ်လိမ့်မယ်၊ ဦးအနေနဲ့ မိန်းကလေးတွေနဲ့ အထူးသဖြင့် ခင်မိုးဦးလို လှပလွန်းတဲ့ မိန်းကလေးတွေမျိုးနဲ့ ဆို မပတ်သက်ခဲ့ဘူး၊ ဝေးဝေးက ရှောင်နေဖြစ်ခဲ့ပေါင်းများပြီ၊ ခင်မိုးဦး ကိုတော့ ခြွင်းချက်အနေနဲ့ ဆက်ဆံရမလို ဖြစ်နေပြီ"

ဦးသက်ထူး ဘက်မှ လိုက်လျောလာတော့လည်း သူမဘက်ကလည်း ပြန်ပြီး အသိအမှတ် ပြုမိပြန်သည်။ ဦးသက်ထူး၏ စကားများအရ ဆိုရင်တော့ သူမသည် ကံထူးသူတစ်ယောက် ဖြစ်နေပြီ မဟုတ်လား။

"အလုပ်နဲ့ ပတ်သက်ပြီးတော့ရော၊ ကိစ္စအဝဝ အားလုံးမှာ ကျွန်မကို ဆိုဆုံးမပါ ... ဦး"

"ခင်မိုးဦးက လိမ္မာယဉ်ကျေးပြီးသား မိန်းကလေးဆိုတာ မြင်ရုံနဲ့ ဦး သိပါတယ်၊ ဦးကိုသာ ခင်မိုးဦးက ပြန်ပြီး သင်ရဦးမှာ၊ ဘာဖြစ်တာလဲဆိုတော့ မိန်းမတွေနဲ့ စကားပြောဆိုခြင်း မပြုခဲ့တာ နှစ်အတော်ကြာခဲ့ပြီလေ၊ ဦးဘက်က





ပြောမှားဆိုမှားတွေ ရှိခဲ့ရင် စိတ်ထဲမှာ တေးမထားနဲ့၊ ချက်ချင်းသာ ဦးကိုပြော၊ ဒါမှ ပြင်သင့်တယ် ထင်တာတွေကို ဦးအနေနဲ့ ပြင်လို့ရမှာလေ"

တစ်ခဏခြင်းမှာပင် သူမနှင့် ဦးသက်ထူးတို့ အတော်လေးကို ရင်းနှီးသွားခဲ့ကြသည်။ တစ်ဆင့်တက်ပြီး ဦးသက်ထူးစိတ်ကို သူမ အကဲစမ်းကြည့်လိုက်သည်။

"သကြၤန်ကိုလည်း ဦးက ခပ်ဖယ်ဖယ် နေတတ်တယ်ဆို"

"ဟုတ်တယ် ခင်မိုးဦး၊ သကြၤန်ဟာ ဦးနဲ့ သူစိမ်းဆန်ခဲ့တာ နှစ်တွေ မနည်းတော့ဘူး၊ သူများကိုလည်း တကူးတကရေမလောင်းချင်သလို၊ ကိုယ်ကိုယ်တိုင်ကလည်း တစ်ယောက်ယောက်ရဲ့ ရေလောင်းခြင်းကို တကူးတကနဲ့ မမျှော်လင့်ဖြစ်ခဲ့ဘူး"

"တကယ်လို့များ ကျွန်မက ဦးကို ရေလောင်းချင်တယ်ဆိုရင်ရော ...၊ ရေလောင်းခွင့်ရဖို့ ကျွန်မက တောင်းဆိုခဲ့ရင် ဦး ငြင်းမလား"

စကားပြောရင်းပင် အာသွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အမေးကိုတော့ ပါးနပ်စွာပင် ဦးသက်ထူး ရှောင်ထွက်ခဲ့သည်။

"ဦးတို့ ကုမ္ပဏီက နှစ်စဉ်ပဲ ပြေးဆယ့်နှစ်ရက်မှာ ပိတ်ပွဲသဘောမျိုး လုပ်ဖြစ်ကြတယ်၊ အဲဒီနေ့မှာ ဝန်ထမ်းအချင်းချင်းကတော့ ရေတွေ ဘာတွေ လောင်းကြတာ နှစ်စဉ်လို အကျင့်ဖြစ်နေပြီ၊ အဲဒီနေ့မှာ ခင်မိုးဦး လောင်းရင် လောင်းပေါ့၊ ကျန်တဲ့လူတွေကတော့ ဦးကို သင်္ကြန်ရက်တွေမှာတော့ ဦးကို ရေလောင်းဖို့ အခွင့်အရေးရမှာ မဟုတ်တော့ဘူး၊ အဲဒီရက်တွေမှာ ဦးအနေနဲ့ ရောက်ချင်တဲ့ နေရာကို ရောက်နေလိမ့်မယ် ခင်မိုးဦး"

ဒီလောက် အခွင့်အရေး ရတာကိုပင် သူမ ကျေနပ်မိ၏။

ဦးသက်ထူး ပြောခဲ့သော ပြေးဆယ့်နှစ်ရက်နေ့မှာတော့ ရေလောင်းဖြစ်အောင် လောင်းမည် ... ဟု စိတ်ထဲမှာ တေးထားမိလိုက်သည်။

(***)



၈

မေမေကတော့ နှစ်စဉ်ပြုလုပ်မြဲ ထုံးစံအတိုင်း ရေကစားမဏ္ဍပ်ကို စည်ကားအောင် စီမံသည်။ ရေပက်ခြင်းကို အားပါးတရ ပြုပြီးနောက် တခြားနေရာတွေသို့ လည်ပတ်နိုင်အောင်လည်း မေမေ စီစဉ်သည်။ သူမတို့၏ သင်္ကြန်မဏ္ဍပ်လေးကို ပိတောက်ဝတ်ရည် ... ဟု နှစ်စဉ် အမည်တွင်ခဲ့လေသည်။

သင်္ကြန်လည်ရင်းက ပြေးဆယ့်နှစ်ရက်နေ့က အဖြစ်အပျက်များကို ပြန်တွေးနေမိသည်။ ရေစိုစိုကြားမှာပင် ပတ်ဝန်းကျင်ကို မေ့လျော့ပြီး ဦးသက်ထူးနှင့် ပျော်ခဲ့ရွှင်ခဲ့ပုံတွေကို နောက်ကြောင်းပြန် တွေးနေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူမတို့ ကုမ္ပဏီတွင် ဒံပေါက်ကျွေးသည်။ အတီးအမှုတ်တွေလည်း ပါဝင်သေး၏။

သူများတွေ မရောက်သေးခင်ကပင် သူမနှင့် မူယာတို့ ရုံးခန်းကို စောစီးစွာ ရောက်နေကြသည်။ သူမလက်ထဲမှာ ပါလာသော ငွေဖလားငယ်ကိုကြည့်ကာ မူယာ အင်တာဗျူး လုပ်နေတော့သည်။

"ဒီဖလားက ဘာလုပ်ဖို့လဲ မမ"

"ရေလောင်းဖို့လေ၊ အမွှေးရည်ပါ အသင့်ဆောင်လာတယ်"

တန်ဖိုးကြီးသော ရေမွှေးပုလင်းကို မြင်လိုက်သောကြောင့် မူယာ နှမြောသွား၏။

"မမရယ် ... ရိုးရိုးရေလောင်းလည်း ဖြစ်ပါတယ်၊ ရေမွှေးတွေ ကုန်သွားမှာ နှမြောစရာကြီး၊ ဝန်ထမ်းတွေ ရေလောင်းကြတယ် ဆိုတာကလည်း နှုတ်ဆက်တဲ့ အနေနဲ့ အဖြစ်ပဲ လောင်းကြတာပါ၊ အချင်းချင်း ကြုံသလို လောင်းကြတာ၊ မမလို ငွေဖလားတွေ အမွှေးနံ့သာတွေနဲ့ ဘယ်သူ့ကိုမှ တင်ကြဲစည်လာကြမှာ မဟုတ်ဘူး"





"ဒီနေ့အတွက်ရော ဒီနှစ်သင်္ကြန်အတွက်ပါ တစ်ယောက်သောသူကိုပဲ ရေလောင်းမယ်လို့ အဓိဋ္ဌာန်ထားလို့ ဒီလိုကြဲစည်ခဲ့ရတာပေါ့"

သူမ စကားကြောင့်ပင် အံ့သြဟန်ဖြင့် မူယာ တစ်ယောက် မျက်လုံးလေး ဝိုင်းစက်သွားသည်။

အထိတ်တလန့် လေသံမျိုးဖြင့် မေးခွန်းလည်း ထုတ်ခဲ့သေးသည်။

"ဘယ်သူ့ကို လောင်းမှာလဲ မမ"

"ဘယ်သူရှိဦးမှာလဲ ... ဦးကိုပေါ့ မူယာ"

"ဟာ ... ကြည့်လည်း လုပ်ဦးနော်၊ တော်ကြာ ပိတောက်ပန်းကိစ္စထက် ဆိုးနေဦးမယ်၊ ဒီတစ်ခါဆိုရင်တော့ ဦး ဒေါသက မမ အပေါ် စုပြုံပြီး ကျလာမှာနော်"

"စိတ်မပူပါနဲ့ မူယာရဲ့ ... ပိတောက်ပန်းကိစ္စ ပြဿနာဖြစ်တဲ့နေ့ကတည်းက ရေလောင်းဖို့ ပါမစ်ရပြီးသားပါ၊ ဦး ခွင့်မပြုဘဲနဲ့ မမက ဘယ်လိုလုပ်ပြီး ရေလောင်းရဲရမှာလဲ မူယာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ... ဘုရားရေလို့ မတာစဖူး တရမလိုပါပဲ လား၊ ဒီလောက်ထိတောင် မမက ဦးကိုဆွဲဆောင်နိုင်နေပြီ လား၊ ဒီတစ်ခါတော့ မှူယာ လိုက်မမီဘူး ဖြစ်သွားရပြီ"

မှူယာ့ စကားတွေက အနှောင့်အသွား မလွတ်ချင်။

ဘာပြောပြော ... ဒီနေ့ သူမ လုပ်ရမည့် စီမံကိန်းက အတော်လေးကို အကျိုးရှိမှာ သေချာသည်။

ဦးသက်ထူး ရေလောင်းခံသည့် သတင်းနှင့် သူမကို ရေပြန်လောင်းသည့် သတင်းစကားတို့ကို ဝန်ထမ်းတွေကြား မှာ ပြောစမှတ် တွင်ကျန်ခဲ့မှာ သေချာနေ၏။

* * *

"ဘာတွေများ တွေးပြီး ပြုံးနေတာလဲ ခင်မိုးဦး၊ ငါ ခေါ်တာ နှစ်ခါရှိသွားပြီ ရေပက်တာကိုလည်း ဘာမှမဖြစ် သလိုနဲ့၊ အရမ်းချမ်းနေလို့လား"

အနားနားကပ်ပြီး ထွေးဇော် ပြောလိုက်မှပင် ရေပက် ခံထွက်နေခြင်းကို သတိရသွား၏။





ထွေးဇော်သာ လာပြီး မနှောင့်ယှက်ဘူး ဆိုရင်တော့ သူမ အတွေးတွေက ဆက်ပြီးလှုပ်နေဖြစ်မှာ သေချာသည်ပဲ။

"ချမ်းတော့ ချမ်းတယ်ပေါ့ ကိုထွေး၊ ငါ အတွေးထဲမှာ နစ်မျောသွားတာတော့ သေချာတယ်၊ ငါ့စိတ်ကိုတော့ ဖြား ယောင်းနေပြီလား မသိဘူး"

ပြောလိုက်မိပြီးမှ မှားများသွားပြီလားဟု နှောင်တရမိ သေး၏။ ထွေးဇော်ကတော့ သူမစကားနှင့် ပတ်သက်ပြီး အတွေးတွေကို အဆုံးထိ ဆန့်ထုတ်လိုက်ပြန်သည်။

"ဘာလဲ ခင်မိုးဦး ... ဘယ်မဏ္ဍပ်က ကောင်လေးက နင့်ကို ဖမ်းစားလိုက်လို့လဲ၊ နင် မှန်မှန်ပြောနော်၊ ညာမယ် မကြံနဲ့၊ ငါ သတိထားကြည့်နေဖြစ်တယ်၊ ဒီနှစ်သင်္ကြန်ရေ ပက်ခံသာ နင်ထွက်လာခဲ့တယ်၊ ရေဆော့တာကို ငါ မမြင်မိ ဘူး၊ ထူးတော့ ထူးနေပါပြီ"

ဘယ်ကောင်လေးကမှ ငါ့ကို မဖမ်းစားပါဘူးဟာ၊ ဒီနှစ် သင်္ကြန်ကို ငါ ရေမလောင်းဘူး ဆိုတာကလည်း စိတ် နာပေါက်ပြီး နေကြည့်တာ၊ သင်္ကြန်တက်သွားတဲ့အထိ ငါ ဘယ်သူ့ကိုမှ ရေမလောင်းဘူးလို့ ဆုံးဖြတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုတောင် မလောင်းတော့ဘူးပေါ့၊ ဟုတ်လာ ခင်မိုးဦး"

"ဟုတ်တယ်လေ ... နင့်ကို လောင်းလိုက်ရင် င အခွင့်အခါ ပျက်သွားမှာပေါ့၊ ငါ့ကို ပါရမီဖြည့်တဲ့အနေ ဒီနှစ် ငါ ရေမလောင်းတာကို နင် သည်းခံခွင့်လွှတ်လိုက် ရမ်းပါဟာ"

သူမ၏ အကြောင်းကြောင်း စကားတွေကြောင့်ပင် ထွေးဇော် တစ်ယောက် နားလည်ရ ခက်နေမှာ သေချာ

ဒီပုံစံအတိုင်း ဆိုရင်တော့ ထွေးဇော် ရင်ကွဲဖို့ များ ပြီ ...။ မတတ်သာပြီလေ။ မထင်မှတ်ဘဲ တွယ်ငြိခဲ့သော ချစ်ခြင်းတရားနောက်သို့ သူမ စိတ်တွေ ဦးညွှတ်သွားခဲ့ လေ။



# ၉

အတက်နေ့ နံနက်မှာတော့ သူမ နေမကောင်းချင် သလို ဖြစ်တော့သည်။ သူမကိုယ်တိုင်လည်း သင်္ကြန်ကို စိတ်မပါချင်တာလည်း ဖြစ်နိုင်ကောင်းသည်။

သူများတကာတွေက သင်္ကြန်အတွက် ပြင်ဆင်ပြီးနေ ချိန်မှာ သူမကတော့ အိပ်ရာထက်မှာ ကွေးလို့ ကောင်းနေဆဲ ပင်။

"သမီးရေ ... သမီးရေ"

မေမေ့ ခေါ်သံကို ကြားနေရသော်လည်း ပြန်ထူးချင် စိတ် မရှိလောက်အောင် သူမ နွမ်းနယ်နေ၏။ မေမေအခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲဝင်လာတော့ မသိမသာ အိပ်ချင်ဟန်ဆောင်နေလိုက်၏။ ခြင်ထောင်ကို မ,တင်ရင်းက မေမေ့ ခေါ်သံမှာ စိုးရိမ်မကင်းဖြစ်သွားတာ သိသာလှသည်။

"သမီးလေး ... ဟယ် ကြည့်စမ်း၊ ကိုယ်တွေ နွေးနေပါလား"

သူမ နာမကျန်း ဖြစ်နေပြီ ဆိုတာကို မေမေ ချက်ချင်း သဘောပေါက်သွား၏။ အခွင့်အရေး လက်မလွှတ်စတမ်း အသုံးချသည့်အနေဖြင့် လိုသည်ထက်ပိုပြီး သူမ ကဲပြလိုက်သည်။

"မေမေလား"

"ဟုတ်တယ်လေ သမီး၊ သမီး မထနိုင်တော့ဘူးလား"

"ဟုတ်တယ် မေမေ၊ သမီး တစ်ကိုယ်လုံး ကိုက်ခဲနေတာပဲ၊ ဒီနေ့တော့ အပြင်မထွက်နိုင်တော့ဘူး ထင်တာပဲ"

"ဒီတိုင်းနေလို့ ဘယ်ဖြစ်မလဲ၊ ကိုထွေးကို ဆရာဝန်ခေါ်ခိုင်းပြီး ပြမှဖြစ်မှာပေါ့"

ဒီအခြေအနေလောက်ဆိုရင်တော့ အတော်လေး လုံလောက်သွားပြီ။





မေမေကတော့ ပျာပျာသလဲနှင့် အပြင် ပြန်ထွက်သွားသည်။

ထွေးဇော်ကို ခေါ်သံ၊ သူမ အခြေအနေကို ပြောပြသံတွေ ကြားနေရ၏။

ဒီအတိုင်း ဆိုရင်တော့ မကြာခင်မှာ ထွေးဇော်နှင့်အတူတူ သူမတို့၏ မိသားစု ဆရာမ ရောက်လာတော့မှာ သေချာနေသည်။

* * *

ဆရာဝန်ကတော့ လိုအပ်သည့် ဆေးကုသမှုကိုပေးပြီး ဆေးမသောက်ဖို့နှင့် နားနားနေနေ နေဖို့ ညွှန်ကြားသွားခဲ့သည်။

သူမ တစ်ယောက်တည်း လွတ်လပ်စွာ နေချင်သည် ဆိုကာမှ ထွေးဇော်က တစ်စခန်း ထလာသည်။

"ခင်မိုးဦး နေမကောင်းရင်တော့ ကျွန်တော်လည်း ဆေးမသောက်တော့ဘူး အန်တီ၊ ကျွန်တော် လူနာစောင့်လုပ်ရင်း ဒီမှာပဲ နေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထွေးဇော် စကားကြောင့်ပင် မေးနေရာမှ ကန့်ကွက်စကား အမြန်ပြောလိုက်ရသည်။

"နင့်ဘာသာနင် ဆော့စမ်းပါ ကိုထွေးရာ၊ မလ္လာပ်မှာ နင်မရှိလို့ ဘယ်ဖြစ်မလဲ၊ မေမေတို့ လျှောက်လည်ကြတော့ ရော ကားကို ဘယ်သူမောင်းမလဲ၊ ငါ့ဘာသာ နေ့လို့ဖြစ်ပါတယ်"

နောက်ဆုံးမှာတော့ နောက်ဆံတင်းစိတ်တွေဖြင့် မေမေတို့နှင့်အတူတူ ထွေးဇော် ပါသွားခဲ့သည်။ ဒီနေ့ နောက်ဆုံးနေ့ဆိုတော့ သင်္ကြန်ကို အားပါးတရ နှုတ်ဆက်ရကြမည်လေ။

မေမေတို့ ထွက်သွားသည်နှင့် အိပ်ရာမှ သူမ ထသည်။ ရေပက်ကစားနေသံတွေ သင်္ကြန်သီချင်းသံတွေကို ကြားနေရ၏။

ဦးသက်ထူး တစ်ယောက်လည်း တစ်ကိုယ်တည်းဖြင့် သင်္ကြန်နှင့် မပတ်သက်သလိုနေမှာ သေချာ၏။ ဘယ်နေရာ ဘယ်ဒေသမှာများ သင်္ကြန်ကို ရှောင်တိမ်းနေမည် မသိ။





တယ်လီဖုန်းကို မြင်လိုက်မှ ဖုန်းဆက်ချင်စိတ်တွေ ဖွားဖွား ဖြစ်နေမိသည်။

မှတ်ထားသော Hand Phone နံပါတ်များကို ကောက်ကြည့်လိုက်သည်။

* * *

"ဟဲလို ... အမိန့်ရှိပါ ခင်ဗျာ"

ချိုသာတည်ကြည်သော စကားသံလေးကို အရသာခံနားထောင်နေလိုက်၏။ ဦးသက်ထူးနှင့် ဖုန်းအဆက်အသွယ် ရသွားသောကြောင့် အရမ်းဝမ်းသာသွားသည်။ ထိုသံ့သံ့ကိုများ ဦးသက်ထူး ကြားလေမည်လား။

"ဘယ်သူပါလဲ ခင်ဗျာ၊ ဘာကြောင့်များ ဖုန်းလှမ်းဆက်တာပါလဲ၊ စကားမပြောဘူး ဆိုရင်တော့ ဖုန်းပိတ်ပစ်လိုက်တော့မယ်"

လူပျိုကြီးကတော့ တကယ့်ကို ဟိန်းဟောက်တာ အကျင့်



www.burmeseclassic.com

www.burmeseclassic.com



ပါနေသည် ထင်၏။ ပြောသည့်အတိုင်း လုပ်လိုက်မည်ဆိုး၍ သူမ အသံပြုလိုက်သည်။

"ဘယ်သူလို့ ထင်လဲ ဦး"

သူမ ညှို့ချက်က မပြောပါနှင့်။ ဦးဆိုသော အမည်ခေါ် လိုက်မိမှာတော့ ချက်ချင်း တန်းသိသွားသည်ပေါ့။

"ခင်မိုးဦး မဟုတ်လား"

"ဦးက ဘယ်ဆိုးလို့တုန်း၊ ကျွန်မအသံကို တန်းမှတ်မိ သားပဲ၊ ဦး ဘာလုပ်နေလဲ၊ ဘယ်နေရာကို ရောက်နေလဲဟင်"

ဖုန်းထဲမှာတော့ သူမ စကားပြောသံသည် နွဲ့နေမှာ သေချာသည်။

"သင်္ကြန်နဲ့ ကင်းဝေးတဲ့နေရာ၊ သင်္ကြန်ရဲ့ အငွေ့ အသက်တွေကို မရနိုင်တဲ့ နေရာမှာ ရှိနေတယ်၊ ရန်ကုန်တိုင်း အတွင်းမှာပါပဲ၊ ဒါပေမယ့် မဟာရန်ကုန် နယ်နိမိတ်အတွင်း မှာတော့ မဟုတ်ဘူးပေါ့။ တိုက်ဆိုင်တယ် ပြောရမလား မသိဘူး၊ အခုလေးတင် ခင်မိုးဦး အကြောင်းကို ဦး တွေးနေ မိတာ"





"ကျွန်မလည်း ဦးကို သတိရတာနဲ့ လှမ်းဆက်ကြည့် လိုက်တာ"

"သင်္ကြန် မလည်ဘူးလား"

"အရင်နှစ်တွေကတော့ လည်တယ်၊ ဒါပေမယ့် မလိုက် ချင်ဘဲ လိုက်လည်ရတာ၊ စိတ်ကတော့ မပါပါဘူး၊ ဒီနေ့တော့ မလည်တော့ဘူးလေ၊ ဖုန်းဆက်လို့ရမယ့် နေရာကနေပြီး ဦးဆီ ဖုန်းဆက်ဖို့ တမင်ရည်ရွယ်ပြီး အားလုံးနဲ့ ခွဲနေခဲ့တာ၊ ဦးကို ပြောခဲ့သလိုပေါ့၊ ဒီနှစ်သင်္ကြန်မှာ ဦးတစ်ယောက်က လွဲလို့ ဘယ်သူ့ကိုမှ ရေမလောင်းဖြစ်ခဲ့ဘူး ... သိလား ဦး"

"ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲဟင် ... ဦး"

"ဦးအပေါ် ဂရုထားကြောင်း ပြလိုက်တဲ့ ကောင်မလေး တစ်ယောက် အတွက်ပေါ့"

ကြည့်စမ်းပါဦး ... သူမတို့နှစ်ယောက်စလုံး ဖုန်းထဲမှာ တော့ အတော်လေး အကျွမ်းတဝင်ဖြစ်ပြီး စကားတွေကို သတိလက်လွှတ် ပြောဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဦးအနေနဲ့ ကျွန်မအပေါ် တစ်မျိုးထင်နေမလား ဟင်"

"ဘာလို့ ထင်ရမှာလဲ၊ ခင်မိုးဦးနဲ့ ဦးတို့က မထင်မှတ်ဘဲ အချိန်တိုတိုလေး အတွင်းမှာ ရင်းနှီးခဲ့ကြတာလေ၊ ခင်မိုးဦးကရော အပြောနဲ့ လက်တွေ့မညီတဲ့ လူကြီးလို့ မထင်မိဘူးလား"

ဘာမှ ပြန်မပြောဘဲ ကြားသာအောင် ရယ်နေလိုက်သည်။ ဒီပညာရပ်တွေက မိန်းမတွေ၏ မြူဆွယ်ပုံ မြူဆွယ်နည်း အတတ်ပင်လား မသိ။

"ဘာကို သဘောကျတာလဲ"

"ဒီလောက် အပြောကောင်းပြီး ဘာလို့ လူပျိုကြီးဖြစ်နေရတာလဲလို့ တွေးမိပြီး ရယ်တာပါ"

"တော်ပြီ ခင်မိုးဦးရယ် ရှေ့ဆက် စကားတွေ ပြောဖြစ်ကြရင် မကောင်းတော့ဘူး"

"ရှက်သွားတာလား… ဘာမကောင်းစရာရှိမှာလဲ ဦးရာ၊ ဦးပြောချင်ရာကို ပြောလေ၊ ကျွန်မ နားထောင်ပေးမယ်"

"တကယ်လား ခင်မိုးဦး"





"တကယ်ပေါ့ ဦးရဲ့၊ ဦး ဘာပြောပြော ကျွန်မကြားချင်နေတာ"

"ဦးပြောချင်တဲ့ စကားက အချိန်တိုတိုလေးအတွင်းမှာ ပြောဖြစ်တယ်ဆိုပေမယ့် တကယ်လေးနက်တာပါ၊ ဖုန်းထဲကနေ မပြောချင်ဘူး"

"ဒါဆို ဦးနဲ့ လူချင်းတွေ့ဖို့ အစုချက်ချင်း ကြိုးစားရလား"

"မလောနဲ့လေ ကလေး၊ ဦးပြောချင်တဲ့ စကားကိုကလေးနားလည်နေကောင်း နေလိမ့်မယ်၊ နှစ်ဆန်းနှစ်ရက်နေ့ကျမှ ဦးတို့ ဆုံကြမယ်၊ ကလေးနဲ့ ပထမဆုံး ဆုံဖြစ်တဲ့ဘားမှတ်တိုင် အလွန်လေးပဲ နံနက်ကိုးနာရီတိတိမှာ စောင့်နေမယ်၊ လူချင်းတွေ့မှပဲ ပြောပြမယ်နော်"

ဦးသက်ထူး စကားကို နစ်မျောနေခိုက်မှာပင် မေမေနှင့်ဆွေးဇော်တို့အိမ်ထဲ ဝင်လာကြ၏။ မေမေတို့ မလာခင်မှာ အိမ်ခန်းထဲ ရောက်နေမှ ဖြစ်မည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒါပဲလေ ဦး၊ ကလေး စောင့်နေမယ်၊ တခြားလူတွေ လာနေလို့ ဖုန်းချလိုက်တော့မယ် ဦး"

စကားပြောခွက်ကို ကောက်ခါငင်ခါ ချလိုက်ရ၍ စိတ်ထဲမှာတော့ မကောင်းပေ။

ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်ပေ။ မေမေတို့ရောက်မလာခင် အခန်းထဲ ရောက်နှင့်နေအောင် အပြေးသွားလိုက်ရသည်။



## ၁၀

အတက်နေ့၌ အအေးမိပြီး ကိုယ်လက်မအီမသာ ဖြစ်ခြင်းသည် နှစ်ဆန်းနှစ်ရက်နေ့အထိ ကပ်ပါလာခဲ့သည်။ ဦးသက်ထွေးနှင့် ချိန်းဆိုထားသည်မို့ နံနက်လင်းကတည်းကပင် အပြင်သွားဖို့ အသင့်ဖြစ်နေ၏။ ချမ်းစိမ့်စိမ့် ဖြစ်ချင်သောကြောင့် အနွေးထည်ကို မေမေ မမြင်အောင် တိတ်တဆိတ် ထုပ်ထားလိုက်သည်။

"ဟယ် ... နေမကောင်းဘဲ အလုပ်သွားမလို့လား သမီး၊ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောလိုက်ပါလား၊ သမီး အားလည်း နည်းနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မေမေ၊ သမီးကိုယ်တိုင်သွားပြီး လုပ်စရာရှိတာတွေ လုပ်ပေးပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့မှာပါ"

"သမီးရယ် မေမေ ပြောတာကို နားထောင်စမ်း"

မေမေကတော့ စိုးရိမ်စိတ်ဖြင့် အလုပ်သွားဖို့ကို အတင်းကန့်ကွက်နေ၏။ သူမ အနေနှင့်ကလည်း မသွားလို့ မဖြစ်ပြန်။

"တစ်နေ့လုံး နေမှာ မဟုတ်ပါဘူး မေမေ၊ ပိတ်ရက်တွေ ဆက်ထားတော့ မျက်နှာသွားပြရုံတင်ပါ၊ အရမ်းဖြစ်နေရင်တော့ တစ်မျိုးပေါ့၊ အခုဟာက သွားနိုင် လာနိုင်ပဲဥစ္စာ၊ မလိုအပ်ဘဲနဲ့ သူများကို အောက်မကျို့ချင်ဘူး မေမေ"

ပြောလိုက်သော့် စကားများသည် မုသားတစ်ဝက်ရောစွက်နေတာမှန်း ဘာသာသိသည်။ အလုပ်အပေါ် တန်ဖိုးထားသော စိတ်ဓာတ်ကို ခုတုံးလုပ်ပြီး အသုံးချလိုက်မိ၏။

"တားမရ ဆီးမရ ဖြစ်နေလည်း ကိုထွေးကို ချက်ချင်းလှမ်းခေါ်ပေးမယ်၊ ကိုထွေး ကားနဲ့ သွားပေါ့ သမီး"

မေမေပြောသော အစီအစဉ်ကို လက်ခံလို့ လုံးဝမဖြစ်နိုင်ပေ။





အခြေအနေကိုကြည့်ပြီး ပရိယာယ် ထပ်သုံးရပြန်သည်။

"ကားငှားပြီးတော့ပဲ သွားလိုက်မယ် မေမေ၊ ကိုထွေးကသူ့အလုပ်နဲ့သူ ရှုပ်နေမှာ၊ တော်ကြာ သမီးအတွက် စိတ်တွေပူပြီး သူ တစ်နေ့လုံး အလုပ်ပျက်နေပါ့မယ်၊ တကယ်လို့ကိုထွေး ရောက်လာရင်လည်း မေမေပဲ ကြည့်ကောင်းအောင်ပြောလိုက်ပါနော်"

သူမကို ဘယ်လိုမှ ဖျောင်းဖျလို့မရမှန်း မေမေ သိသွားခဲ့သည်။ သက်ပြင်းရှည်ချပြီး မေမေ ခွင့်ပြုလိုက်ရ၏။

"ကဲပါလေ ... သွားချင်လည်းသွားပေါ့ သမီး၊ တစ်ခုခုဖြစ်တာနဲ့ အိမ်ကို အကြောင်းကြားနော်"

"နေဦး မေမေ၊ မေမေတို့လည်း အစိုးရိမ်လွန်ပြီး ဖုန်းလှမ်းဆက်မနေနဲ့ဦး၊ အလုပ်ပြီးတာနဲ့ သမီး ချက်ချင်းပြန်လာခဲ့မှာပါ"

မေမေကို တစ်ခါမှ မလိမ်ညာခဲ့ဘူးဘဲ လိမ်ဖြစ်ခဲ့သည်။ စိတ်ထဲမှနေပြီး မေမေကို ကန်တော့ဖြစ်မိပြန်၏။

* * *

www.burmeseclassic.com



အငှားကားပေါ် ရောက်သည်နှင့် အသင့်ယူလာသော အနွေးထည်ကို ကောက်ဝတ်ထားလိုက်သည်။ လက်မှနာရီကို ကြည့်လိုက်တော့ ကိုးနာရီထိုးဖို့ မိနစ်အနည်းငယ်သာ လိုတော့သည်ပဲ။

ချိန်းဆိုထားရာ နေရာသို့ ငါးမိနစ်ခန့် နောက်ကျပြီးမှ ရောက်သွားဖြစ်သည်။

"ဘယ်နား ရပ်ပေးရမှာလဲ ကလေးမ"

အငှားကားဆရာ ဦးလေးကြီးက ငြိမ်သက်နေသော သူမကို မေးလိုက်၏။ ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ ဦးသက်ထူး၏ ကားဖြူလေး ရပ်ထားသည်ကို တွေ့လိုက်ရသည်။

"ရှေ့က ကားဖြူလေးနောက်နားမှာ ရပ်ပေးပါ ဦးလေးကြီး"

သူမ စီးနင်းလာသော ကားလေး ရပ်သွားသည့်တိုင် ဦးသက်ထူးမှာ ကားပေါ်မှ ဆင်းမလာခဲ့ပေ။ ကျသင့်ငွေကို ရှင်းပြီး ဦးသက်ထူး ရှိရာသို့ သူမ လာခဲ့ရသည်။ ကားနား





သို့ ရောက်သည်နှင့် သူမတက်ဖို့ ကားတံခါးကို အသင့်ဖွင့်ပေးသည်။

"ကလေး နေမကောင်း ဖြစ်နေတာလား"

ပြင်ဆင်မှု နည်းပါးပြီး အနွေးထည် ဝတ်ထားသော သူမ သဏ္ဌာန်ကိုကြည့်ပြီး ဦးသက်ထူး မေးလိုက်၏။

ကလေး ... ဆိုသော အခေါ်အဝေါ်ကတော့ သူမနှင့် ဦးသက်ထူးတို့ကြားမှာ ထာဝရ တွင်ရစ်တော့မည် ထင်သည် လေ။

"ဟုတ်တယ် ဦး၊ ဦးနဲ့ ချိန်းထားလို့သာ ထွက်လာခဲ့ရတာ၊ ကောင်းကောင်း နေမကောင်းချင်ဘူး၊ မေမေကတောင် မသွားဖို့ အတင်းတားနေတာ၊ ဦးပြောတဲ့ စကားကို နားထောင်ပြီးရင် ကလေးကို ပြန်ခွင့်ပြုနော်၊ ဒီနေ့ ကလေး အလုပ်မလာတော့ဘူး"

"နေမကောင်းရင်လည်း ဖုန်းဆက်လိုက်ရောပေါ့ ကလေးရယ်"

"ဘယ်ဖြစ်မှာလဲ ဦးရဲ့၊ တော်ကြာ ရက်ရွှေ့လိုက်လို့ ဦး တစ်မျိုးမြင်သွားရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားအနည်းငယ် ပြောဆိုပြီး နှစ်ယောက်စလုံး ငြိမ်သက်သွားကြပြန်၏။

တက္ကသိုလ်ရိပ်သာလမ်းဘက်ကို ချိုးဝင်လိုက်ပြီး အဓိပတိလမ်းထဲသို့ မောင်းဝင်လိုက်သည်။

"ကျောင်းထဲမှာ ထိုင်ရအောင်နော်၊ လူလည်းရှင်းတယ်၊ အေးအေးချမ်းချမ်းလည်း ရှိတယ်"

"ဦးသဘောပါပဲ"

အဓိပတိလမ်းတစ်လျှောက် ကားမောင်းဝင်ပြီး ဝိဇ္ဇာခန်းမဘက်သို့ မောင်းဝင်လိုက်၏။ စိန်ပန်းပင်တွေမှာတော့ ပင်လုံးကျွတ်မျှ ရဲရဲနီနီလို့ နေသည်လေ။

သစ်ရိပ်များကြီးစိုးရာ အရပ်မို့ တိတ်ဆိတ်ငြိမ်းချမ်းမှု အပြည့် ရှိနေ၏။

"ကလေးအတွက် အတိတ်ကို လွမ်းဆွတ်မှုမျိုးများ ဒီနေရာက ဖြစ်နေမလားဟင်"

"ဘာလဲဦး ... ကျောင်းတုန်းက ဇာတ်လမ်းတွေ ဘာတွေများ ရှိခဲ့သလားလို့ သွယ်ဝိုက်ပြီး မေးလိုက်တာလား"





သူမ အမေးကို ဦးသက်ထူး မဖြေ။

အပြုံးဆင်ပြီး တိတ်ဆိတ်စွာဖြင့် ဝန်ခံနေသည်လား မသိ။

"ဦးကတော့ ရာဇဝင်တစ်ခု ရှိခဲ့ဖူးတယ်"

"ပြောပြပါလား ဦး ... ကလေး နားထောင်ချင်တယ်"

ဦးသက်ထူး၏ အကြည့်များက တကယ့်ကို စူးရှပြတ်သားနေပြန်၏။ ချက်ချင်းဆိုသလို မေးကြောတွေ တင်းလာ၏။

"အတိတ်ဆိုတာ ကျန်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုပါပဲ၊ သိလို့လည်း ပြန်ပြီး တည်ဆောက်ယူလို့ ရတာမှ မဟုတ်တာ၊ ဦးဘဝမှာ ချစ်ခြင်းနဲ့ ပတ်သက်ပြီးပစ္စုပ္ပန်ရော၊ အနာဂတ်ပါ မဲ့နေခဲ့တာ နှစ်တွေကြာခဲ့ပြီ၊ အခုတော့ ကလေးကြောင့်ပဲ ပစ္စုပ္ပန် ရှိနေပြီ၊ အနာဂတ်ကလည်း အတွေးမှာ အရမ်းလှပနေ ဖြစ်နေပြီ၊ ဘာကြောင့် ဒီလို ဖြစ်ရတာလဲလို့ ကလေး မေးတော့ဘူးလား"

သိလျက်နှင့်ပင် နှုတ်ဆိတ်စွာဖြင့် ခေါင်းငုံ့ထားလိုက်သည်။ သူမ နှလုံးခုန်သံတွေ မြန်နေသည်ပဲ။ ဦးသက်ထူး



www.burmeseclassic.com

www.burmeseclassic.com



ပြောမည့် စကားကို မှတ်သိပ်စွာဖြင့် ငုံလင့်နေဖြစ်ပြန်သည်လေ ...။

"ကလေး မမေးရင်လည်း ဦးပဲ ဖြေပါတော့မယ်၊ ကလေးကို ဦး ချစ်နေမိလို့ပဲ၊ ကြားတယ်နော် ကလေး"

အကြည့်ချင်း ဆုံဖြစ်ပြီးမှ မြင်သာအောင် ခေါင်းညိတ်ပြလိုက်သည်။

ဦးသက်ထူး၏ လက်အစုံသည် သူမလက်ပေါ်သို့ ကျရောက်လာသည်။

အလိုက်တသိပင် သူမ ဆုပ်တွယ်ထားလိုက်မိသည်။ နှုတ်မှလည်း မှတ်သိပ်စွာဖြင့် ရေရွတ်မိတော့၏။

"ဦးရယ်"

ဦးသက်ထူး ရင်ခွင်ထဲသို့ နွဲ့အကျမှာပင် ထွေးဖော်မျက်နှာလေးကို မြင်ယောင်ဖြစ်လိုက်သေး၏။

သူမနှင့် ဦးသက်ထူးတို့၏ ရင်ခုန်သံများသည် ဘာသာမဲ့စွာဖြင့် အချင်းချင်း တီးတိုးစကား ပြောဆိုနေဖြစ်ကြသည်လေ။



# ၁၁

သူမနှင့် ဦးသက်ထူးတို့ အမှတ်မထင် ချစ်သူတွေ ဖြစ်သွားခဲ့ပြီးနောက် နှစ်ယောက်ကြားမှာ နားလည်မှုတွေ ထားခဲ့ကြသည်။

သူမဘက်ကလည်း အသက်ကွာဟမှုကြောင့်ပင် အသိုက်အဝန်းကို အသိမပေးဖြစ်ခဲ့ပေ။

ဦးသက်ထူး ဘက်ကလည်း မူယာကအစ ဘယ်သူမှ မရိပ်မိအောင် သိုသိုသိပ်သိပ် နေဖြစ်ခဲ့ကြသည်။

လူမြင်ကွင်းမှာတော့ ဦးတို့ ကျွန်မတို့ဖြင့် ခေါ်ဝေါ်ဆက်ဆံသော်လည်း နှစ်ယောက်ချင်း တွေ့ဖြစ်သောအခါမှာတော့ ဦးတို့ ကလေးတို့ အလိုလို ဖြစ်သွားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထူးနှင့် သူမတို့၏ ကိုယ်ရေးကိုယ်တာကိစ္စမှာ အတော်လေး သိမ်မွေ့ခဲ့၏။

ဖွန့်လဆန်း အရောက်မှာတော့ သူမနှင့် ဦးသက်ထူးတို့၏ အနေအထားကို ရုတ်ခြည်း အပြောင်းအလဲ ဖြစ်စေဖို့ ပြဿနာတစ်ခု ပေါ်ပေါက်ခဲ့လေ၏။

အလုပ်ပိတ်ရက်များတွင် နှစ်ယောက်ချင်း တွေ့နေကျအတိုင်း တက္ကသိုလ် ပရိဝုဏ် အတွင်းမှာပင် ဆုံဖြစ်ကြ၏။

"မနေ့ကတည်းက ကလေးကို ပြောမလို့ အလုပ်တွေများတာနဲ့ မပြောဖြစ်လိုက်ဘူး"

"ဘာများလဲ ဦး"

"အလုပ်ကိစ္စနဲ့ မန္တလေးကို တစ်ပတ်ဆယ်ရက်လောက် ဦး သွားနေရလိမ့်မယ်"

"တစ်ပတ် ဆယ်ရက် ဆိုတာက အကြာကြီးပဲ ဦးရယ်"

"မသွားလို့ မဖြစ်ဘူးလေ၊ ဟိုမှာ ကုမ္ပဏီခွဲဖွင့်ဖို့ကိစ္စကို စီစဉ်ပေးရမှာ၊ ပထမတုန်းကတောင် တစ်ခုခု အကြောင်းပြပြီး ကလေးကို ခေါ်သွားဖို့ စိတ်ကူးမိသေးတယ်၊ တော်ကြာ





သူများတွေ ရိပ်မိသွားမှာစိုးလို့လေ၊ ဦး အနေအထိုင် ချက်ချင်းပြောင်းသွားတာနဲ့ လူတွေက တန်းသိကြတော့မှာ"

"ဒီဘဝမျိုးနဲ့ ဘယ်လောက်ကြာကြာ နေရမှာလဲ ဦးယယ်"

"ဦးကိုပဲ ပြောနေ၊ ကလေးကရော ကလေး အသိုက်အဝန်းကို ဖွင့်ပြောဖို့ ခက်နေတာ မဟုတ်လား၊ ကလေးကသာ ကလေးမိဘတွေကို အခုချက်ချင်း ဖွင့်ပြော၊ ရက်မဆိုင်းဘဲ ကလေးကို လာတောင်းရမ်းလိုက်မှာ"

နောက်ပြောင်ပြီး ပြောနေတာ မဟုတ်ဘူး ... ဟု ဆိုနေသော်လည်း သူမအဖို့မှာ အခက်အခဲ ရှိနေသည်။ ဦးသက်ထူးက မမေ့ထက်ပင် အသက်ကြီးနေသေး၏။

ပြီးတော့ ထွေးဖော် ကိစ္စကလည်း ဟိုမရောက် ဒီမရောက် ရှိနေသေး၏။

"ဘာတွေ စဉ်းစားနေတာလဲ ကလေး"

"တကယ်လို့များ ကလေးဘက်က ဖြန်းစားကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဖြစ်လာခဲ့ရင် ဦးက ငြင်းမှာလား၊ ဒါမှမဟုတ် အင်တင်တင် လုပ်ပြနေမှာလား”

“ကလေးကသာ သေချာအောင်လုပ်၊ ကလေးအနေနဲ့ ဦးဘဝထဲကို ဒီနေ့ ဝင်ရဲပြီဆိုတာနဲ့ ဦးက အားလုံးကို တရားဝင် ကြေညာရဲတယ်”

တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သူမနှင့် ဦးသက်ထူးတို့ အကြောင်းကို မေမေတို့ ထွေးဇော်တို့ သိသွားမှာ သေချာ၏။

အားလုံးကို ချိန်ဆကြည့်ပြန်တော့ သူမအဖို့ အချိန်ယူရ ဖြစ်ပေမည်။

“ဒါနဲ့ မန္တလေး ဘယ်တော့သွားမှာလဲ ဦး”

“မနက်ဖြန် လေယာဉ်နဲ့ သွားဖြစ်မှာ”

“ချက်ချင်းကြီး မပြန်လွန်းဘူးလား”

“အလုပ်ကိစ္စလေ ကလေး၊ တစ်ပတ် ဆယ်ရက်လောက် အတိုးချပြီး ဒီနေ့တစ်နေ့လုံး ကလေးအနားမှာပဲ ဦးနေမယ်၊ ကလေး ကျေနပ်နော်”





ချော့ပြန်တော့လည်း သူ ပျော့သွားရပြန်၏။

ခရီးဝေးသွားမည့် ချစ်သူကို နောက်ဆံတင်းအောင် စကားတွေ အစွန်းမထွက်ချင်တော့ပေ။

ချစ်သူသက်တမ်းမှာ ပထမဆုံး အနေဖြင့် ရက်ရှည်ခွဲရခြင်းပဲ။ ဒီအတွက်တော့ ရင်ထဲမှာ တစ်မျိုးခံစားနေရပြန်၏။

* * *

ဦးသက်ထူး မန္တလေး ထွက်သွားပြီး အင်္ဂါနေ့ အိမ်ပြန်ချိန်မှာတော့ ထင်မှတ်ထားခြင်း မရှိသော ပြဿနာတစ်ခုကို စိတ်မကောင်းစွာဖြင့် ရင်ဆိုင်လိုက်ရသည်။

“သမီးရေ ... ဒီမှာ ဖိတ်စာအကြမ်းလေးကို ကြည့်စမ်းပါဦး၊ ကိုထွေး လုပ်လာပေးတာ တအားလှတာပဲ”

မေမေ့စကားကြောင့်ပင် အထူးအဆန်း ဖြစ်သွားရ၏။

ဘာဖိတ်စာလဲ၊ မေမေ့မွေးနေ့လား။ မေမေ့မွေးနေ့က အများကြီး လိုသေးတာပဲ၊ အိမ်မှာများ အလှူဒါနတစ်ခုခု လုပ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မလို့လား ... ဆိုသော အတွေးတွေက သူမ ခေါင်းထဲသို့ တစ်ခုပြီးတစ်ခု ဝင်ရောက်လို့ လာသည်။ အဝတ်အစားပင် မလဲနိုင်သေးဘဲ မေမေ့ဆီသို့ သွားဖြစ်ခဲ့သည်။ အနားရောက်တော့ မေမေက ပြုံးပြုံးကြီး ကြည့်နေပြန်၏။

"ဘာဖိတ်စာလဲ ဆိုတာကို သမီးကိုယ်တိုင် ဖတ်ကြည့်လိုက်တာက ပိုပြီးတော့ ဝမ်းသာကြည်နူးဖို့ ကောင်းလိမ့်မယ် သမီး"

မေမေ့ စကားကြောင့်ပင် စိတ်ဝင်တစား ဖြစ်သွားပြီး ဖိတ်စာကြမ်းကို ကောက်ယူလိုက်၏။ စာသားများကို ဖတ်မိချိန်မှာတော့ သူမ တစ်ကိုယ်လုံး တုန်လှုပ်သွားမိသည်။ ဒီကိစ္စက ဒီလောက်ထိ မဖြစ်သင့်ဘူး။ မဖြစ်နိုင်ဘူး ... ဟု နှုတ်က မပြည်သော်လည်း ခေါင်းတွင်တွင် ခါယမ်းမိပြန်သည်။

"ဖိတ်စာဖတ်ပြီး ခေါင်းတခါခါနဲ့ ဘာဖြစ်သွားရတာလဲ သမီး၊ ကိုထွေးနဲ့သမီးတို့ရဲ့ စေ့စပ်တဲ့ သတင်းလေ၊ ဝါမဝင်ခင် စေ့စပ်ပွဲလုပ်မယ်၊ ဝါထွက်တာနဲ့ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်မယ့် အစီအစဉ်လေ"





"မဟုတ်သေးဘူး မေမေ၊ ဒီကိစ္စကိုတော့ သမီး သိနေသင့်တယ်၊ သမီးကို တိုင်ပင်သင့်တယ်"

"သမီး သိနေတာပဲ၊ သမီးနဲ့ ကိုထွေးတို့ လူငယ်ချင်းလည်း ရင်းနှီးပြီးသား၊ တစ်နေ့မှာ လက်ထပ်ပေးမယ်ဆိုတာကိုလည်း နှစ်ဖက်မိဘတွေ ပြောပြီး ဆိုပြီးသား ဆိုတာကို သမီး သိနေပြီးသားပဲ၊ မေမေက ဘာမဟုတ်တာကို စိစဉ်မိလို့ အပြစ်တင်စကား ပြောနေရတာလဲ သမီး"

ထင်မှတ်မထားသော တိုက်ခိုက်မှုကြောင့်ပင် သူမ စိတ်တိုသွေးပျက်နေ၏။

"သမီး ကိုထွေးကို မချစ်ဘူး မေမေ"

"မဖြစ်နိုင်တာဘဲ သမီးရယ်၊ ကိုထွေးက ငယ်ငယ်ကတည်းက သမီးအနားမှာ နေလာခဲ့တဲ့သူ၊ သမီး အနွံအတာကို အခံရဆုံးသူပဲ၊ သမီး ဘာဖြစ်တာလဲ"

"သမီးမှာ ချစ်သူရှိနေလို့ ဒီအစီအစဉ်ကို လက်မခံနိုင်တော့ဘူး မေမေ"

"ဘာပြောလိုက်တယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြောတာ ရှင်းရှင်းလေးပါ မေမေ၊ သမီး ကိုတွေးကို လက်မထပ်နိုင်ဘူး၊ ဒီတော့ အခုစေ့စပ်ပွဲကို သမီးသဘောမပါတဲ့အတွက် အသိအမှတ် မပြုနိုင်ဘူး"

မေမေ့အေါ်သတို့ ပေါက်ကွဲလွင့်စင်သည်ကို ပထမဦး ဆုံးအကြိမ် ကြုံတွေ့ရခြင်း ဖြစ်၏။

သူမပါးကို ရိုက်ချလိုက်သော မေမေ့လက်တို့သည် ပြင်းထန်လွန်းနေ၏။

သူမ ကိုယ်နေဟန်ပင် အတော်လေး ပျက်သွားသည်။

"ဘာလဲ သမီး ... သမီးကို လူဖြစ်အောင် မွေးခဲ့တဲ့ ကျေးဇူးကို ဆပ်ပြလိုက်တာလား၊ ရတယ်လေ ... ဒီနေ့က စပြီး သမီး ဘယ်မှ မသွားရဘူး၊ မေမေကတော့ မေမေ စီစဉ် တဲ့အတိုင်း မဖြစ်,ဖြစ်အောင် လုပ်ရမှာပဲ"

ရာဇသံပေးပြီး သူမရှေ့မှ မေမေ ထွက်သွားတော့၏။

မေမေ့ ကျောပြင်ကို ကြည့်ပြီး မေမေမှ ဟုတ်ပါလေ စ ... ဟု ဝမ်းနည်းမိပြန်၏။





တကယ်တမ်းကျတော့ မေမေက သူမကို ဝမ်းနှင့်လွယ် ပြီး မမွေးခဲ့ပေ။


သူမ၏ အမေရင်းတစ်ယောက် ဆိုရင်တော့ ကိုယ်ထိ လက်ရောက် ရိုက်နှက်မှာ မဟုတ်သလို၊ သူမ စကားတွေကို လည်း ကရုဏာဖြင့် နားထောင်ပေးမှာ သေချာ၏။

အခုတော့ သူမဘဝသည် အရုပ်လေးတစ်ရုပ်ပမာ အသက်မဲ့သူ တစ်ယောက် ခံစားမှုမရှိသူ တစ်ယောက် ဖြစ် သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com





# ၁၂

သူမအဖို့ ရွေးချယ်စရာ တစ်လမ်းသာ ရှိတော့၏။ အဝတ်အစားနှစ်စုံနှင့် စိစစ်ရေးကတ်ပြားကို အသင့်လုပ်ထားမိသည်။ အိမ်မှထွက်ဖို့ အခွင့်အရေးကို မလွှတ်တမ်းပင် အသုံးချလိုက်သည်။

နေ့ခင်းဘက် မေမေ အိပ်ပျော်ခိုက်မှာပင် အိမ်သားတွေ မသိအောင် တိတ်တဆိတ် ထွက်လာဖြစ်သည်။

ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် ဒီနေ့အဖို့ ရန်ကုန်မှ ထွက်နိုင်အောင် ဉာဏ်စွမ်းရှိသရွေ့ အသုံးချရတော့မည်။

ရထားလက်မှတ်ကတော့ ဘယ်လိုနည်းနှင့်မျှ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေမည် မထင်။ မန္တလေးကားဂိတ်များရှိရာသို့ ခြေဦးလှည့်ရသည်။

"ညီမလေး ကံကောင်းတယ်လို့ ဆိုရမယ်၊ နောက်ဆုံးခုံတန်းမှာ တစ်ယောက်စာတော့ နေရာကျန်သေးတယ်"

ကားဂိတ်နှစ်ခုလောက် စုံစမ်းပြီးသောအခါ လုံးဝကြီးစား၍ မရနိုင်တော့မှန်း သိသာသွားသည်။

နောက်ဆုံးတွေ့သော ကားဂိတ်ကို မျှော်လင့်ချက်ဖြင့် ဝင်မေးဖြစ်သည်။

လက်မှတ်ရောင်းသော အမျိုးသမီး၏ စကားကြောင့် ပင် ဝမ်းသာသွားသည်။ ကျသင့်ငွေကို ချက်ချင်းရှင်းလိုက်သည်။ ကားကောင်းတာတွေ၊ နေရာကောင်းတာတွေကို ဂရုမစိုက်နိုင်တော့ဘဲ ဖြစ်သလို အရဲစွန့်ပြီး ခရီးသွားရတော့မည်ပဲ။

လမ်းတစ်လျှောက်လုံး ကောင်းကောင်း အိပ်မပျော်ခဲ့ပေ။ တကယ်လို့များ မေမေကသာ သူမအပေါ် ဒေါသမဖြစ်ခဲ့ဘူးဆိုရင် အိမ်မှ ထွက်လာဖြစ်ပါ့မလားဆိုသော အတွေးက ခဏခဏ ဝင်ဖြစ်ပြန်သည်။





ဒီအချိန်လောက် ဆိုရင်တော့ သူမ အိမ်မှထွက်သွားတာကို အားလုံးသိကြပေတော့မည်။ ကုမ္ပဏီကို လှမ်းဖုန်းဆက်ကြမည်။ သူမနှင့် ပတ်သက်ဖူးသူများထံ လိုက်ရှာကြမှာ သေချာ၏။

အနီးအပါးမှ လူများကတော့ အပူပင်ကင်းကင်းဖြင့် အိပ်စက်နေကြ၏။ သူမ တစ်ယောက်သာ အတွေးများစွာဖြင့် မန္တလေးရောက်သည်အထိ ကြောင့်ကြမှုတွေက မကင်းခဲ့ချေ။ ခရီးသွားဖူးသည် ဆိုသော်လည်း အခုလို ဖြစ်သလိုမျိုးနှင့် တစ်ယောက်တည်းတော့ မသွားဘူးပေ။

ကားဂိတ်ရောက်တော့ ဘာလုပ်ရမှန်းမသိ ကြောင်နေသေး၏။

နောက်ဆုံးမှာတော့ အငှားကားတစ်စီးကို အကူအညီတောင်းပြီး ဦးသက်ထူး တည်းခိုရာနေရာသို့ သွားခဲ့ရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာများ ရန်ကုန်က ဦးသက်ထူး ဆိုတဲ့ သူများတည်း ပါသလားရှင်၊ ကျွန်မက ဦးသက်ထူးရဲ့ ဧည့်သည်ပါ၊ သူရှိနေတယ်ဆိုရင် သူနဲ့ ခဏ တွေ့ချင်လို့ပါ"

သူမစကားအဆုံးမှာပင် စုံစမ်းရေး ဧည့်ကြိုကောင်တာမှ ကောင်လေးက ချက်ချင်းပြန်ဖြေ၏။

"ရှိပါတယ် ခင်ဗျာ။ ခဏလေး ထိုင်စောင့်ပါနော်၊ ကျွန်တော် ခေါ်ပေးပါ့မယ်"

ကောင်လေးညွှန်ပြသော စားပွဲတွင် ပင်ပန်းနွမ်းလျစွာဖြင့် ထိုင်ချလိုက်သည်။ ဦးသက်ထူးနှင့် တွေ့ရမည်ဆိုသောအသိကြောင့် ချုပ်တည်းလာခဲ့သော သူမစိတ်တို့ အားလျော့ကုန်ပြီ ထင်၏။

ရန်ကုန်မှ ခရီးနှင်လာမိသော သူမ အသွင်သဏ္ဌာန်မှာ နွမ်းဖတ်ဖတ်လေး ဖြစ်နေမှာ သေချာ၏။

"ကလေး"

မြင်မြင်ချင်းမှာပင် ဦးသက်ထူး အလွန်အမင်း အံ့ဩသွားပုံရသည်။ ထိုင်ရာမှထပြီး ဦးသက်ထူး လက်ကို အားကိုးတကြီးဖြင့် ဆုပ်တွယ်မိသည်။





နှုတ်မှလည်း လိုက်မောစွာဖြင့် ပြောလိုက်မိလေသည်။

"တစ်နေရာရာကို သွားပြီး စကားပြောကြရအောင် ... ကလေးတို့နှစ်ယောက်စလုံးအတွက် အရမ်းကို အရေးကြီး ... အချိန် ရောက်နေပြီ"

"ဘာတွေ ဘယ်လို ဖြစ်တာလဲ ကလေးရယ်"

ဦးသက်ထူး အမေးစကားကို မဖြေဘဲ လူတွေနှင့် ဝေး ... သို့ အတင်းဆွဲခေါ်သွားမိသည်။

ဦးသက်ထူး တစ်ယောက်ကတော့ အကြောင်းစုံကို ... ချင်စိတ်တွေ ကြီးစိုးနေမှာ သေချာ၏။ သူမ ခေါ်ရာနောက် ... လိုက်ပါလာခဲ့၏။

* * *

လူရှင်းသော စားပွဲမှာ ဝင်ထိုင်ရင်း ရန်ကုန်မှာ ဖြစ် ... ခဲ့ပုံများနှင့် သူမတစ်ယောက်တည်း အရဲစွန့်ပြီး လိုက်လာ ... ပုံများကို အကျဉ်းချုံးပြီး မနားတမ်း ပြောပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားတွေကို ငြိမ်သက်စွာ နားထောင်ပြီး သူမကို နှစ်သိမ့်လေ၏။

"လမ်းတစ်လျှောက်လုံးလည်း မအိပ်ခဲ့ဘူး ထင်တယ်။ ဟုတ်လား ကလေး၊ ရေအေးအေး သောက်လိုက်ဦး၊ ပြီးတော့ တစ်ခုခုဝင်အောင် အစားစားလိုက်ဦး"

"အစားအသောက်တွေက အရေးမကြီးပါဘူး ဦးရယ်။ ကလေးပြောခဲ့တာတွေကို ဦး နားလည်တယ် မဟုတ်လား။ ဒီက တရားရုံးတစ်ခုခုမှာ ဒီနေ့ချင်းပဲ လက်မှတ်ထိုးလိုက်ကြရအောင်"

"ကလေးအနေနဲ့ မိဘတွေကို ကြိုကြိုတင်တင် ပြောထားခဲ့ရင် ဒီပြဿနာတွေဖြစ်မှာ မဟုတ်ဘူး၊ ကလေးမှာ ချစ်သူရှိတယ်လို့သာ ပြောခဲ့တာ၊ အဲဒီလူဟာ ဘယ်သူဘယ်ဝါဖြစ်တယ် ဆိုတာကို ကလေး မပြောပြဖြစ်ဘူး မဟုတ်လား"

"ဒီအခြေအနေ ရောက်မှတော့ ဦး ဘယ်သူဘယ်ဝါဆိုတာကို ပြောပြလို့လည်း အပိုပဲ၊ ထွေးဖော်က ကလေးရဲ့ သူငယ်ချင်း၊ ပြီးတော့ မေမေက ထွေးဖော် မိဘတွေနဲ့ စီးပွားဖက်ပဲ။ ဦးဘက်ကနေ ရပ်မှာ မဟုတ်ဘူး"





"ကလေး ဒီလို ခွတ်ထွက်လာတော့ အားလုံးက စိတ်ပူနေကြမှာ သေချာတယ်"

သူမဘက်မှ အခြေအနေ အားလုံးကို အသည်းအသန်ဆောင့်တနေသော်လည်း ဦးသက်ထူးကတော့ သွေးအေးပြနေ၏။

သူမ စကားတွေ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေအပေါ် ဦးသက်ထူးတစ်ယောက် သက်ာမကင်း ဖြစ်နေသည်လား။

ချက်ချင်းဆိုသလိုပင် လေသံမာမာဖြင့် သူမ ပြောလိုက်မိသည်။

"ဘာလဲ ဦး ... ကလေးပြောတာတွေကို မယုံလို့လား၊ ကလေးက ဦးနဲ့လွဲမှာစိုးလို့၊ ဦးနဲ့ မခွဲနိုင်လို့ အားလုံးကို စွန့်လွှတ်လာခဲ့တာ၊ ဦးအနေနဲ့ ကလေးကို လက်မခံချင်တဲ့သဘောလား ... ဦး"

"ဒီသဘောမျိုး ပြောတာ မဟုတ်ဘူး ကလေး၊ အားလုံးတင့်တင့်တယ်တယ် ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ ပြောတာပါ"

"ဒါဆိုလည်း ကလေးပြောသလို လက်မှတ်ထိုးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ကလေးက လုပ်ခဲ့ပြီးပြီဆိုမှတော့ ဒီဇာ
ဓဲ လုပ်ရမှာပေါ့၊ ကလေး ဒီကပဲ ခဏစောင့်"

"ဦး ဘာလုပ်မလို့လဲ"

"အခန်းပြန်ပြီး ပစ္စည်းတွေ သိမ်းမယ်လေ၊ ပြီးတာ
အသိ တစ်ယောက်ကို အကူအညီ တောင်းမယ်၊ တရားရုံး
လက်မှတ်ထိုးပြီးတာနဲ့ ဦးနဲ့ကလေးတို့ ပြင်ဦးလွင် ဆက်တ
ကြတာပေါ့"

ဦးသက်ထူး၏ အစီအစဉ်တွေကြောင့်ပင် သူမ ဝမ်းသ
သွားမိသည်။ လိုရမယ်ရ သဘောမျိုးဖြင့် နောက်ကြောင်း
နိုင်အောင် သတိပေးလိုက်ရသေး၏။

"ကလေးတို့ လက်ထပ်တာကို ရန်ကုန်က လူ
ချက်ချင်းသိလို့ မဖြစ်ဘူးနော်၊ တော်ကြာ မေမေတို့ သိ
ပြီး အားချင်းလိုက်လာကြမှာ စိုးရိမ်ရတယ်"

"စိတ်ချစမ်းပါ ကလေးရယ်၊ ဦး ပိပိရိရိ စီစဉ်မှာ
အလုပ်ကိစ္စအကြောင်းပြပြီး ပြင်ဦးလွင်မှာ လေးငါးဆယ်
လောက် ထပ်နေဖို့ပါ တစ်ခါတည်း စီစဉ်မှာပါ"






ဦးသက်ထူး တစ်ယောက်လည်း စောစောကလို အမှု
အရာမျိုးတွေ ဖြစ်မနေတော့။

မထင်မှတ်ဘဲ သူမနှင့် ဦးသက်ထူးတို့ ရုံးတက်လက်
မှတ်ထိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## ၁၃

ဦးသက်ထူးနှင့် မန္တလေးလို နေရာမျိုးမှာ လက်ထပ်ဖြစ်လိမ့်မည် ... အိပ်မက်ပင် မမက်ဘူးပေ။

ဒီလိုမှ အရေးတကြီး မစီစဉ်ပြန်ရင်လည်း ထွေးဖော်ပြဿနာက ရှင်းလို့ရမှာ မဟုတ်ပေ။ တရားရုံးပေါ်တက်တော့ ဦးသက်ထူး၏ လက်မောင်းများကို ခိုမှီထားလိုက်၏။

ဦးသက်ထူး၏ သူငယ်ချင်း ဦးထွန်းဝင်းကလည်း သူမတို့နှစ်ယောက် အဆင်ပြေစွာ လက်မှတ်ထိုးနိုင်ဖို့ များစွာ အကူအညီပေး၏။ ဦးသက်ထူး ပြောပြထားလို့ ဦးထွန်းဝင်းလည်း အခြေအနေ အရပ်ရပ် သိပြီးလောက်ပြီ ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လူကြီးက စွဲမယ့်စွဲတော့လည်း ရတ်တရက်ကြီးပါပဲ၊ ဒီတစ်ခေါက် မန္တလေးကို ရောက်လာကတည်းက ခင်မိုးဦးရဲ့ အကြောင်းကို ရက်ဆက်လို ပြောနေဖြစ်ခဲ့တာ၊ လူချင်း အခုမှ တွေ့ဖူးပေမယ့် တရင်းတနှီးလိုပါပဲ"

ဦးထွန်းဝင်း ပြောလာသည်ကို ပြုံးပြီး နေဖြစ်လိုက်၏။

ဦးသက်ထူးက ဝင်ပြောသည်။

"ထွန်းဝင်းကြီးကို ကျေးဇူးတင်စကား ပြန်ပြောလိုက်ဦးလေ ကလေး၊ ဦးတို့နှစ်ယောက် လက်မှတ်ထိုးဖို့ကိစ္စရော၊ ပြင်ဦးလွင်မှာ အခန်းအဆင်သင့် ဖြစ်နေအောင်ရော အားလုံးကို ထွန်းဝင်းကပဲ တာဝန်ယူပေးတာ"

"ကျွန်မတို့နှစ်ယောက်အတွက် အလုပ်ရှုပ်သွားတာရယ်၊ အကူအညီ ပေးတာတွေအတွက် အရမ်းကို ကျေးဇူးတင်ပါတယ်"

တရားသူကြီးရှေ့ကို ရောက်သွားသည်အထိ အစစအရာရာ ချောမွေ့နေသည်။

တရားရုံးမှာ လူအများကတော့ သူမနှင့် ဦးသက်ထူးတို့ရုံးတက်လက်မှတ်ထိုးခြင်းကို တအံ့တသြဖြင့် ငေးကြည့်နေကြသည်။

လူတွေရင်သပ်ရှုမော ဖြစ်ကြသည်မှာ သူမနှင့် ဦးသက်ထူးတို့၏ အသက်ကွာခြားမှုကြောင့်ပင် ဖြစ်ရမည်ထင်၏။

* * *

"ကဲ ... ကလေး၊ ဦးတို့နှစ်ယောက်ကတော့ မမျှော်လင့်ဘဲ အကြင်လင်မယားဘဝကို ရောက်သွားပြီနော်၊ ဦးတို့ကလေးတို့ရဲ့ ကုသိုလ်ကံက ဆန်းကိုဆန်းလွန်းတယ်၊ ဦးတော့ဖြင့် အခုအချိန်အထိ အိပ်မက်များလိုတောင် ထင်နေမိတာ အမှန်ပဲ"

"အိပ်မက် မဟုတ်ပါဘူး ဦးရဲ့၊ ဦးအနားမှာ ကလေး တကယ် ရောက်နေတာပါ၊ ဦး ဇနီးအဖြစ်နဲ့ ရောက်နေရတာလေ၊ ဒီတော့ ကလေးရဲ့ အချစ်တွေကိုတင် မကဘူး၊ အားလုံးကို ဦးက ပိုင်ဆိုင်ခွင့် ရှိနေပြီလေ"







www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်၏ ရာသီဥတုကြောင့်ပင် ကြင်စဦး ဇနီးမောင်နှံအတွက် နေပျော်ဖွယ် ဖြစ်နေပြန်၏။

လူတွေရှေ့မှာတော့ ဟန်ဆောင်နေရ၍လား ... မသိ။ နှစ်ယောက်တည်းကျပြန်တော့ ဦးသက်ထူးက လူငယ်လေးတစ်ယောက်လို ဖြစ်နေပြန်၏။

"လူတွေ ပြောကြ ဆိုကြတာတွေ ရှိတယ် သိလား ကလေး"

"ဘာများလဲ ဦး"

"ကိုယ့်ထက် အသက်အရမ်းငယ်တဲ့သူကို ယူမိရင် အစစ အရာရာမှာ စိတ်မချနိုင်ဘူးကဲ့၊ ကလေးနဲ့ ပတ်သက်ပြီးတော့ ဦးလည်း ဒီတိုင်းပဲ ခံစားရတယ်"

"ကလေးဘဝမှာ ဦးတစ်ယောက်ကိုပဲ စွဲစွဲလမ်းလမ်း ချစ်ခဲ့တာ၊ ဦးရဲ့ ချစ်မြတ်နိုးမှုအောက်မှာ တစ်ဘဝလုံး ပါရမီ ဖြည့်သွားမှာပါ ဦးရဲ့၊ ဦးက ဘယ်လိုနေစေချင်လဲ၊ အသက်ကွာတယ်ဆိုပေမယ့် ကလေးက လူကြီးလို ပြင်ဆင်နေထိုင်မှာပေါ့ ဦး"





"လူတွေကတော့ ကလေးကို မုန့်ပေးကျွေးတယ်လို့ ပြောကြမှာပဲ"

"ဦးကပဲ ပြန်ပြောလိုက်ပေါ့"

"ဘယ်လိုပြောရမှာလဲ ကလေး"

"ကျွန်တော် ကလေးကို မုန့်ပေးကျွေးတာ မဟုတ်ဘူး၊ ကျွန်တော့်နှလုံးသားကို အပိုင်ပေးပြီး ချစ်ခဲ့တာ၊ တစ်ဘဝလုံး ပုံအောပြီး မြတ်နိုးခဲ့တာလို့ ပြောလိုက်ပေါ့"

"ကလေးက စကားတတ်တယ်"

သူမ ပြန်ပြောချိန်ပင် မရလိုက်တော့ပေ။

မန်းမြို့တော်သည် ငြိမ်းချမ်းတိတ်ဆိတ်စွာဖြင့် သူမတို့နှစ်ဦး၏ ရင်ခွင်များကို နွေးထွေးပေးခဲ့သည်ပဲ။

ချစ်ခြင်း၏ရနံ့များ ကြိုင်လှိုင်ပြီး မက်မောမှုတွေ တစ်မွေ့တစ်ပိုက်ဖြင့် အနာဂတ်ဘဝကို ထုဆစ်နိုင်ခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com





# ၁၄

ဦးသက်ထူးနှင့် လက်မှတ်ထိုးပြီး သုံးရက်မြောက်သော နေ့မှာတော့ ရန်ကုန်မှ သတင်းတစ်ခုကို ကြားရ၏။

အလုပ်ကိစ္စကြောင့်ပင် ပြင်ဦးလွင်မှာ သူမကို ထားခဲ့ပြီး ဦးသက်ထူး မန္တလေး ဆင်းသွားသည်။

ဦးသက်ထူး ပြန်ရောက်ချိန်မှာတော့ ပျင်းပျင်းရှိ၍ သူမ တစ်ယောက်တည်း လမ်းလျှောက်ထွက်နေသည့် အချိန်နှင့် သွားတိုးနေသည်။

"ဦး ပြန်ရောက်ရောက်ချင်းမှာ ကလေးကို မတွေ့တော့ အရမ်းကို အမောဆို့သွားတာပဲ၊ ဒီကလူတွေက လမ်းလျှောက် ထွက်သွားတယ် ပြောလိုက်မှ စိတ်အေးသွားရတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်၏ ရှုခင်းများက စိတ်ကို ဆွဲဆောင်နိုင်သော်လည်း သိပ်ဝေးဝေး မသွားဖြစ်ခဲ့ပေ။

ဦးသက်ထူးများ ပြန်ရောက်လာလေမလား ဆိုသောစိတ်ကြောင့်ပင် နောက်ဆံတင်းခဲ့ရသည်။

"ဦးကို ကလေးက ခွဲသွားပါ့မလား၊ ဦးနဲ့ မခွဲနိုင်လို့ ဦးနောက်ကို အရဲစွန့်ပြီး လိုက်ခဲ့ရတာ၊ အခုအခြေအနေမှာဆို ပိုပြီးတော့တောင် ခွဲသွားဖို့ ခက်သေးတယ်"

"ကျေးဇူးတင်ပါတယ် ကလေးရယ်"

အပြင်မှ ပြန်လာသော သူမနှင့် တည်းခိုခန်းရှေ့မှာပင် ဆုံဖြစ်သည်။ လူရှေ့သူရှေ့မှာပင် သတိလက်လွတ်ဖြင့် အလွမ်းသယ် ဖြစ်ကြသည်။

ပတ်ဝန်းကျင်ကို သတိရစိတ် ဖြစ်သွားပြီး ဦးသက်ထူးအား တိုးတိုးလေး ကပ်ပြောလိုက်ရသည်။

"အခန်းကို အမြန်ရောက်အောင် သွားမှဖြစ်မယ်၊ တော်ကြာ ဒီကလူတွေအတွက် အမြင်ကတ်စရာ ကောင်းနေဦးမယ်"

"ဘာဖြစ်လို့ ကလေးရယ်"





နှစ်ဦးသား ဖက်တွယ်ရင်းက အခန်းဆီသို့ လာခဲ့ကြသည်။

ဦးသက်ထူးက အမောမပြေနိုင်သေးဘဲ သတင်းစကားတစ်ခုကို ပြောလာသည်။

"ရန်ကုန်က သတင်းနဲ့ ပတ်သက်ပြီး ကလေးကို ပြောပြရဦးမယ်"

ရန်ကုန်က ဆိုသောကြောင့် မေမေတို့ ထွေးဇော်တို့နှင့် ပတ်သက်သည့်ကိစ္စပဲ ဆိုတာကို ချက်ချင်း နားလည်လိုက်၏။

သိချင်ဇောကြောင့်ပင် အမြန်မေးလိုက်မိသည်။

"ဘာသတင်းလဲ ဦး၊ မေမေတို့နဲ့ ပတ်သက်တဲ့ သတင်းလား၊ မေမေများ တစ်ခုခု ဖြစ်လို့လား ဦး"

"ကလေးမေမေ ဘာမှမဖြစ်ပါဘူး၊ ဦးကလည်း မှုယာပြောပြလို့ ကြားလာရတာပါ၊ အခု ကလေးလုပ်ခဲ့တဲ့ကိစ္စဆွပါပဲ၊ မှုယာကတော့ ဦး မသိဘူးထင်ပြီး တအံ့တသြနဲ့ ပြောပြရှာတာပေါ့"

"ဘာလဲ ဦး၊ အိမ်က ထွက်ပြေးပြီး လင်နောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုတဲ့ သဘောလား၊ ကုမ္ပဏီကို မေမေ လိုက်လာ
လို့များ ...”

မေမေကတော့ သူမကို မြေလှန်ရှာမှာ သေချာသည်

ဦးသက်ထူးနှင့် ပတ်သက်လိမ့်မည် ... ဟု မေမေ
ထင်ကြမှာ မဟုတ်ပေ။ သူမတို့နှစ်ယောက်နှင့် အနီးကပ်
သော မူယာကတောင် သူမတို့ အရိပ်အကဲကို မသိနိုင်မှတော့
ကျန်သည့်လူတွေအတွက် လမ်းစပျောက်သလို ဖြစ်နေ
သေချာသည်။

“ကလေး ပြောတဲ့ ကလေး သူငယ်ချင်း ထွေးဇော်
လိုက်လာပြီး စုံစမ်းတာတဲ့၊ သူ့အထင်တော့ အလုပ်ထဲ
တစ်ယောက်ယောက်နဲ့ ငြိတွယ်ပြီး ကလေး ထွက်သွားတာ
ယူဆလို့ နေမှာပေါ့၊ မူယာကတော့ အသေအချာ ရှင်းပြလို
ပါတယ်၊ ဒီကုမ္ပဏီမှာတော့ ကလေးနဲ့ ပတ်သက်တဲ့သူ
ဘူးပေါ့၊ မူယာကလည်း ကလေးပျောက်နေတဲ့အတွက် အ
လေး စိတ်မကောင်း ဖြစ်နေတာ”

မေမေတို့ ထွေးဇော်တို့တော့ ဦးနှောက်ခြောက်





သေချာ၏။ ပြင်လွင်ဦးမှာ ဦးသက်ထူးနှင့် အတူရှိနေသည်
ကို ဘယ်လိုမှ သိနိုင်ကြမှာ မဟုတ်ပေ။

“ဦးက, မူယာကို ပြောပြလိုက်သေးလား”

“အခု အခြေအနေမှာ ပြောပြလို့ မရသေးဘူးလေ၊
ဦးလည်း တအံ့တသြ ပြန်လုပ်ပြလိုက်ရတာပေါ့”

“ဦးက ဘယ်ဆိုးလို့တုန်း”

“ဒီလောက်တော့ သရုပ်ဆောင်ရမှာပေါ့၊ တော်ကြာ
ကလေးမေမေက အသက်ကြီးတာကို သဘောမကျဘဲ ပြန်
ခေါ်သွားရင် ဦး ရင်ကွဲရမှာလေ”

ဦးသက်ထူး စကားကြောင့်ပင် ကျေနပ်သွားမိသည်။

တကယ်တော့ မူယာနှင့် ပြောခဲ့ဆိုခဲ့သည့် စကားတွေ
က ကျန်နေသေး၏။ ထွေးဇော်၏ သဘောထား၊ မေမေ့
သဘောထားများနှင့် သက်ဆိုင်သည်များကိုတော့ ထမင်းဝိုင်း
ကျမှ နောက်ဆက်တွဲအဖြစ် ဦးသက်ထူး ပြောပြလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ထွေးဇော် ဆိုတဲ့ ချာတိတ်က ကလေးအပေါ်မှာ တော်တော်သံယောဇဉ်ကြီးတာပဲနော်"

ဦးသက်ထူး ကိုယ်တိုင်က ပြောလာတော့ ထွေးဇော် အတွက် စိတ်မကောင်း ဖြစ်ရသေးသည်။

ဦးသက်ထူး၏ သဘောထားကို သိချင်သည့်အတွက် လည်း သူမကပင် မေးခွန်းပြန်ထုတ်လိုက်မိသည်။

"ဘာကြောင့် ဒီစကား ပြောရတာလဲ ဦး"

"တကယ်တော့ မူယာနဲ့ ပြောခဲ့ဆိုခဲ့တဲ့ စကားတွေက ကျန်နေသေးတယ် ကလေးရဲ့၊ ထွေးဇော်ရဲ့ သဘောထား ပြီးတော့ ကလေးမေမေရဲ့ သဘောထားတွေပဲ"

ဦးသက်ထူး စကားကြောင့်ပင် အရမ်းသိချင်သွားသည်။

ထွေးဇော်နှင့် မူယာတို့ ဘယ်အတိုင်းအတာအထိ စကား တွေ ပြောခဲ့ကြပါလိမ့်။

"သူတို့တွေက, ကလေးကို ဘယ်လိုများ သဘောထား ကြလို့လဲ ဦး"

"ကောင်းတဲ့ သဘောပါပဲ ကလေး၊ ထွေးဇော်က အ





ဖြစ်ခဲ့ပျက်ခဲ့တာနဲ့ ပတ်သက်ပြီး မူယာ့ကို ရင်ဖွင့်သွားရှာတယ်၊ လိုရင်းကတော့ကွာ ... ကလေးမေမေကလည်း စိတ်မကောင်း ဖြစ်နေရှာတယ်၊ ထွေးဇော်ကလည်း ဒီအခြေအနေထိ ဖြစ်လာ ခဲ့ရင် စေ့စပ်ဖို့ကိစ္စကို သူ မစိစဉ်ပါဘူးတဲ့၊ တကယ်လို့များ ကလေးအနေနဲ့ ချစ်တဲ့သူနောက် လိုက်သွားတယ်ဆိုရင် လည်း အားလုံးအဆင်ပြေအောင် နှစ်ဖက်မိဘတွေကို သူကပဲ ညှိပေးမယ်လို့ ပြောသွားတယ်၊ ကလေးက စိတ်တွေပူပြီး အိမ်ပြန်မလာမှာကိုပဲ စိုးရိမ်နေကြတာ"

"ဒီစကားကတော့ မင်္ဂလာစကားပဲ ဦး၊ တကယ်လည်း သူ ပြောသလို ထွေးဇော် လိုက်လုပ်ပေးမှာ သေချာတယ်၊ သူ့ကို သနားပေမယ့် ကလေးနဲ့ ဦးတို့ အဆင်ပြေဖို့ ရန်ကုန် ရောက်ရင် အကူအညီ တောင်းရဦးမှာပဲ"

"ဦးလည်း ဒီလိုပဲ တွေးတယ်၊ ဦး အခြေအနေကို သိရင်တော့ ကလေးမေမေက သဘောမတူစရာ မရှိပါဘူး၊ ကလေးနဲ့ ရောမိုက်တယ်လို့တော့ အစွပ်စွဲခံရမှာပေါ့ ကလေး ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပဲနော် ဦး ... ဒီသတင်းကြားတာနဲ့ အလောသုံးဆယ်လုပ်ပြီး ရန်ကုန်ပြန်မဆင်းချင်နဲ့ဦး၊ နဂိုအစီအစဉ်အတိုင်းပဲ ရက်ပြည့်တဲ့အထိ ပြင်ဦးလွင်မှာ နေဦးမယ်နော်"

"ဒါပေါ့ ကလေးရဲ့ ... ဖြစ်နိုင်မယ်ဆိုရင် ဒီလိုမျိုးပဲ ကလေးနဲ့ နှစ်ယောက်တည်း နေချင်တယ်၊ ရန်ကုန်ပြန်ရောက်ရင်လည်း ဦးအိမ်မှာပဲ ကလေး နေရမှာနော်၊ ရန်ကုန်ဆင်းခါနီးကျမှ ဦးတို့ကိစ္စကို ဖွင့်ပြောပြီး မူယာကို အားလုံးစီစဉ်ခိုင်းရမယ်"

"ဒီအကြောင်းတွေကို မူယာ သိရင်တော့ အရမ်းဝမ်းသာမှာပဲ၊ မူယာက ဦးနဲ့ ကလေးကို သဘောတူနေတာ သိလား"

ဒီအတိုင်းသာ ဆိုရင်တော့ သူမနှင့် ဦးသက်ထူးတို့၏ အနာဂတ်မှာ အတော်လေးကို ချောမွေ့နေ၏။ အကြောင်းစုံကို မေမေ သိခဲ့ရင်တော့ သဘောမတူစရာ အကြောင်းရှိမည် မဟုတ်ပေ။

(***)



# ၁၅

ကုမ္ပဏီကိစ္စကြောင့်ပင် ဦးသက်ထူး တစ်ယောက် ...လေး ဆင်းသွားတော့ ပြင်ဦးလွင်မှာ တစ်ယောက်တည်း ...င်းကျန်ခဲ့ရပြန်၏။

ဒီနေ့တော့ သူမ တစ်ယောက်တည်း အပြင့်လမ်းလျှောက် ...က်လို့ မဖြစ်ပေ။ ဘယ်မှ မသွားရဘူးဟုလည်း ဦးသက်ထူး ... မှာထားခဲ့သည်။ ကိစ္စပြီးသည်နှင့် ချက်ချင်းဆိုသလို ပြန် ...မည်ဟု အတန်တန် ပြောခဲ့သောကြောင့် အခန်းအောင်း ...ဖြစ်သည်။

ကြာလာတော့လည်း ဒီအတိုင်း မနေချင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အပျင်းပြေသောမျိုးဖြင့် ဦးသက်ထူး၏ အဝတ်အစားများကို လျှော်ဖွပ်ထားလိုက်မည် ... ဟု စိတ်ကူးရင်းက ဦးသက်ထူး၏ ခရီးဆောင်အိတ်ကို ရှင်းလိုက်သည်။

အဝတ်အစားတွေ ထုတ်ရှင်းရင်းကပဲ အောက်ဆုံးမှ ဒိုင်ယာရီစာအုပ် အဟောင်းလေးတစ်အုပ် ထွက်လာခဲ့သည်။

ဦးသက်ထူးက သူမ၏ယောကျ်ား ဖြစ်နေပြီပဲ။

အဝတ်မလျှော်ခင် ဖတ်ကြည့်လိုက်ဦးမည် ... ဟု တွေးမိလိုက်သည်။

စာအုပ်ကို အဖွင့်မှာပင် ဒိုင်ယာရီ အဖုံးထဲတွင် ညှပ်ထားသော ဓာတ်ပုံကြောင့်ပင် အရမ်း တုန်လှုပ်သွားမိသည်။

နှုတ်မှလည်း ယောင်ယမ်းပြီး ရေရွတ်မိလိုက်၏။

"မေမေ့ဓာတ်ပုံပဲ၊ ဒုက္ခတော့ ဖြစ်ကုန်ပြီထင်တယ်"

သူမ ဆက်စပ်တွေးသလို မဖြစ်ပါစေနှင့် ... ဟု ဆုတောင်းမိပြန်သည်။ ဒိုင်ယာရီပါ အကြောင်းအရာများကို တုန်လှုပ်ခြင်းများစွာဖြင့် ဖတ်ကြည့်လိုက်၏။

တကယ်တမ်းမှာတော့ သူမ ဆုတောင်းမပြည့်ခဲ့ပါလေ။





သူမ ဆက်စပ်တွေးခဲ့သလိုပင် ဦးသက်ထူးမှာ မေမေနှင့် ပတ်သက်ခဲ့သည်ပဲလေ။

* * *

"ကလေး ... ရေ"

အခန်းတံခါးကို တွန်းဖွင့်ရင်းက တစာစာဖြင့် အော်ခေါ်နေ၏။ အိပ်ရာထက်တွင် လဲလျောင်းနေရင်းက ပြန်ထူးချင်စိတ် မရှိသလောက် ဖြစ်နေ၏။

သူမ နံဘေးမှာ ပစ်လှဲချလိုက်ရင်းက ဦးသက်ထူး ချော့မြူပြန်သည်။

"ဘာလဲ ကလေး ... ဦး ကြာသွားလို့လား"

သူမ မဖြေမိ။ ဦးသက်ထူး မျက်နှာကိုလည်း မျက်နှာချင်းဆိုင်ဖို့ ဝန်လေးနေမိသည်။

သူမထံမှ လှုပ်ရှားမှု မရှိသောအခါ အတင်းဆွဲလှည့်ပြီးမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း နေရလို့ စိတ်ကောက်နေတာလား ကလေး၊ နောက်နေ့တွေဆို မန္တလေး သွားစရာ မလိုတော့ဘူး ကလေးရဲ့၊ စိတ်ကောက်ပြေတော့နော်"

"ကျွန်မကို မထိပါနဲ့ ဦးသက်ထူး"

"ကလေးကလည်း နောက်တာ အရမ်းလွန်တာပဲ အဲဒီလောက်ထိ မနောက်နဲ့ကွာ"

ဦးသက်ထူး အနေဖြင့် သူမ စိတ်ကောက်နေသည်။ ဒါ့မှမဟုတ် တမင်နောက်နေသည် ... ဟု ထင်မြင်နေပုံရသည်။

သူမ ထပ်ပြောလိုက်သော စကားကြောင့်ပင် ဦးသက်ထူး တစ်ယောက် ငြိမ်သက်သွားရ၏။

"ကျွန်မကို ကွာရှင်းပေးပါ ဦးသက်ထူး၊ ကျွန်မ ရှင့်ကို မပေါင်းနိုင်တော့ဘူး"

"ဒီလောက်အထိ ဖြစ်စရာ မလိုဘူးလေ ကလေး ဘာလို့ ကွာရှင်းဖို့အထိ စကားတွေ ပြောရတာလဲ ကလေးရယ်"





"ကျွန်မ ကွာရှင်းဖို့ပဲ သိတယ် ဦးသက်ထူး၊ ကျန်တဲ့ ကိစ္စကို ဘာမှ မသိချင်တော့ဘူး"

"ဦး ရှင်းပြပြီးပြီလေ၊ နောက်ရက်တွေကို ကလေး အနားကနေ ဘယ်မှ ဦး မသွားတော့ဘူး၊ ကျေနပ်နော် ကလေး"

"ကျွန်မ ကွာရှင်းချင်တာက မန္တလေးသွားတဲ့ ကိစ္စနဲ့ ဘာမှ မပတ်သက်ဘူး ဦးသက်ထူး"

"ကလေး အတည်ပြောနေတာလား"

"အကြောင်းမရှိဘဲနဲ့တော့ ဒီကွာရှင်းဖို့ကိစ္စကို ပြောမှာ မဟုတ်ဘူး၊ ဘာကြောင့်များလဲကွယ်"

ဦးသက်ထူး တစ်ယောက် ခေါင်းကျပ်ပြီး အကြံအိုက်နေ၏။

ချက်ချင်းဆိုသလိုပင် လှဲနေရာမှ ထထိုင်လိုက်သည်။ သူမ အပြုအမူအတိုင်းပင် ဦးသက်ထူးလည်း ထထိုင်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဦး နားလည်အောင် ပြောပြစမ်းပါဦး ကလေးရယ်၊ ဘာကြောင့်များ ကလေး ဒီလို ဖြစ်သွားရတာလဲ"

အံကြိတ်ရင်းပင် စိတ်ကို တည်ငြိမ်အောင် လုပ်ယူလိုက်၏။

စကားတွေကို ဟန်လုပ်ပြီး ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ နင့်ကျန်နေ၏။

"ရှင်းရှင်းလေးပဲ ဦးသက်ထူး၊ ကျွန်မ နားလည်ဖို့ဟာ တစ်ခုကတော့ ဦးသက်ထူးနဲ့ နေတာကို မပျော်ပိုက်တော့လို့ပဲ၊ အခုမှ ကျွန်မ သိခဲ့ရတာ၊ ကျွန်မ ဦးသက်ထူးကို ထင်သလောက် ချစ်ခဲ့မိတာ မဟုတ်ဘူး"

ဦးသက်ထူး ကတော့ ဝမ်းနည်းစွာဖြင့် တွေးကြည့်နေ၏။

သက်ပြင်းရှည်ချရင်းက ဦးသက်ထူး ပြောသည်။

"မဖြစ်နိုင်ဘူး ကလေး၊ ဒီစကားတွေဟာ လုံးဝအခြေအမြစ်မရှိတဲ့ စကားတွေပဲ"

"ကောင်းပြီလေ ... ဒါဆိုရင် ရှင် ကျွန်မကို ကွာပေးမလား၊ မကွာပေးဘူးလား၊ ဒါပဲ ပြော"





ခပ်တည်တည် ခပ်ပြတ်ပြတ်ပင် မေးလိုက်၏။

ဦးသက်ထူးကလည်း ပြတ်သွားစွာပင် ငြင်းဆန်လေ၏။

"မကွာပေးနိုင်ဘူး ကလေး၊ ချစ်လို့ တစ်ဘဝလုံး အတူနေဖို့ လက်ထပ်ယူခဲ့တာ၊ ရန်ကုန်ပြန်ရောက်တာနဲ့ စီစဉ်စရာရှိတာ အမြန်စီစဉ်ပြီး မင်္ဂလာဆောင်တော့မယ့် အခြေအနေပဲ ကလေးရယ်"

"ဟုတ်ပြီ ... ရှင် မကွာပေးရင်တော့ ကျွန်မ ထင်တာ ကျွန်မ လုပ်ယူရလိမ့်မယ် ဦးသက်ထူး"

ဦးသက်ထူးကတော့ အလွယ်တကူ လက်ခံမှာ မဟုတ်ပေ။

ဦးသက်ထူးဆီမှာ ကွာရှင်းခွင့်ရအောင်တော့ နည်းလမ်းတွေ ရှာရဦးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

သူမ အိပ်ချင်ယောင် ဆောင်နေခိုက်မှာပင် ဦးသက်ထူး အပြင်ခဏ ထွက်သွား၏။ ဦးသက်ထူးလည်း အကြံအိုက်ပြီး လမ်းထွက်လျှောက်မှာန်တူသည်။

“အစ်မကို တစ်ခုလောက် ကူညီပါကွယ်”

“ဘာကူညီရမလဲ အစ်မ”

“ဒီလိုကွယ် ... မိတ္ထီလာအထိ သွားချင်လို့ ဘယ်လောက်ပဲကျကျ ကားတစ်စီးလောက် ငှားပေးပါလား”

သူမနှင့် ဦးသက်ထူးတို့ တစ်ခုခု ပြဿနာဖြစ်ပြီဆိုတာကို ဝန်ထမ်းကောင်လေးက ချက်ချင်း နားလည်လိုက်၏။ အချင်းချင်း တီးတိုးတိုင်ပင်ပြီးမှ သူမကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးတော့ စောင့်နော် အစ်မ၊ ဈေးကတော့ သူတို့တောင်းတဲ့ဈေး ပေးရမှာ"

"ရတယ် မောင်လေး"

အချိန်ကြာကြာ မစောင့်ဆိုင်းရပေ။ ဟိုတယ်ရှေ့သို့ အငှားကားတစ်စီး ထိုးဆိုက်လာ၏။

ကောင်လေးနှင့်အတူ အငှားကားဆီသို့ လျှောက်လာဖြစ်သည်။

ဟိုတယ်အတွင်းမှ လူတွေကလည်း သူမတို့ အဖြစ်အပျက်ကို ဝိုင်းကြည့်နေကြသည်။

"ဒါက ဘာလုပ်တာလဲ ကလေး၊ ခင်ဗျားကရော ဘာသဘောနဲ့ ဒီကို ရောက်လာတာလဲ"

ဦးသက်ထူးက ကားဆရာကို ပြဿနာသွားရှာ၏။ ကားဆရာက ကြောက်ကြောက်လန့်လန့်နှင့် ရှင်းပြရှာသည်။

"ဒီလိုပါ ခင်ဗျာ ... ဒီဟိုတယ်က ပဲခူးအထိ ကားအော်ဒါရှိလို့ ကျွန်တော် လာခဲ့ရတာပါ"

"မဆိုင်တဲ့သူတွေကို ပြဿနာ မရှာပါနဲ့ ဦးသက်ထူး၊





ရှင် ကျွန်မကို ကွာမပေးနိုင်မှတော့ ကျွန်မ လုပ်ချင်ရာလုပ်မယ်၊ ရှင် မကွာပေးဘူးဆိုရင် ကျွန်မ အသက်ဆုံးရှုံးခံရမှာကိုလည်း ဝန်မလေးဘူး"

သူမ တကယ်လုပ်တော့မည် ဆိုတာကို ဦးသက်ထူး သိနေသည် ထင်၏။ လူတွေကလည်း တဖြည်းဖြည်း ဝိုင်းအုံလာကြတော့ ကားပေါ်သို့ ဦးသက်ထူး တက်လိုက်သည်။

"ကဲ ... ကားဆရာ၊ မန္တလေးကို လောလောဆယ် မောင်းပေးပါ"

"ရှင် ဘာလုပ်ဦးမလို့လဲ ဦးသက်ထူး၊ ရှင် ကျွန်မ သေသလို သေရဲတဲ့သတ္တိ ရှိလို့လား"

"ကလေး ဒီလောက် ခါးခါးသီးသီး ဖြစ်နေမှတော့ ဦး ကွာပေးပါတော့မယ်၊ ဦး အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ပါတယ်၊ ဦးကြမ္မာကိုက မကောင်းတာပါ၊ ဦးရဲ့နှလုံးသားအတွက်တော့ ဒုတိယအကြိမ် အရိုက်ထိုးခံရတာပါပဲ၊ ဒီတစ်ခါတော့ ပိုအခံရခက်ပါတယ် ကလေးရယ်"

ဒါဆိုရင်တော့ မန္တလေးတရားရုံးတစ်ခုခုမှာ သူမကို ကွာရှင်းပေးဖို့ ဦးသက်ထူး သဘောတူလိုက်ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေကို သူမ မသိချင်တော့ပေ။ ဦးသက်ထူး မျက်နှာကိုလည်း စေ့စေ့မကြည့်ရဲတော့ပေ။ သူမ ရင်ထဲမှာ တော့ အပူမီးတွေ တောက်လောင်နေရသည်ပဲ။

* * *

မန္တလေးမှာ ကွာရှင်းပြီးတော့ ဦးသက်ထူးက သူမ သွားလိုရာကို လွတ်လပ်စွာ သွားခွင့်ပေး၏။

ကားဆရာကိုလည်း သူမ သွားချင်သည့်နေရာအထိ ဂရုတစိုက် လိုက်ပို့ပေးဖို့မှာပြီး ပိုက်ဆံပါ တစ်ခါတည်း ရှင်းပေးလိုက်၏။

တကယ်တမ်းကျတော့ စိတ်ကူးထဲရှိရာ ဖွင့်ပြောလိုက်သော မိတ္ထီလာသို့ သူမ မသွားဖြစ်ခဲ့ပေ။

မန္တလေးမှာပင် ကားဆရာအား ပြန်လွှတ်လိုက်၏။

သူမကတော့ မီးရထားဖြင့် ရန်ကုန်ကို စုန်ဆင်းတော့ မည်။





နှစ်ကြာကောင်း မမေ့နိုင်သေး
ပေးခဲ့တဲ့ ဝေဒနာတစ်ခု
ရင်ထဲမှာ ထာဝရပဲ
သတိရစရာ တစ်ခုခုကတော့
သူ့အကြောင်းနဲ့သူ
မွှေးမြစရာတွေချည်းပါပဲကွယ် ...။



www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ



# အပိုင်း (နှစ်)

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ခင်မိုးဦး ထွက်သွားခဲ့တာ တစ်ပတ်တိတိ ရှိသွားခဲ့ပြီ။ အကျိုးအကြောင်း သတင်းအစအနပဟူ၍ ဘာတစ်ခုမှ မကြားရပေ။

ခင်မိုးဦး ထွက်သွားသည့် အတွက် သူမ တစ်ယောက် တည်းခံစားနေရသည် မဟုတ်။ ထွေးဖော်ကလည်း ခင်မိုးဦး အတွက် စိတ်မကောင်းခြင်းများစွာ ဖြစ်နေလေ၏။

"ခင်မိုးဦးကတော့ အန်တီနဲ့စိတ်ဆိုးပြီး သူ့ချစ်သူနောက်ကို လိုက်သွားတာ သေချာသလောက်ပါပဲ၊ သူက ကျွန်တော့်ကို သံယောဇဉ် ရှိရုံပဲရှိတာ၊ ချစ်ခဲ့တာ မဟုတ်ဘူး အန်တီ၊ ကျွန်တော်တို့တွေက စေ့စပ်ဖို့ကိစ္စကို အတင်းအကျပ် သုပ်လာတော့ သူကြံမိကြံရာ လုပ်သွားတယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ အမှားတွေလည်း ပါ,ပါတယ် ကိုထွေးရယ်၊ သမီးလေးကို အန်တီဘဝနဲ့ အန်တီနှလုံးသားနဲ့ရင်းပြီး ဒီလို ကြီးပြင်းလာအောင် ပြုစုစောင့်ရှောက်ခဲ့တာပါ၊ အန်တီ့စကား ကို ဘယ်တုန်းကမှ မငြင်းဆန်ခဲ့ဖူးဘူး၊ ရုတ်တရက်ကြီးတော့ သမီးလေးက အာခံသလို ဖြစ်သွားတယ်၊ အဲဒီဝေဒနာကို အန်တီ မခံစားနိုင်ဘဲ၊ တစ်ခါမှ မရိုက်ဘူးတဲ့ ကိုယ်ထိလက် ရောက် ပြုမူမိတယ်၊ အန်တီ တွေးမိနေတာက အန်တီတို့ စီစဉ်တာတွေကြောင့် သူ့ချစ်သူနောက်ကို လိုက်သွားတာဆို ရင် ကိစ္စမရှိဘူး၊ အန်တီ ကိုယ်ထိလက်ရောက် ပြုလိုက်မိလို့ သမီးလေး စိတ်နာပြီး ထွက်သွားတာ ဆိုရင်တော့ ဒီတစ်သက် အန်တီ ဖြေလို့ရမှာ မဟုတ်တော့ဘူး"

ထွေးဇော်ကိုလည်း စာနာမိသည်၊ ထွေးဇော်၏ စေတနာ မေတ္တာတွေက သမီးလေးအပေါ်မှာ အတော်လေးကို ကြီးမား နေသည်။

ဘာကြောင့်များ ထွေးဇော်ကို မျက်ကွယ်ပြုပြီး တခြား ရင်ခွင့်ဆီ ခိုလှုံရပါလိမ့်။





"သူ့ကုမ္ပဏီကို သွားစုံစမ်းတော့လည်း ဘာဆိုဘာမှ ရေရေရာရာ မသိရဘူး အန်တီ၊ သူ အလုပ်လုပ်တဲ့ ရက်တွေ မှာလည်း သူ့ဆီလာတဲ့ သူစိမ်းယောကျ်ားလေး ညှော်သည်ဆို တာလည်း မရှိခဲ့ဘူးတဲ့ အန်တီ"

"ကိုထွေး ကြိုးစားပြီး ရှာပေးပါဦးကွယ်၊ ကိုထွေးကို အပူကပ်ရတာလည်း အန်တီ မျက်နှာပူလှပြီ"

"ရပါတယ် အန်တီ၊ တကယ်လို့ ခင်မိုးဦးကို ပြန်တွေ့ ကြပြီ ဆိုရင်တော့ သူ့စိတ်တိုင်းကျအတိုင်း ဖြစ်အောင် ကျွန် တော်တို့ ကြိုးစားပေးကြရအောင်နော်၊ အဲဒီကတိကို အန်တီ ပေးတယ် မဟုတ်လား"

ထွေးဇော် စကားကို ခေါင်းညိတ်လိုက်မိသည်။ ထွေးဇော် ကိုယ်တိုင်က နားလည်ခွင့်လွှတ်နေမှတော့ သူမ အနေဖြင့် ငြင်းလို့ မကောင်းတော့ပေ။

သူမ အသည်းနှလုံးက ချစ်ခြင်းမေတ္တာနှင့် ပတ်သက် ပြီး ကံခေခဲ့ဖူးသည်ပဲ။

သူမ၏ အတိတ်ဇာတ်လမ်းသည် ပျော်စရာတွေ များခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါလျက် နောက်ဆုံးမှာတော့ မထင်မှတ်ဘဲ ရင်ကွဲပက်လက် ဖြစ်ခဲ့ရသည်။

သူမ၏ အသည်းကွဲဇာတ်လမ်းတွင် ခင်မိုးဦးက အဓိက ကျကျ ပါဝင်ပတ်သက်ခဲ့သည်။ သူများမိခင်တွေက ရင်နှင့် လွယ်ပြီး မွေးဖွားခဲ့ရသည်။

သူကတော့ ခင်မိုးဦးကို ရင်နှင့်လွယ်ပြီးတော့ မမွေးခဲ့ ရပေ။

သူမ အသည်းနှလုံးကို ရင်းပြီးတော့ လူလားမြောက် အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်ပဲ ...။



၁

သူမတို့မြို့လေးမှာတော့ ကိုသက်ထူးနှင့် သူမတို့ အကြောင်းကို မသိသူ ခပ်ရှားရှားပင် ဖြစ်၏။ သူမနှင့် ကိုသက်ထူးတို့သည် အသက်အားဖြင့် နှစ်နှစ်ကျော်ကွာသလို သူမထက်လည်း ဆယ်တန်း စောစွာ အောင်မြင်ခဲ့၏။

တကယ်တမ်း ပြန်တွေးကြည့်ရင်တော့ သူမနှင့် ကိုသက် ထူးတို့၏ ဘဝလေးများသည် ရင်ခုန်စရာ ကောင်းသလို ပျော်စရာလည်း ကောင်းခဲ့သည်။

သူမ ကိုးတန်းအောင်သော နှစ်မှာပင် ကိုသက်ထူး၏ သံယောဇဉ်များကို ထင်ထင်ရှားရှား တွေ့ထိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ရည်ကျော် ... နင်နဲ့ ကိုသက်ထူးက ဘာတွေလဲဟာ၊ တကယ့် မောင်နှမလည်း မဟုတ်ဘဲ အရမ်းရင်းနှီးနေကြတာပဲ"

"အလကားပါ ... ဟိုက ဆယ်တန်းအောင်ပြီးပြီ၊ ဝတ်ရည်ကျော်က ဆယ်တန်းမအောင်သေးလို့ သိုသိုသိပ်သိပ် နေကြတာနေမှာပေါ့၊ သူတို့နှစ်ယောက်က ဘာလဲမောင်နှမ ဖြစ်ချင်နေကြသလားမှ မသိတာ"

သူငယ်ချင်းတွေ စကြ နောက်ကြပေမယ့် သူတို့တွေ ပြောသလိုမျိုး သူမတို့နှစ်ယောက် မဖြစ်ကြသေးတာတော့ သေချာ၏။

"ငါတို့ချင်းလည်း ခင်ကြတယ်၊ အိမ်ကလူကြီးတွေကလည်း သိကြတော့ သူများကတာတွေထက် ပိုခင်ဖြစ်တာပါဟာ၊ နင်တို့ ပြောကြ ထင်ကြသလို မဟုတ်သေးပါဘူး ကိုသက်ထူးက ငါ့ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်တာ၊ သူက ဆယ်တန်းအောင်ပြီးသား ဆိုတော့ ငါ့ကို စာပြပေးတာ"

"အခု မဟုတ်ရင် နောက်လည်း မဟုတ်ရဘူးနော်၊ တော်ကြာ ဟုတ်လာခဲ့ရင်တော့ ညည်းအသိပဲ"





"ဒါကတော့ တစ်နေ့နေ့ တစ်ချိန်ချိန် သူ့သဘာဝအတိုင်း ဖြစ်လာခဲ့ကြရင်တော့ ငါလည်း ဘာတတ်နိုင်မှာလဲ"

"အလကား သူကိုယ်တိုင်က အခုကတည်းက ဖြစ်ချင်နေတာ"

သူမဘက်ကတော့ အပိုင်ကြီး မပြောထားချင်ပေ။

လူဆိုတာက သီးချိန်တန်သီး၍ ပွင့်ချိန်တန် ပွင့်ကြရပေမည်။ သဘာဝတရားအရ ဖြစ်ကြမည် ဆိုရင်တော့ သူမသည် ကိုသက်ထူး အတွက်ပဲ ဖြစ်ချင်မိ၏။

"ပြောရင်းဆိုရင်းက ဝတ်ရည်ကျော်ရဲ့ အချစ်တော်ကြီးလာနေပါပြီ၊ ငါတို့တွေ အလိုက်တသိနဲ့ ရှောင်ပေးကြရအောင်"

သူငယ်ချင်းတွေ ပြောခဲ့ဆိုခဲ့သော စကားကြောင့် လိပ်ပြာမလုံ ဖြစ်ချင်လာ၏။ သူငယ်ချင်းတွေကတော့ ကိုသက်ထူးကို ကြည့်ပြီး ပြုံးစိစိ လုပ်သွားကြသေး၏။

"ဝတ်ရည်"

မြင်နေပါလျက် ကိုသက်ထူး ခေါ်သည်။ သူမအမည်ဆို ခေါ်လိုက်သံကပင် ရင်ထဲမှာ ကတုန်ကယင် ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုသက်ထူး"

"ဒေါ်ဒေါ်တို့ ဦးလေးတို့ ပြောပြီးပြီ မဟုတ်လား"

ပြန်အဖြေမပေးဘဲ ခေါင်းညိတ်ပြလိုက်၏။ သူငယ်ချင်းတွေကိုတော့ ဒီအကြောင်းနှင့် ပတ်သက်ပြီး မပြောဖြစ်ပေ။ မေမေတို့က ဆယ်တန်းကို သူမတို့မြို့မှာ မဖြေစေဘဲ ဘော်ဒါနေခိုင်း၏။ ကိုသက်ထူး တစ်ယောက်ကလည်း ရန်ကုန်နှင့် သွားချည်ပြန်လှည့် လုပ်နေသူမို့ ဘော်ဒါထားဖို့ကို တိုက်တိုက်တွန်းတွန်း လုပ်၏။

"ပြောပြီးပါပြီ"

"ဒါဆိုရင်တော့ ကိုသက်ထူးနဲ့ အတူတူ ဝတ်ရည် ရန်ကုန် လိုက်ရမယ်၊ ဦးလေးတို့တော့ မလိုက်တော့ဘူး။ အဲဒီ ဘော်ဒါက ကိုသက်ထူးတို့ရဲ့ ဦးလေးအသိတွေ ရှယ်ယာပါကြတယ်လေ"

"မေမေတို့နဲ့ ခွဲရမယ်ဆိုတော့ စိတ်ထဲမှာတော့ တစ်မျိုးပဲ ကိုသက်ထူး"

"ရန်ကုန်မှာက အမြင်ပိုကျယ်ပါတယ် ဝတ်ရည်ရာ





ကိုသက်ထူးတို့ ဝတ်ရည်တတို့လို လူငယ်တွေဟာ တိုးတက်မှုအတွက် မျက်စိဖွင့် နားစွင့် ထားနိုင်မှ တော်ရုံကျမှာ၊ ခဏတော့ လွမ်းမှာပေါ့၊ ဝတ်ရည်တို့ မိဘတွေလည်း တစ်ခါတလေ လာကြမှာပဲ၊ ပြီးတော့ ကိုသက်ထူးလည်း နေ့တိုင်းလိုလို ရောက်နေမှာပဲ ဝတ်ရည်"

ကိုသက်ထူးက မြို့မှာ စာတော်သူ ... ဟု နာမည်ကြီး၏။ အခုလည်း ဆယ်တန်းကို ဂုဏ်ထူးသုံးခုနှင့် အောင်မြင်ပြီး ရန်ကုန်မှာ သင်တန်းတွေ တစ်ခုပြီးတစ်ခု ဆက်တက်နေ၏။ ကိုသက်ထူးတို့၏ မိဘများက တတ်နိုင်သလို အသိုက်အဝန်း ကောင်းကြသောကြောင့် နိုင်ငံခြားထွက်ဖို့ ကြိုးစားနေသူ ဖြစ်သည်။

"ဘယ်တော့ သွားကြမှာလဲ ကိုသက်ထူး"

"ရှေ့အပတ် တနင်္ဂနွေမှာ သွားကြမယ်လေ၊ တနင်္လာနေ့ နေ့ခင်းမှာ ဘော်ဒါဆောင် ဖွင့်ပွဲရှိတယ်၊ အဲဒါအမီ သွားကြတာပေါ့ ဝတ်ရည်"

တကယ်တမ်းမှာတော့ သူမ စိတ်ထဲကနေပြီး ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ကို သွားချင်နေ၏။ ရန်ကုန်မှာ ကိုသက်ထူး ဘာတွေလုပ်လို့ ဘယ်သူတွေနဲ့ ဆက်ဆံသည်ကို ဒါမှ သူမ သိရပေမည်။

"ဟိုရောက်ရင် ကိုသက်ထူးနဲ့ သိကျွမ်းခင်မင်တဲ့ မိန်းကလေး သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးဦးနော်"

"ကိုယ့်မှာ မိန်းကလေး အပေါင်းအသင်းဆိုတာ ခပ်ရှားရှားရယ်၊ ဝတ်ရည်နဲ့ကလွဲလို့ ဘယ်မိန်းကလေးကိုမှ ကိုယ် ရောရောဝင်ဝင် မခင်မင်ဖူးဘူး"

"သေချာရဲ့လား ကိုသက်ထူးရဲ့၊ ရန်ကုန်သူလှလှလေးတွေကို တစ်ယောက်တလေမှ မိတ်မဖွဲ့ကြည့်ဖူးဘူးလား"

"သေချာပါတယ် ဝတ်ရည်"

တည်ကြည်သော မျက်နှာပေါက်နှင့် ယောကျ်ားပီသသော နှုတ်ခမ်းများကတော့ သူမကို လိမ်ညာလိမ့်မည် မထင်ပေ။

ယုံရဲစွာဖြင့် သူမ ယုံကြည်မိလိုက်လေသည်။



## ၂

ကားစီးကျင့်နည်းသော သူမအဖို့ လမ်းတစ်ဝက် မကျိုးခင်မှာပင် ပြဿနာနှင့် ကြုံရတော့၏။ မူးမောမော ဝေဒနာသည် အခံခက်စွာဖြင့် ဒုက္ခပေးတော့၏။ ပထမတော့ ဘာသာ တင်းခံကြည့်သေး၏။ မရတော့သည့် အဆုံးတွင် ကိုသက်ထူးအား အကူအညီ တောင်းရတော့၏။

ကိုသက်ထူးကတော့ မေးရင်းက လိုက်ပါလာ၏။ ...းစပ်က ခေါ်လိုက်လျှင် အခက်တွေ့မည်စိုး၍ လက်နှင့် အသာပုတ်လိုက်သည်။

"ဘာဖြစ်တာလဲ ဝတ်ရည် ... ဘာဖြစ်လို့လဲ ...ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောနိုင်ဘဲ ကိုသက်ထူးအား ကြည့်နေမိသည်။ ချက်ချင်းဆိုသလို အခြေအနေကို ကိုသက်ထူး သဘော ပေါက်သွား၏။

"ဝတ်ရှည် အန်ချင်နေလို့လား။ ဒီကြွပ်ကြွပ်အိတ်ထဲ အန်ထည့်လိုက်လေ"

ပါးစပ်ကလည်း ပြောရင်း သူမ ကျောပြင်ကို နှိပ်နယ် ပေးနေ၏။

အားပါးတရ အန်ချလိုက်သော်လည်း သိပ်များများစား စား ထွက်မလာ။ လေချဉ်တွေသာ တဝေါဝေါနှင့် အန်ထုတ် လေ၏။

"ဝတ်ရှည် အရမ်းမူးနေလား"

ရင်ထဲမှာ တလှိမ့်လှိမ့် တက်လာပြန်သည်။

နည်းနည်းသက်သာသလိုရှိပြီး အန်ချင်စိတ် ပျောက် သွားပြန်၏။

"အန်တော့ မအန်ချင်တော့ဘူး၊ ရင်ထဲမှာတော့ မကောင်း တာ အမှန်ပဲ ကိုသက်ထူး"





"ဒီသကြားလုံးလေး ငုံထားလိုက်၊ ကိုသက်ထူး ပခုံးကို မှီပြီး ခဏဖြစ်ဖြစ် မှေးနေလိုက်ပါလား၊ အိပ်ပျော်သွားရင် ဝတ်ရှည် သက်သာသွားမှာပဲပဲ"

ကိုသက်ထူးကတော့ မြန်မြန်ဆန်ဆန်ပင် သူမကိုယ် လေးကို ဆွဲယူပြီး ပခုံးထက်မှာ မှေးစေပြန်၏။

အကြင်နာတရားကြောင့်ပင် မူးဝေခြင်းဝေဒနာမှာ အတော်သက်သာသွားပုံရသည်။ သကြားလုံး ပါးစပ်မှာငုံရင်း အသာမှေးနေမိလိုက်သည်။

* * *

အချိန်အတော်ကြာကြာပင် သူမ အိပ်ပျော်သွားခဲ့သည် ထင်၏။

မျက်စိဖွင့်ကြည့်လိုက်တော့ ကိုသက်ထူး၏ ပခုံးထက် မှာ သူမ ရှိမနေ၊ ကိုသက်ထူး၏ ရင်ခွင်ထဲမှာ သူမ ရောက် နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကြောင့်ပင် ကိုသက်ထူးအား အားတုံ့အားနာ ဖြစ်သွားမိသည်။

“ဝတ်ရည် နိုးလာတာနဲ့ အတော်ပဲ ကားကလည်း လက်ဖက်ရည်သောက် ခဏနားဦးမှာ”

တစ်မြို့တည်းနေ ခရီးသွားတချို့ကတော့ သူမတို့နှစ်ဦးကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။

ကိုသက်ထူးကတော့ ပတ်ဝန်းကျင်ကို ဂရုသိပ်မထားပေ။

ပြေလျော့နေသော ဆံစများကို အနည်းငယ် သပ်ရပ်အောင် ပြုပြင်ပြီး အောက်ဆင်းဖို့ ပြင်လိုက်သည်။

“ဝတ်ရည်တော့ ဘာမှ မစားရဲ မသောက်ရဲတော့ဘူး”

“မဟုတ်တာဘဲ ဝတ်ရည်၊ အခန့်မသင့်လို့ ဝတ်ရည်ဖြစ်တာပါ၊ ဆိုင်မှာ တစ်ခုခုစားရင်း ဆေးသောက်လိုက်၊ အခုတောင် နေသာထိုင်သာ ရှိနေပြီ မဟုတ်လား”

“စောစောကလိုမျိုး ထပ်ဖြစ်နေရင် ကိုသက်ထူးကို အားနာလို့လေ”





“ဘာများ အားနာစရာလိုလဲ ဝတ်ရည်ရယ်”

“ဟိုရောက်ရင်တော့ ဝတ်ရည်ကို ကိုသက်ထူး မစ်မအားနဲ့ဦးနော်၊ မိဝေးဖဝေးမှာဆိုတော့ ကိုသက်ထူးကိုပဲ အားကိုးရမှာ”

“စိတ်ချ ဝည်ရည်၊ ဝတ်ရည်ရဲ့ နေရေးထိုင်ရေး၊ အပေါင်းအသင်း ပေါင်းတာကအစ, အစစ တာဝန်ယူတယ်၊ ဝတ်ရည်က အရမ်းရိုးလွန်းတာပဲ၊ အဲဒီလို မဖြစ်ရအောင် ကိုယ် ပြုပြင်ယူရမယ်”

“မေမေတို့ကတော့ ကိုသက်ထူး လက်ထဲကို အပ်လိုက်တာပဲ”

“ဝတ်ရည်ကရော”

ဝတ်ရည်ကလည်း ကိုသက်ထူးကို ယုံကြည်စွာ အပ်နှံပါတယ် ... ဟု ပြောလိုက်ချင်၏။ တကယ်တမ်းကျတော့ ဒီလိုစကားမျိုး မထွက်မိပြန်ပေ။

“ဝတ်ရည်က ဘာပြောစရာများ လိုဦးမှာလဲ”

ကိုသက်ထူး နားလည်သည်လား၊ မလည်သည်လားတော့ မသိ။



www.burmeseclassic.com

www.burmeseclassic.com



မြိန်ရေရှက်ရေ စားသောက်ရင်းက ကိုသက်ထူး ပြုံးလေတော့သည်။

* * *

ဘော်ဒါဖွင့်ပွဲ ပြီးဆုံးသွားမှ သူမတို့တစ်တွေ ရောက်သွားကြသည်။ ကိုသက်ထူးကတော့ ဘော်ဒါရှိ ဆရာအားလုံး လက်ထဲသို့ သူမကို အပ်နှံနေသည်။ ညနေစောင်းအချိန်အထိတော့ ကိုသက်ထူးကို တွေ့လိုက်ရသည်။ မှောင်စပျိုးသည်နှင့် သူမကို လာနှုတ်ဆက်၏။

"ကိုသက်ထူးပါ ဒီမှာနေမှာ မဟုတ်ဘူးလား"

သူမအသံတွေက တစ်မျိုးဖြစ်နေတာ အရမ်းသိသာနေ၏။ မကြုံဘူးသော အတွေ့အကြုံမို့ သူ့စိမ်းတွေအလယ်မှာ တစ်ယောက်တည်း ကျန်ရစ်ရမည့်အဖြစ်ကို စိုးရွံ့နေမိသည်။

"ဒါက ဘော်ဒါဆောင်လေ ဝတ်ရည်၊ ကိုသက်ထူး ဘယ်နေလို့ ရမှာလဲ၊ ပြီးတော့ ဝတ်ရည်နေ့နေရတဲ့ နေရာ





က မိန်းကလေးအဆောင်၊ ကိုသက်ထူးက ဒီကဆရာတွေနဲ့ ရင်းနှီးနေလို့ အခုလို လာနှုတ်ဆက်လို့ရတာ၊ နံနက်ကျမှ ကိုသက်ထူး လာခဲ့မယ်"

"ဝတ်ရည် မနေခဲ့ချင်ဘူး၊ ပြန်လိုက်ချင်တယ်"

သူမတို့နှစ်ယောက် ပြောဆိုနေကြသည်ကို တခြားမိန်းကလေးတွေလည်း ကြားနေကြမည် ထင်၏။

"အဲဒီလောက်ထိ စိတ်မပျော့ရဘူးလေ ဝတ်ရည်၊ ကိုသက်ထူး မကြိုက်ဘူး၊ ဒီပြင် မိန်းကလေးတွေလည်း ဒီတိုင်းပဲ နေကြတာပဲ၊ ကိုယ်ပြောတာကို နားလည်တယ်နော်"

ကိုသက်ထူးက တာဝန်ကျ ဆရာမလေးကို မျက်ရိပ်ပြ၏။ ဆရာမလေးမှတစ်ဆင့် ဘယ်လိုညွှန်ကြားလိုက်သည်မသိ။ သူမ အဖြစ်က အခုမှ ကျောင်းစထားသော ကလေးလေးတစ်ယောက်လို ဖြစ်နေပြန်၏။

နောက်ဆုံးမှာတော့ သူမ၏ ကြောက်ရွံ့စိတ်ကို လျှော့ချလိုက်ရသည်။

"မင်းနာမည်က ဝတ်ရည်ကျော်တဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ထူး ပြန်ထွက်သွားတော့ သူမအနားသို့ ကျောင်းသူတစ်ဦး ရောက်လာ၏။ သူ့ကိုယ်သူ မိတ်ဆက်ရင်းက သူမကို ရင်းရင်းနှီးနှီး ဆက်ဆံလာသည်။

"တို့နာမည်က အေမီလှိုင်တဲ့၊ မင်းကို ဝတ်ရည် ခေါ်ကြသလိုပဲ တို့ကိုလည်း အေမီလို့ ခေါ်ကြတယ်၊ မင်းနဲ့တို့က တစ်ခန်းတည်း နေရမှာလို့ တီချယ်က ပြောတယ် ..."

"မင်းက နယ်ကဆိုတော့ တောသူဗြွေးပဲ နေမှာပေါ့နော်"

အေမီလှိုင် ဘာတွေလာပြောနေသည် မသိ။ မကောင်းတတ်လို့သာ ပြန်ပြောလိုက်ရသည်။

"ဟုတ်တယ်"

"အခန်းထဲ သွားရအောင်လေ၊ တော်ကြာဆို ဘုရားရှိခိုးရတော့မှာ၊ မင်းပစ္စည်းတွေကို အခန်းထဲ ရွှေ့ထားပြီးပြီ"

အေမီလှိုင် ခေါ်ရာနောက်ကို လိုက်သွားရသည်။ အေမီလှိုင်ကတော့ သူမကို ထူးဆန်းသော သတ္တဝါလေးပမာ ကြည့်ရင်းက အင်တာဗျူးတွေ ဆက်လုပ်နေပြန်၏။





"တို့က ဒီဘော်ဒါမှာ စာမေးပွဲ လာဖြေတာ ဒီနှစ်ဆို နှစ်နှစ်ရှိသွားပြီ၊ မင်းက ဒီနှစ်မှ အသစ်ထင်တယ်"

"ဟုတ်တယ်"

"စောစောက ခပ်ချောချောနဲ့လူက မင်း အစ်ကိုလား၊ မင်းကို အရမ်းဂရုစိုက်တာပဲနော်၊ မင်းတို့ မောင်နှမချင်း သိပ်ဂရုစိုက်ကြတာပဲ"

"မဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"မောင်နှမလို ခင်ကြတာ"

"ဩော် ... တို့က မင်းကိုများ ယောက်မတော်ရမလားလို့ အောက်မေ့နေတာ၊ ဒါဆို မင်းက အရမ်းကံကောင်းတဲ့ မိန်းကလေး တစ်ယောက်ပဲနော်"

အေမီလှိုင် ကတော့ သူမနှင့် ကိုသက်ထူးတို့ကို ဘယ်လိုသတ်မှတ်ပြီး ပြောလိုက်သည် မသိပေ။

နေရာအသစ်၊ အိပ်ရာအသစ်မို့ ကောင်းကောင်းအိပ်မပျော်ဘဲ ဖြစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com





# ၃

"ကြည့်စမ်း ... ဝတ်ရည်က လူတောင်မှားတယ်"

နေ့ခင်း ကျောင်းသွားခါနီး ပြင်ထားဆင်ထားသည်ကို ကြည့်ပြီး ကိုသက်ထူး ချီးမွမ်းနေ၏။ နယ်မှာလို သူမတို့ တက်ရမည့် ကျောင်းက တစ်နေ့လုံးကျောင်း မဟုတ် ဘော်ဒါမှ စီစဉ်ပေးသော ကျောင်းမှာ နေ့တစ်ဝက်ကျောင်းပ ပြောရမည် ထင်၏။

"ကိုသက်ထူးရေ၊ ကြွားရအောင်ဆိုပြီး အ[illegible] မလဲသေးဘဲ စောင့်နေတာ"

အေမီလှိုင်ကတော့ ပိုပိုသာသာလေး ပြောလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအပြင်အဆင် အမွှမ်းအမံတွေကို နယ်မှာတုန်းက မလုပ်ခဲ့ဖူးပေ။ အေမီလှိုင်၏ လက်စွမ်းပြမှုကြောင့်သာ အရောင်ထွက်နေခြင်း ဖြစ်၏။

"အေမီ ပြင်ပေးတာလေ၊ ဆံပင်ညှပ်ခိုင်းလိုက်တာလည်း အေမီပဲ၊ အေမီကတော့ ဝတ်ရည် အတွက် အဖော်ရနေပြီ ကိုသက်ထူး"

တာဝန်ကျ ဆရာမလေးကပင် ကြားထဲမှနေပြီး သူမနှင့် အေမီလှိုင်တို့၏ ဆက်ဆံရေးကို ရှင်းပြနေပြန်သည်။

"ကြည့်ကောင်းတယ် မဟုတ်လား ကိုသက်ထူး"

"ကြည့်ကောင်းပါတယ် အေမီလှိုင်၊ ဝတ်ရည်က နယ်မှာတုန်းကလည်း အပေါင်းအသင်းနည်းတယ်၊ ကျွန်တော်နဲ့သာ သွားသွားလာလာ လုပ်ဖူးတာ၊ ဝတ်ရည်ကို လိုတာအကူအညီပေးပါလို့ တောင်းပန်ချင်ပါတယ် အေမီလှိုင်"

"အေမီကလည်း ချစ်စရာကောင်းတာရယ်၊ အနေရိုးတာရယ်ကြောင့်ပဲ ဝတ်ရည်ကို မြင်မြင်ချင်းမှာ ခင်သွားမိတာ"



ဘော်ဒါရောက်ပြီး နောက်တစ်နေ့ နေ့မကူးခင်မှာပင် သူမနှင့် ဝတ်ရည်တို့ ညီအစ်မတွေလို ခင်သွားမင်သွားကြ၏။

ကိုသက်ထူး ရောက်လာတော့မှ အလိုက်တသိပင် အနားမှ အေမီ ရောက်ထွက်သွား၏။

"ဝတ်ရည် နေရထိုင်ရတာ အဆင်ပြေတယ် မဟုတ်လား"

"အေမီနဲ့ အပေါင်းအသင်း ဖြစ်ရတော့ ဝတ်ရည်အတွက်တော်လေး အဆင်ပြေသွားတယ်၊ ဝတ်ရည်ကိုလည်း အေမီက အတော်ခင်ရှာတာ"

"တစ်ခုတော့ရှိတယ် ဝတ်ရည်၊ အေမီလှိုင်က တစ်နှစ်ကူ ထားတဲ့သူ၊ ပြီးတော့ မိဘတွေက အရမ်းအလိုလိုက်ထားတာ မြို့မှာပဲကြီး၊ မြို့မှာပဲ အနေများတော့ အပေါင်းအသင်းတော စုံတယ်၊ အကျင့်ဆိုတာ ကူးစက်တာ မြန်တယ်တဲ့ ဝတ်ရည် အတွေ့အကြုံများအောင် လူပေါင်းသူပေါင်းဆံ့အောင် နေတာ ထိုင်တာကတစ်မျိုး၊ တော်ကြာ အပျော်အပါးနောက်ကို လိုက် သွားမိမှာလည်း စိုးရိမ်ရတယ်၊ အရာရာဘိုင်းကိုတော့ အတုယ

www.burmeseclassic.com



အားမကျနဲ့ပေါ့ ဝတ်ရည်ရယ်၊ ဝတ်ရည်ကို ဦးတို့ရော ကိုယ်ကပါ ဖြစ်ထွန်းပေါက်ရောက်စေချင်လို့ ဒီကို ပို့ထားတာကိုတော့ မမေ့စေချင်ဘူး၊ ကိုယ်က ဝတ်ရည်ဆီကို လာနိုင်သွားနိုင်ရုံပဲ ရှိမှာ၊ အနီးကပ်နေရမှာ မဟုတ်တော့ဘူးလေ”

အေမီလှိုင်က ပွင့်ပွင့်လင်းလင်း နေတတ်ပြီး အပေါင်းအသင်းများ၏။

ယောက်ျားလေး အပေါင်းအသင်းများသည့် အချက်ကိုတော့ ကိုသက်ထူး စိတ်ပူနေမည်စိုး၍ မပြောဖြစ်လိုက်ပေ။

ကိုသက်ထူး အတုမယူစေချင်သည့် ကိစ္စတွေမှာ ယောက်ျားလေး အပေါင်းအသင်း မထားဖို့က အဓိက,ဖြစ်မည်ထင်၏။

သူမအနေနှင့်လည်း ဒါမျိုးတွေကိုတော့ အတုမယူချင်ပေ။

*　　*　　*



“တွေ့တယ် မဟုတ်လား ဝတ်ရည်၊ မင်းကိုကြည့်ပြီး ကိုသက်ထူးကြီး စိတ်မချနိုင် ဖြစ်သွားတာ အရမ်းသိသာတာပဲ၊ မင်းကိုသာ သူ ဖွင့်မပြောတာ၊ မင်းတို့ချင်း မေတ္တာရှိနေကြတာကိုတော့ နှစ်ယောက်စလုံး သိကြမှာပါနော်”

“အေမီကလည်းကွာ ... ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ ဝတ်ရည်ကတော့ ဒီစာမေးပွဲ မြန်မြန်ပြီး,ပြီး မြန်မြန်အောင်သွားဖို့ပဲ စိတ်က ရောက်နေတာ”

“တို့ သိပါတယ်နော်၊ ဆယ်တန်းအောင်ပြီးတာနဲ့ မင်းတို့ အေမီတို့က လူကြီးတစ်ပိုင်း ဖြစ်သွားကြပြီလို့ အောက်မေ့နေကြတာ၊ အေမီကလည်း စာမေးပွဲကို အရမ်းအောင်ချင်တာပဲ၊ အခုဆို ဘာပဲလုပ်လိုက် လုပ်လိုက် ဆယ်တန်းတောင် မအောင်သေးဘူးဆိုတဲ့ စကားနဲ့ပဲ ခံ,ခံနေရတာ သိလား”

အေမီလှိုင်၏ ဆယ်တန်းအောင်ချင်သည့် အဘိမ္မော်ကတစ်မျိုး ဖြစ်နေ၏။

“ဘယ်လိုအကြောင်းနဲ့ပဲ အောင်ချင် အောင်ချင် တို့ကယ် အောင်,အောင်လည်း အေမီ ကြိုးစားပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ် ဝတ်ရည်နဲ့ ခင်ရမင်ရတာကိုက စာမေးပွဲအော
ဖို့ တွန်းအားတစ်ခုပဲ"

သူမနှင့် အေမီလှိုင်တို့ကတော့ တစ်ဦးနှင့်တစ်ဦး အပြ
အလှန် မှီခိုနေတာတော့ သေချာ၏။

သူမအနေနှင့်က အနေအထိုင်၊ ပေါင်းသင်းဆက်
ရေးကအစ အေမီလှိုင် ထံမှ သင်ယူရသည်။

အေမီလှိုင်ကလည်း ကျောင်းစာနှင့် ပတ်သက်ပြီး အ
ယူကျက်မှတ်မှုများကို သူမထံမှ အတုယူခဲ့လေ၏။

# ၄

"သကြၤန်ကျော်တာနဲ့ ဂျပန်သွားဖြစ်လိမ့်မယ် ထင်တယ် ဝတ်ရည်၊ ဝတ်ရည်တို့ စာမေးပွဲပြီးမှဆိုတော့ စိတ်ချလက်ချ ဖြစ်သွားတာပေါ့"

အေမီလှိုင်၏ အကူအညီများကြောင့်ပင် ရန်ကုန်မှာ နေသားကျသလို လူရည်လည်း အတော်အတန် လည်လာပြီ ဖြစ်၏။

ဒီကြားထဲ သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ သူမတို့ မြို့လေးသို့ ခဏပြန်ဖြစ်သေး၏။

"ကိုသက်ထူးသာ တကယ်သွားမှာ ဆိုရင်တော့ ဝတ်ရည်တော့ တကယ်လွမ်းကျန်ခဲ့မှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာက ကိုယ့်တိုးတက်မှု၊ ကိုယ့်ဘဝမြင့်ဖို့အတွက် ကြိုးစားရတယ် ဝတ်ရည်၊ လူတန်းစေ့ထက် ပိုတဲ့ အနေအထား ဥစ္စာနေကို ပိုင်ဆိုင်သင့်တယ်၊ ဒီအတွက် ရေခြားမြေခြား သွားရတာပါပဲ၊ ကိုယ့်မှာ အစီအစဉ်တွေ၊ မျှော်လင့်ချက်တွေ အများကြီးပဲ ရှိတယ် ဝတ်ရည်"

"အဲဒီအထဲမှာ ဝတ်ရည် အတွက်ရော ပါလားဟင်"

"ပါတာပေါ့ ဝတ်ရည်"

ကိုသက်ထူး ဖြေပုံက အားရစရာ မကောင်းလှ အေမိလှိုင်၏ စကားနှင့် ပြောရရင်တော့ ကိုသက်ထူးက အရာရာကို စောင့်စည်းနိုင်လွန်းသော ယောကျ်ားတစ်ယောက် ဖြစ်၏။

"ဒီစကားလေး ကြားရတာကိုပဲ ဝတ်ရည် ကျေနပ်ပါ တယ်"

"ဝတ်ရည်တို့ စာမေးပွဲတွေ ဖြေပြီးရင်တော့ ကို အစီအစဉ်၊ ကိုယ့်မျှော်လင့်ချက်တွေကို အကျယ်တဝင့် ပြော ပြဖြစ်လိမ့်မယ် ထင်တယ်"



ဘာတွေဆိုတာကိုတော့ ကိုသက်ထူး မပြောဆို။ သူမ က်ကလည်း အလိုက်သိစွာပင် ကြုံကြုံဖန်ဖန် မေးခွန်းမထုတ် ခဲ့ပေ။

သူမတို့မြို့ကလေးကို ပြန်ရောက်သွားသောအခါ သူမ တွေ့ရသည့် ပတ်ဝန်းကျင်၏ တုံ့ပြန်မှုတွေကို ပြောပြဖြစ် ခဲ့သည်။

"ဝတ်ရည်တို့မြို့က လူတွေကတော့ ဝတ်ရည် ပြောင်းလဲ သွားတာကို အံ့ဩကြတယ်၊ အေမိပါ လိုက်လာခဲ့တော့ တို့အမြင်မှာ ပိုဆိုးသွားတာပေါ့၊ ကိုသက်ထူးရဲ့ ညီမတွေ တောင် ဝတ်ရည်ကို ဝေဖန်ကြသေးတယ်"

မြို့ပြမဆန်ချင်သော သူမတို့မြို့လေး၏ ထုံးစံအတိုင်း အားလုံး၏ လှုပ်ရှားသွားလာ နေထိုင်မှုမှာ ပုံမှန်ပင် ဖြစ်၏။

အရာရာကို ရိုးရိုးတွေးပြီး၊ ပွင့်လင်းစွာ ဆက်ဆံတတ် သာ သဘာဝတစ်ခုလို ဖြစ်နေ၏။ ဒီလိုနေရာမျိုးသို့ အေမိ ပိုင်နှင့်အတူတူ အလည်သဘောမျိုး ရောက်သွားခဲ့တော့ မှုကို အထူးအဆန်း ဖြစ်နေကြပြန်၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ညီမလေးတို့ကတော့ ဝတ်ရည်ကို အပြစ်မပြောကြပါဘူး၊ အေမီလိုင်ရဲ့ အနေအထိုင် အပြောအဆိုတွေကြောင့် သူတို့ အစိုးရိမ်လွန်ကြတာပါ၊ သူတို့တွေ မျက်စိထဲမှာတော့ အေမီလိုင်က အတော်လေးကို အစပ်မတည့် ဖြစ်ရတာ၊ ဝတ်ရည်ကို အဖျားခတ်တဲ့ သဘောပါပဲ"

အေမီလိုင်နှင့် တွဲသွားတွဲလာ အနေအထိုင်ကို သွယ်ဝိုက်ပြီး သဘောမကျဟန်ဖြင့် ကိုသက်ထူး ပြောလိုက်တာ သိသာ၏။

အေမီလိုင် ဘက်ကနေပြီး ဖာဖာထေးထေးပင် ပြောဆိုလိုက်၏။

"အေမီက ရန်ကုန်သူပဲလေ၊ အေမီက ခင်ဖို့ ကောင်းပါတယ်၊ အေမီကြောင့်ပဲ ရန်ကုန်မှာ ဝတ်ရည် နေတတ်ထိုင်တတ်ခဲ့တာ၊ အေမီမှာက ပြောစရာတစ်ခုပဲရှိပါတယ်၊ ယောကျ်ားလေး သူငယ်ချင်းများတာ တစ်ခုပဲ၊ ကျန်တာတွေကတော့ အားလုံး တော်ပါတယ်"

"ဝတ်ရည်ကရော ယောကျ်ားလေး သူငယ်ချင်း ထားတတ်နေပြီလား"





မရဲတရဲ မေးလိုက်သော ကိုသက်ထူး အသံမှာ တုန်နေသည် ... ဟု ထင်၏။

ဒီအတွက်တော့ ကိုသက်ထူး စိတ်ကျေနပ်စေရန် အမခံချက်တွေနှင့်တကွ သူမ၏ သဘောထားကို ပြတ်သားစွာ ပြောဆိုလိုက်သည်။

"ဒါက အေမီ အကျင့်လေ၊ ဝတ်ရည်ကတော့ အဲဒီအကျင့်စရိုက်ကို လက်မခံသလို စိတ်လည်း မဝင်စားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုသက်ထူးပဲ ပြောခဲ့တာပဲ၊ အေမီရဲ့အကျင့်တွေ အားလုံးကို အတုမယူရဘူးဆို၊ ကောင်းတဲ့အကျင့်တွေကိုပဲ အကူးစက်ခံရမယ်ဆို၊ ဝတ်ရည် အနေနဲ့ ယောကျ်ားသူငယ်ချင်းထားဖို့ လုံးဝ စိတ်ကူးမယဉ်မိဘူး သိလား"

မျက်စ မျက်နှဖြင့် ကိုသက်ထူးကို ပြောဆိုမိသည်။ ကိုသက်ထူး တစ်ယောက် အကျေနပ်ကြီး ကျေနပ်သွားသည်။

"ဝတ်ရည်က လိမ္မာပြီးသား ဆိုတာကို ကိုယ် သိပါတယ်၊ ကိုယ့်စကားကို နားထောင်မယ်ဆိုတာကိုလည်း ယုံကြည်တယ်"


www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ထူး၏ စကားကိုတော့ သူမ အမြဲလိုက်နာတတ်သည်ပဲ။ ကိုသက်ထူး မျှော်လင့်သလိုဖြစ်အောင် သူမ ကျင့်ကြံ နေထိုင်မည်။ ကိုသက်ထူး၏ ယုံကြည်မှုကိုတော့ အမြဲ တန်ဖိုးထားမည် ... ဟု ရဲရဲအာမခံသည်ပဲ။

* * *

"ထိန်းသိမ်းတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အမူအကျင့်က ဒီအတိုင်းပဲ ဝတ်ရည်၊ မင်း မယုံရင် စောင့်နေ၊ ဂျပန် မသွားခင် မင်း စာမေးပွဲပြီးတာနဲ့ မင်းကို တရားဝင် ဖွင့်ပြောလာမှာ သေချာတယ်၊ မင်းရဲ့စိတ်ထဲမှာလည်း စာမေးပွဲကို အောင်အောင်မြင်မြင်နဲ့ စိတ်ကြိုက်ဖြေဆိုပြီးဖို့ပဲ အာရုံရှိနေတာ မဟုတ်လား"

အေမီလှိုင်ကတော့ အတွေ့အကြုံ ရင့်ကျက်နေသော မိန်းမကြီးတစ်ယောက်ပမာ ယောက်ကိန်းကြိုထုတ်နေပြန်သည်။

သူမ စိတ်ထဲမှာ ရှိနေသည်တို့ကိုလည်း အေမီလှိုင် အတပ်ပြောနေနိုင်ပြန်၏။





"အေမီ့ ရင်ထဲမှာ ပုဏ္ဏားလေး ရှိနေလားဟင်"

"ဒါကတော့ကွာ ... တွေးကြည့်ရင် သိနေတာပဲ၊ ဝတ်ရည်က တို့နဲ့ ရင်းနှီးနေတာဆိုတော့ ဝတ်ရည့် စိတ်ကို သိနေတာ မဆန်းပါဘူး၊ ဝတ်ရည်က ကံကောင်းပါတယ်"

"အေမီကလည်း ကံကောင်းပါတယ်နော်"

"တို့စိတ်က တစ်မျိုး ဝတ်ရည်ရဲ့၊ ယောကျ်ားလေး သူငယ်ချင်းသာ ထားချင်တာ၊ ကိုယ့်ကို အမြဲယုယပြီး အရိပ်လိုကြည့်နေတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဆွဲဆောင်မှုကိုတော့ စိတ်မဝင်စားချင်ဘူး၊ အဲဒါ တို့သဘာဝပဲ၊ ဝတ်ရည်လို မိန်းကလေးမျိုးကို စိတ်မဝင်စားမိတဲ့ အတွက်လည်း ကိုသက်ထူး ကံကောင်းပါတယ်၊ တို့လို မိန်းကလေးမျိုးသာ စိတ်ဝင်စားမိရင်တော့ ကိုသက်ထူး တစ်ယောက် ရင်ကွဲပက်လက်ဖြစ်မှာ သေချာတယ်"

အေမီလှိုင်က ဒီလိုမိန်းမမျိုး ဖြစ်သည်။ ပြောစရာရှိသည်ကို ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်၏။ အတင်းအဖျင်း ပြောတတ်သည့်မလေ့ အေမီလှိုင်မှာ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



"စားမေးပွဲ ဖြေပြီးရင်တော့ ဝတ်ရည်တို့တစ်တွေ ခွဲရမှာနော်"

"စာမေးပွဲပြီးတာနဲ့ ဝတ်ရည်က အပြီးပြန်တော့မှာလား၊ ရန်ကုန်မှာ သင်္ကြန်ကျချင်တယ်ဆို"

"အိမ်ကိုတော့ ပြန်မှ ဖြစ်မှာပေါ့ အေမီ၊ ဘာလဲ အေမီ့မှာ ဘာအစီအစဉ် ရှိလို့လဲ ... ပြောစမ်းပါဦး"

"ဒီလိုလေ ဝတ်ရည် ... တို့နှစ်ယောက်စလုံး ဒီနှစ်အောင်မှာသေချာနေပြီပဲ၊ အိမ်ကို ခဏပြန်ရင်ပြန်လေ၊ ပြီးရင်ပြန်လာခဲ့၊ ရန်ကုန်မှာက တက်စရာသင်တန်းတွေ အများကြီးပဲ ရှိတယ်၊ အေမီ့ သဘောကတော့ ဝတ်ရည်ကို ရန်ကုန်မှာ လာနေစေချင်တာပဲ"

"အေမီ ပြောတာလည်း ဟုတ်တော့ ဟုတ်တယ်၊ ဒီမှာက မျက်စိ၊ နား ပွင့်တယ်၊ အေမီ ပြောတဲ့ အစီအစဉ်တွေအတွက် ကိုသက်ထူးနဲ့ တိုင်ပင်ကြည့်မယ်၊ ကိုသက်ထူး ပြောပေးရင်တော့ မေမေတို့က ဝတ်ရည်ကို ရန်ကုန်မှာ ထားကြမှာပါ"





ကိုသက်ထူး တုန်းက အတွေ့အကြုံမျိုးမို့ သူမ ပြောသည်ကို လက်ခံမှာ သေချာ၏။ နယ်ပြန်ရရင်လည်း အိမ်ထဲမှာ ကုပ်နေပြီး ဘာမှ အကြားအမြင်ရှိမှာ မဟုတ်ပေ။ သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်နေတာက ပိုအကျိုးရှိနိုင်၏။

စာမေးပွဲမပြီးခင် တစ်နေ့နေ့မှာတော့ အေမီ ပြောသော အစီအစဉ်များကို ဖွင့်တိုင်ပင်ရမည် ... ဟု ဆုံးဖြတ်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁

မတ်လ စာမေးပွဲဖြေပြီးတော့ ကိုသက်ထူးနှင့်အတူ အိမ်ခဏပြန်ဖြစ်သည်။ သူမ ရန်ကုန်မှာ ပြန်လာနေဖို့ကိစ္စကိုလည်း မိဘတွေက ခွင့်ပြု၏။ တကယ်တမ်း ပြောရမည်ဆိုရင်တော့ ကိုသက်ထူး ခွင့်ပြုၡသာ သူမ, မိဘတွေက ခွင့်ပြုခဲ့ခြင်း ဖြစ်၏။

"မောင်သက်ထူး ဂျပန်သွားတော့မှာ မို့လို့လား မသိဘူး၊ မောင်သက်ထူး မိဘတွေက ဆက်ဆံရေးတစ်မျိုး ဖြစ်သွားသလိုပဲ"

ကိုသက်ထူးနှင့် ရန်ကုန်မပြန်ခင်ရက်များမှာပင် မေမေက ပွင့်လင်းစွာ ပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ အရင်ပြောခဲ့ ဆိုခဲ့ဖူးကြသော စကားကို ပြန်ကောက်ပြီး ပြောလိုက်၏။

"ကလေးတွေကိစ္စကို လူကြီးချင်း ပြောပြီးဆိုပြီးသားပဲ၊ မောင်သက်ထူးကလည်း သမီးလေးအပေါ်မှာ သံယောဇဉ်ကြီးတာ မင်းတို့ ငါတို့ မျက်မြင်ပဲ၊ ရှေ့ရေးရာကိစ္စတွေအတွက်ကတော့ မောင်သက်ထူး အပေါ်မှာ အများကြီး မှုတည်ပါတယ်၊ ဒီကိစ္စကို အသိုက်အဝန်းက ဆုံးဖြတ်ရမှာမှ မဟုတ်တာ"

ဖေဖေတို့ မေမေတို့ကတော့ သူမနှင့် ကိုသက်ထူးကို အသေအချာကြီး ပြောဆိုနေကြ၏။

တကယ်တမ်းမှာတော့ အေမီလှိုင် ပြောဆိုနိမိတ်ဖတ်ခဲ့သလို ကိုသက်ထူး တစ်ယောက် တရားဝင်ဖွင့်ပြောလာခြင်း မရှိသေးပေ။

မေမေကတော့ သားအမိနှစ်ယောက်ချင်း ရှိသောအခါမှ သူမကို မေးလာခဲ့၏။

"သမီးနဲ့ မောင်သက်ထူးတို့ အခြေအနေက ဘယ်လိုလဲ သမီး"





"ဘာလဲ မေမေ ချစ်သူရည်းစား ဖြစ်တာကို ပြောတာလား"

"ဟုတ်တယ် သမီး"

"အခုထိတော့ ကိုသက်ထူးက သမီးအပေါ်မှာ ညီမလေးတစ်ယောက်လိုပဲ ဆက်ဆံနေတာ"

"ဟုတ်ရော ဟုတ်ရဲ့လား သမီးရယ်၊ မေမေကို ရှက်နေလို့လား၊ လူကြီးတွေကတောင် သမီးတို့ကိစ္စကို ဆွေးနွေးကြပြီးသားပဲ ဥစ္စာ"

မိဘကို ရှက်ရွံ့ပြီး လိမ်ညာပြောနေတာ ... ဟု မေမေက ထင်နေပြန်သည်။

မေမေမှ မဟုတ် ... အားလုံးသော သူများကလည်း ဒီစကားကို ယုံကြည်ကြမှာ မဟုတ်ပေ။

"ကိုသက်ထူးရဲ့ စိတ်ကိုတော့ သမီးသိနေတယ်။ သူ ရူပန်မသွားခင်တော့ သမီးကို ဖွင့်ပြောလိမ့်မယ် ထင်တယ်၊ သူ့အနေနဲ့က ငယ်ငယ်ကတည်းက ညီမလေးတစ်ယောက်လို ကြင်နာခဲ့တော့ ပြောဖို့ ဆိုဖို့ ခက်ခဲနေတယ် ထင်တယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ နှစ်ယောက်ရဲ့ ဇာတ်လမ်းကလည်း ခပ်ဆန်းဆန်း ပါပဲလားနော်၊ အေးလေ ဒီလို ထိန်းထိန်းသိမ်းသိမ်း နေတတ်ထိုင်တတ်တဲ့ ယောက်ျားတစ်ယောက်နဲ့ သမီး ဖူးစာဆုံရတာ ကံကောင်းပါတယ်"

အေမီလှိုင်ကလည်း ကိုသက်ထူးနှင့် ပတ်သက်ပြီး ဒီသဘောမျိုး ပြောဖူးသည်ပဲ။

သူမ နှလုံးသားအတွက် တကယ်ပဲ ကံကောင်းခဲ့ပြီ ထင်၏။

အခုချိန်အထိတော့ သာယာနာပျော်ဖွယ် ချစ်တင်းစကားကို ကြားနာဖို့ ကမ်းဝေးနေတုန်းပဲ ဖြစ်၏။

* * *

ကိုသက်ထူးနှင့် ရန်ကုန် ပြန်ဆင်းဖြစ်သည်။

သူမ နေဖို့အတွက် လူသန့်သော မိန်းကလေးအဆောင် တစ်ခုကို ကိုသက်ထူးကပင် ကြိုပြီး စီစဉ်ထားပေးသည်။





တစ်ယောက်တည်း နေရမည် ဖြစ်သော်လည်း ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ် ရှိစေဖို့ နှစ်ယောက်ခန်း ယူထားပေးသည်။

အဆောင်ပိုင်ရှင်ကလည်း ကိုသက်ထူးတို့နှင့် ဆွေရိပ်မျိုးရိပ် မကင်းပေ။ သူမတို့နှင့် တစ်မြို့တည်းသားတွေလည်း ဖြစ်၏။

"သင်္ကြန်မှာ တို့တစ်တွေ လွတ်လွတ်လပ်လပ် ဆော့ဖို့ အားလုံး စီစဉ်ထားတယ် ဝတ်ရည်"

"ငါက ပိတောက်ပန်းကို ချစ်သလို သင်္ကြန်ကိုလည်း မြတ်နိုးပါတယ်၊ ငါနဲ့အတူတူ ကိုသက်ထူးပါ ပါမှာနော် အေမီ"

"မင်းအကြောင်းကို တို့ သိပြီးသားပါ၊ ဘာလဲ မင်းတို့ချင်း ကိစ္စပြီးသွားပြီလား"

အေမီလှိုင့် အမေးကို သူမ ခေါင်းခါလိုက်၏။

အေမီလှိုင်ကတော့ အတော်လေး အံ့သြနေပြန်သည်။

"အခုထိ မင်းကို ဖွင့်မပြောရသေးဘူးလား၊ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းနိုင်တဲ့ ယောက်ျားပဲ၊ ကြည့်ရတာ ဒီသကြံန်မှာ မင်းကို အမှတ်တရဖြစ်အောင် ဖွင့်ပြောလိမ့်မယ် ထင်တယ်”

“မရှက်တမ်း ဝန်ခံရရင်တော့ သူပြောလာမယ့် စကားကို ကြားချင်နေတာ အမှန်ပဲ အေမီ၊ ပြောတဲ့သူက ပြောပြီး ပြန်ဖြေရမယ့်သူက ဖြေမယ့်စကားတွေကို နားလည်ပြီးသားဖြစ်ကြပေမယ့် ကြားချင် ပြောချင်သေးတယ်လေ”

အေမီလှိုင်က သူမတို့အဆောင်မှာ နေချင်သည် ... ဟု ပြောသည်။

ဒီကိစ္စအတွက် ကိုသက်ထူးကို တိုင်ပင်သင့်သည် ... ဟု သူမ တွေးသည်။ ဖြည်းဖြည်းမှပြောလည်း ဖြစ်ပါတယ်ဆိုပြီး ပြီးစလွယ် သဘောထားလိုက်မိပြန်၏။

* * *

ကိုသက်ထူးနှင့် ပတ်သက်ပြီး ဗေဒင်ဟောလိုက်ရင်တော့ အဲဒီဗေဒင်ဆရာ ကိုယ်ကျိုးနည်းမှာ သေချာသလောက် ရှိ၏။





ယောက်ျားတွေနှင့် အပေါင်းအသင်းများပြီး ယောက်ျားတွေ အရိပ်အကဲကို သိနေသော အေမီလှိုင်၏ ကြိုတင်နမိတ်ဖတ်ခြင်းသည်ပင် နှစ်ခါမြောက်ပြောပြီးမှ ကွက်တိမှန်နေသည်ကို တွေ့ရ၏။

သကြံန်အကြိုနေ့ နံနက်အလင်းမှာတော့ သူမ မြတ်နိုးသော ပိတောက်ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် အဆောင်သို့ ကိုသက်ထူး ရောက်လာ၏။

“ဟယ် ပိတောက်ပန်းတွေပါလား၊ ဘယ်ကနေ ဘယ်လိုရလာတာလဲ ကိုသက်ထူး”

ပိတောက်တွေကို အငမ်းမရ မွှေးကြူရင်း ပြောလိုက်သည်။

ကိုသက်ထူးကတော့ အပြုံးဖြင့် ပြန်ဖြေသည်။

“ဝတ်ရည် ကြိုက်တယ်ဆိုတာသိလို့ ပိတောက်ဦးကို ရအောင် ရှာခဲ့တာပေါ့ ဝတ်ရည်၊ သကြံန်ပြီးတာနဲ့ ဂျပန်သွားဖို့ သေချာနေပြီ ဝတ်ရည်”

“ကိုသက်ထူးက နိုင်ငံရပ်ခြားသွားရမှာဆိုတော့ ပျော်နေမှာပေါ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဝက်မှန်သလို တစ်ဝက်က မမှန်ပြန်ဘူး ဝတ်ရည်"

"ဘာဖြစ်လို့လဲ"

"တစ်ဝက်မှန်တယ်လို့ ပြောတာက ဂျပန်သွားဖြစ်လို့ တစ်ဝက်မမှန်ဘူးလို့ ပြောရတာကတော့ ဝတ်ရည်ကို ထားခဲ့ပြီး သွားရမှာကို စိတ်မချနိုင်လို့လေ"

"ဘာလို့ စိတ်မချတာလဲဟင်"

သူမ အနေနှင့်လည်း စိတ်လိုလက်ရဖြစ်ပြီး စကားတွေ ထောက်ပေးမိနေပြန်၏။ သူမစကားထောက်ခြင်းကြောင့်ပင် ကိုသက်ထူးတစ်ယောက် ရင်ပွင့်ထွက်လာခဲ့သည် ထင်၏။

"ဝတ်ရည် မသိတာလား၊ ဒါမှမဟုတ် ကိုယ့်သံယောဇဉ်ကို အသိအမှတ် မပြုတာလား"

"ဘယ်သူက ဘာပြောနေသေးလို့လဲ ကိုသက်ထူးရယ်၊ မိန်းမတစ်ယောက် ဆိုတာက စောင့်စည်းရတဲ့ တာဝန်ရှိတယ်၊ ယောကျ်ားတစ်ယောက်လို သူ့ရင်ထဲမှာ ပြောချင်တာကို စပြောဖို့ အခွင့်အရေး မရှိခဲ့ဘူးလေ"

ဒီစကားလောက်သာ သူမအနေဖြင့် ပြောဖို့သင့်လော်မည်။ ဒီထက်ပိုပြီး ပြောပြန်ရင်လည်း မကောင်းပေ။





"ကိုယ့်ကို ညှဲ့တယ်လို့ စွပ်စွဲပါ ဝတ်ရည်၊ ကိုယ်က ဝတ်ရည်ကို ပန်းလေးတစ်ပွင့်လို အရိပ်ကြည့်နေလာခဲ့တဲ့သူ၊ အဲဒီမိန်းကလေးဟာ သူများလက်ထဲရောက်မှာ စိုးရိမ်တာ အမှန်ပဲ၊ ဝတ်ရည်ကို သံယောဇဉ်ဖြစ်ပြီး ကိုယ်ချစ်နေခဲ့တာ ကြာပါပြီ၊ အခု ဂျပန်သွားတယ် ဆိုတာကလည်း ကိုယ့်ဘဝ အတွက်ရော၊ ဝတ်ရည်အတွက်ပါ သက်ဆိုင်ပါတယ်၊ ရေခြားမြေခြားမှာ သွားနေရမယ့် ကိုယ့်အတွက်တော့ ဝတ်ရည် စိတ်ချချင်တယ်ကွယ်"

သူမ အကြားချင်ဆုံးစကား။ သူမ နာခံချင်ဆုံး အသံတို့သည် တစ်သက်တာအတွက် မှတ်မှတ်ရရ ဖြစ်ကျန်တော့မည်ထင်၏။

ဒီတစ်ခါတော့ အေမီလှိုင်၏ စကားတွေက ကွက်တိ မှန်နေခဲ့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





၆

ကိုသက်ထူး ဂျပန်သို့ သွားပြီးနောက်ပိုင်း အဆောင်မှာ အေမီလှိုင် လာ,လာအိပ်တတ်သည်။

အဆောင်မှာ အနေများလာတော့ အဆောင်ပိုင်ရှင်က သတ်သတ်မှတ်မှတ်နေဖို့ ပြောလာ၏။

နောက်ဆုံးမှာတော့ ပိုက်ဆံပေးပြီး သူမနှင့်အတူတူ အေမီလှိုင် လာနေ၏။

သူမ တစ်ယောက်တည်းနေတုန်းကတော့ ညှော်သည် အသွားအလာ သိပ်မရှိပေ။ အေမီလှိုင် ရောက်လာတော့ ညှော်သည်အဝင်အထွက် များလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အများအမြင် မတင့်တယ်မည် စိုးသောကြောင့် ချည့် သည်ယောက်ျားလေးတွေလာတိုင်း သူမပါ လိုက်ပြီး ချည့်ခံ ရတော့သည်။

"နင်တို့နော် ... ဝတ်ရည်ကိုတော့ စိတ်နဲ့ ပစ်မှားဖို့တောင် မကြံလေနဲ့၊ ဝတ်ရည်က ရှိပြီးသား၊ ငါနဲ့ ဆက်ဆံသလိုပဲ သူငယ်ချင်း အပေါင်းအသင်း အနေနဲ့ပဲ ဆက်ဆံ"

အေမီလှိုင် ဆီသို့ လာတတ်သော အပေါင်းအသင်းများ ကို တရားဝင် ပြောထားလေ့ရှိသည်။

ပထမပိုင်းတော့ မျက်နှာပူချင်မိသော်လည်း ပြောဖန် များလာတော့ နေတတ်ထိုင်တတ် ရှိလာခဲ့သည်။

"မနက်ဖြန်ဆို အောင်စာရင်း ထွက်မယ်နော်"

"ဘာဖြစ်လို့ ဝတ်ရည်ရဲ့၊ ဂုဏ်ထူး မပါမှာ စိုးနေလို့လား"

"မနက်ဖြန်ကျရင်တော့ ဝတ်ရည် အဆောင်မှာပဲ ကျန်နေခဲ့မယ် သင်တန်းမတက်ဘူး"

"ဘာဖြစ်လို့လဲ ဝတ်ရည်၊ အောင်စာရင်းကြည့်ပြီးတာနဲ့ သင်တန်းဆက်တက်လို့ ရနေတာပဲ"





"အောင်စာရင်းကိုလည်း အေမီပဲ စောစောသွားကြည့် လိုက်၊ ဝတ်ရည် အခန်းမှာပဲ နေခဲ့မယ်၊ အကျိုးအကြောင်းကို ဝတ်ရည်ပဲ ဖုန်းလှမ်းဆက်လိုက်တော့"

"ဘာဖြစ်လို့လဲ ဝတ်ရည် ... အောင်စာရင်းကြည့်ဖို့ သတ္တိမရှိလို့လား"

"ဒါလည်းပါတယ်၊ ပြီးတော့ ဒီနေ့အောင်စာရင်းထွက် ရင် အဆောင်ကို ဖုန်းလှမ်းဆက်မယ်လို့ ကိုသက်ထွေး ပြောထားလို့၊ အပြင်ထွက်နေရင် လွဲမှာ စိုးလို့လေ"

သူမ စကားကြောင့်ပင် အေမီလှိုင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

မျက်ရည်တွေ ဘာတွေ သုတ်ပြီးမှ အေမီလှိုင် ပြော သည်။

"စာတွေလည်း ရေးနေကြတာပဲ ဝတ်ရည်ရယ်၊ အေး လေ ဒါဆိုလည်း ဝတ်ရည် သဘောပါပဲ၊ အောင်စာရင်းကို တို့ပဲ သွားကြည့်ပေးမယ်၊ ပြီးရင် ဖုန်းလှမ်းဆက်လိုက်မယ်"

"ကျေးဇူးပဲ အေမီရယ်၊ သူ့အသံကို ကြားရတာ



www.burmeseclassic.com

www.burmeseclassic.com

လတွေနဲ့ချိပြီး ရှိနေပြီ၊ လူချင်းမတွေ့ရ မမြင်ရပေမယ့် အသံကိုတော့ နားနဲ့ဆတ်ဆတ်ကြားချင်တယ်"

"ကိုယ်အတွေ့မရတော့ အသံအတွေ့နဲ့ပဲ အလွမ်းသယ်ကြမှာပေါ့၊ ဟုတ်လား ဝတ်ရည်"

နောက်နောက်ပြောင်ပြောင်နှင့်ပင် အေမီလှိုင် အိပ်ရာဝင်သွား၏။ သူမကတော့ အောင်စာရင်းနှင့် ကိုသက်ထူး ဖုန်းဆက်မည်ဆိုသော အတွေးတွေကြောင့် အေမီလှိုင့်လို စိတ်ချလက်ချ အိပ်မောမကျနိုင်ခဲ့ပေ။

* * *

မနက်လင်း အိမ်ရာထတော့ အခန်းထဲမှာ အေမီလှိုင် မရှိတော့ပေ။

အောင်စာရင်းကြည့်ဖို့အတွက် သူမကို မနှိုးဘဲ စောစီးစွာ ထသွားခဲ့ပြီ ထင်၏။

အိပ်ရာသိမ်းနေစဉ်မှာပင် သူမအတွက် ဖုန်းလာသည်ဟု လှမ်းခေါ်သံ ကြားလိုက်သည်။





ကိုသက်ထူးဆီက ဖုန်းဖြစ်နိုင်သလို အေမီလှိုင်ဆီကလည်း ဖြစ်နိုင်၏။ ထိုဖုန်းနှစ်ခုစလုံးမှာ သူမအတွက် ဝမ်းသာစရာ စကားများကို သယ်ဆောင်လာမည့်ဖုန်းများ ဖြစ်သည်။

ဘေးနားချထားသော စကားပြောခွက် ကောက်ကိုင်လိုက်သည်။

အမိန့်ရှိပါရှင်"

သူမ ရောက်ကြောင်းကို အသံပြုလိုက်သော်လည်း တစ်ဖက်မှ စကားသံ ထွက်မလာပေ။ အသက်ရှူသံသဲ့သဲ့ကိုတော့ ကြားလိုက်ရသည်။ ဒီအခြေအနေအရ ဆိုရင်တော့ ကိုသက်ထူး ဖြစ်လာစရာ အကြောင်းမရှိပေ။

အေမီလှိုင်ပဲ သူမကို နောက်နေတာ ဖြစ်ရမည်။

"အေမီ မဟုတ်လား၊ ဘာလို့ စကားမပြောဘဲ ဟိုလိုလို ဒီလိုလို လုပ်နေရတာလဲ"

လေသံမာလိုက်တော့မှ အေမီလှိုင် အသံထွက်လာ၏။

"မင်းကို နောက်ကြည့်တာပါ၊ ကိုသက်ထူးရဲ့ဖုန်း မလာသေးဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မလာသေးဘူး"

"မင်းရဲ့ မဂ်လာ သတင်းကိုရော မသိချင်ဘူးလား ဝတ်ရည်"

"ပြောလေ အေမိ … အေမိရော အောင်လား"

"မင်းက မင်းကိုယ်မင်း အောင်ပြီးသားလို့ သိပြီးသားပဲ၊ မင်းအောင်ပါတယ်၊ အေမိကတော့ ဂုဏ်ထူးမပါဘူး၊ မင်းက ဂုဏ်ထူးနှစ်ခုပါတယ်"

သူမ ရင်ထဲမှာတော့ ဝမ်းသာစကားတစ်ခု အတွက်တော့ အတော်လေး ကျေနပ်သွားခဲ့၏။ ဒီအတိုင်းဆိုရင်တော့ ကိုသက်ထူး ဖုန်းကိုပဲ စောင့်ဖို့ရှိတော့၏။

* * *

တကယ်တမ်း ကိုသက်ထူးနှင့် ဖုန်းပြောဖြစ်တော့ ရာခိုင်နှုန်းပြည့် စိတ်ချမ်းသာမှု မရခဲ့ပေ။

ကိုသက်ထူး၏ စကားတွေထဲမှာ အေမိလှိုင့်အကြောင်းတွေပဲ ထပ်တလဲလဲ ဖြစ်နေခဲ့၏။





"ဝတ်ရည် ဂုဏ်ထူးနှစ်ခုနဲ့အောင်တယ် သိလား၊ အေမိလည်း အောင်တယ်"

"ဝတ်ရည်အောင်တဲ့အတွက် ကိုယ် ဝမ်းသာပါတယ်၊ ကိုယ်လည်း ပြောမယ် ပြောမယ်နဲ့ အခုမှပဲ ပြောဖြစ်တော့မယ်"

"ဘာကိစ္စလဲဟင်"

"အေမိလှိုင့် ကိစ္စပဲ ဝတ်ရည်၊ အေမိလှိုင်က ဝတ်ရည်နဲ့ လာနေတာ ကြာပြီဆို၊ အဲဒီကိစ္စ ကိုယ့်ကို ဘာလို့မပြောတာလဲ ဝတ်ရည်"

"ဝတ်ရည် မပြောခဲ့ဘူးလား၊ ဒါဆိုရင်တော့ ပြောပြီးသားဆိုပြီး ဝတ်ရည် မေ့နေတာပဲ ဖြစ်မှာပါ"

သူမဘက်ကတော့ တကယ်ပင် ရိုးသားစွာ ပြောဆိုမိသည်။ ကိုသက်ထူး ကတော့ ဒီကိစ္စနှင့် ပတ်သက်ပြီး စိတ်ကြည်လင်ပုံ မရတော့။ ပြီးတော့လည်း အေမိလှိုင်နှင့် လှူချင်းခွဲဖို့ စကားတွေသာ ပြောနေတော့၏။

"ပြောပြီးတယ်လို့ပဲ ထားလိုက်ပါတော့၊ ဝတ်ရည် နယ်ပြန်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလည်း ဒီမှာ သင်တန်းတွေက ပြတ်မှ မပြတ်သေးတာ၊ ကိုယ် ဘာဖြစ်နေတာလဲ၊ အေမီနဲ့ တွဲတာကို မကြိုက်တာလား"

"ဟုတ်တယ် ဝတ်ရည်၊ ကိုယ့်ဆီရောက်လာတဲ့ သတင်းက စုံနေတာပဲ၊ ကိုယ် ယုံကြည်လို့ ပြောတာ မဟုတ်ဘူး၊ မပြေးသော်လည်း ကန်ရာရှိနေတာ မဟုတ်လား၊ ကိုယ်က သစ်ငုတ်တို မဟုတ်ဘူးလေ၊ လူတွေ ပြောပါများလာတော့ ကိုယ့်စိတ် တစ်မျိုးဖြစ်လာတာ အမှန်ပဲ"

"ကိုယ် မကြိုက်ဘူးဆိုရင်လည်း ဝတ်ရည် ဆင်ခြင်ပါ့မယ်၊ အခုလောလောဆယ်ကြီးတော့ အေမီ့ကို မောင်းထုတ်သလိုမျိုး ဖြစ်နေမယ် ကိုယ်၊ အခုတက်နေတဲ့ သင်တန်းကလည်း ပြီးခါနီးပါပြီ၊ မေမေ့ကို လာခေါ်နိုင်ပြီး ဟိုမှာပဲ ပြန်နေလိုက်မယ်နော်၊ ကိုယ်ရော နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ဝတ်ရည်၊ နေ့ရှိသရွေ့ လိုလို အဲဒီက အကြောင်းတွေချည်းပဲ ကြားနေရတော့ ကိုယ် စိတ်မဖြောင့်တာ တစ်ခုပဲ ရှိတယ်"





"ဝတ်ရည်ကို ကိုယ်ယုံတယ်ဆို၊ ကိုယ့်ယုံကြည်မှုကို ဝတ်ရည် အမြဲတန်ဖိုးထားပါတယ်၊ သစ္စာဆိုပြဝံ့ပါတယ် ကိုယ်၊ ကိုယ်မကြိုက်ဘူး၊ ပြဿနာရှိလာနိုင်ပါတယ်လို့ ကိုယ်ထင်ရင် အေမီနဲ့ တဖြည်းဖြည်း အဆက်ဖြတ်ပါ့မယ် ကိုယ်"

ရေခြားမြေခြား ရောက်နေသူကို ဘယ်သို့သော သတင်းမျိုးတွေ ပို့နေသည်မသိ။

ကိုသက်ထူး စိတ်ချမ်းသာအောင် မနည်းဖျောင်းဖျပြောဆိုရ၏။ ဒါတောင် အလုံးစုံ ကျေနပ်သည့်ပုံ မပြပေ။


အေမီလှိုင် ပြန်ရောက်လာတော့ ကိုသက်ထူးနှင့် ပြောဖြစ်ခဲ့သည်များကို ထိန်ချန်ထားလိုက်ပြီး ကြည့်ကောင်းအောင် ပြောရ၏။

အေမီလှိုင့်ဘက်က ရိုးသားနေပြန်တော့ သူမ အဖို့ အနေခက်ရသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com





# ၇

ကုသိုလ်ကံကောင်းခြင်းလား ဆိုးခြင်းလားတော့ မခေ
ာတ်ပေ၊ ကိုသက်ထူး ဖုန်းပြောဖြစ်ပြီး ရက်နှစ်ဆယ်လောက်
ာသောအခါ သူမ နေထိုင်မကောင်း ဖြစ်၏။ နေမကောင်း
စမှာပင် အေမိလှိုင် တစ်ယောက် ပျာယာခတ်နေ၏။

"ကိုယ့်ဘာသာ ဆေးသောက်ရုံနဲ့ ပျောက်မှာမဟုတ်ဘူး
ာ်ရည်၊ ဒီနေ့တော့ ဆေးခန်းသွားပြမှ ဖြစ်မယ်၊ မင်း ဖျား
တာ နှစ်ရက်ရှိသွားပြီ"

"ရပါတယ် အေမိရာ...ဒီလိုပဲ ဆေးသောက်ရုံနဲ့ ပျောက်
မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်နဲ့ ပြောမရရင်တော့ မင်းကို ချီခေါ်သွားရလိမ့်မယ်၊ မင်း ဖျားတာက သဘာဝမကျဘူး၊ မင်း မျက်နှာလေး ချောင်ကျသွားတာပဲ၊ ဘာမှလည်း မစားနိုင်ဘူး၊ အနုံ့ပဲနေတော့တာ"

နောက်ဆုံးမှာတော့ ဆေးခန်းသွားဖို့ကို ခေါင်းညိတ်လိုက်ရသည်။ သူမကိုယ်တိုင်လည်း ဖျားနာခြင်းအပေါ် သံသယရှိလာခဲ့၏။

အေမီလှိုင်ကိုယ်တိုင် ဆေးခန်းတိုက်သွားယူပြီး အနားအနီးမှ ကားငှားကာ သူမကို လာခေါ်၏။

ဆေးခန်းသွားပြမည်ဆိုတော့မှ ရောဂါပိုတိုးလာသည်လား မသိ။ သတိလွတ်မသွားအောင် မနည်းထိန်းထားရလေသည်။

"ဝတ်ရည်…မင်းကြည့်ရတာ တဖြည်းဖြည်းနဲ့ ပိုပြီးဆိုးလာသလိုပဲ၊ တို့ စိတ်အထင်တော့ မင်း တိုက်ဖွိုက်ဖြစ်နေပြီ ထင်တယ်"

အေမီလှိုင့်စကားကို မတုံ့ပြန်နိုင်ဘဲ ဝေဒနာကြောင့်ပင်





မှိန်းနေမိသည်။ အေမီလှိုင်၏ နိမိတ်ဖတ်မှုက မှန်နေပြန်၏။ ဆေးခန်းရောက်သည်နှင့် သူမကို စမ်းသပ်မှုများ ပြုလုပ်ကြသည်။

အချိန်ဆိုင်းမနေတော့ဘဲ ဆရာဝန်က ဆေးရုံတင်ခိုင်းလိုက်၏။

အေမီလှိုင် နိမိတ်ဖတ်သလို တကယ်ပင် အူရောင်ငန်းဖျား ရောဂါကြောင့် သူမ ဆေးရုံတက်ခဲ့ရတော့၏။

* * *

ပုဂ္ဂလိက အပြင်ဆေးရုံမှာပင် တက်ရောက်ကုသဖို့ အေမီလှိုင်ကပင် အားချင်းစီစဉ်၏။ သူမတို့အိမ်က လူတွေကိုလည်း အကြောင်းကြားလိုက်သေး၏။ ဆေးရုံပေါ်ရောက်တော့ အေမီလှိုင် တစ်ယောက်တည်း သူမကြောင့် ပျာယာခတ်ရ၏။

ဝေဒနာကို ခံစားနေရသော်လည်း အေမီလှိုင်၏ အပြု အစု အစောင့်အရှောက်ကြောင့် တအားရှိလှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စိုးရိမ်မနေနဲ့ ဝတ်ရည်၊ ဝတ်ရည် မိဘတွေလည်း သိတာနဲ့ လိုက်လာကြမှာပါ၊ အရမ်းစိုးရိမ်နေမှာစိုးလို့ အရိပ်အငွေ့လောက်ပဲ စာရေးပေးလိုက်တယ်"

ဆေးပိုက်များ တန်းလန်းနှင့်မို့ သူမ လှုပ်လို့မရပေ။

သူနာပြုဆရာလေးထက်ပင် အေမီလှိုင်က ပိုပင်ပန်းနေသေး၏။

အေမီလှိုင့် အကြောင်းတွေကိုသာ ကိုသက်ထူး သိပါက ဘာများပြောမည် မသိ။ မဟုတ်သော သတင်းစကားတွေကြောင့် အေမီလှိုင့် အပေါ် အပြစ်မြင်နေခဲ့သည်။ သူမ နားလည်အောင် ရှင်းပြနေလည်း ပြဿနာ ပိုရှုပ်ထွေးဖို့သာ ရှိသည်ပဲလေ ...။

"အစ်မ ပြန်နားရင် နားလေ၊ ကျွန်မလည်း ရှိနေတာပဲ"

"မပြန်တော့ပါဘူး ဆရာမလေးရယ်၊ ဒီည ဆေးရုံမှာပဲ အိပ်လိုက်တော့မယ်၊ ဒါမှ လူနာ အားမငယ်မှာပေါ့၊ သူ့မိဘတွေ ရောက်လာတော့မှပဲ ပြန်နားတော့မယ်"





"အစ်မ အရမ်းပင်ပန်းနေလို့ ပြောတာပါ"

"ရပါတယ် ဆရာမလေးရယ်၊ အခန်းထဲမှာ အိပ်ခွင့်ရှိတယ် မဟုတ်လား"

"ရှိပါတယ် အစ်မ"

ဝေဒနာကြောင့် မှိန်းနေသော်လည်း အသံတွေကို အတိုင်းသား ကြားနေရ၏။

အများ၏ အတင်းအဖျင်း စကားကြောင့် သူငယ်ချင်းကောင်းတစ်ယောက်ကို စွန့်ခွာရမည့် အရေးကိုတော့ မပြုလို။ အခြေအနေတွေကို မလွန်ဆန်နိုင်လို့သာ သူငယ်ချင်းနှင့် လမ်းခွဲရမည်ပဲလေ။

* * *

မေမေ ရောက်လာတော့ သူမ အတော်လေးပင် ထူထူထောင်ထောင် ဖြစ်နေပြီ။

အားလုံးကတော့ သူမ အသက်ရှင်ခွင့်ကို ကယ်တင်ပေးခဲ့သော အေမီလှိုင်အား ကျေးဇူးတင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ... အမြဲတမ်း ပေတယ်၊ အေမီသာ အစောင်းဆေးခန်းမပို့ရင်တော့ မတွေးဝံ့စရာပဲ"

"ဟုတ်တယ် မေမေ ... သမီးသာ ဆိုရင်တော့ ဒီတိုင်းပဲ နေ့နေမှာပဲ၊ သူ့အလိုလို ကောင်းသွားမယ်ထင်ပြီး ဆေးဝယ်သောက်နေမှာပဲ"

"အသက်အန္တရာယ်ကို စိုးလည်း စိုးရိမ်စရာ ဖြစ်လောက်တယ်၊ ပြီးတော့ အခုလို မြန်မြန်ဆန်ဆန်ကြီး ပြန်မကောင်းနိုင်ဘဲ ဝေဒနာကို ခံစားရဦးမှာ"

သူမရော အားလုံးကပါ ဝိုင်းပြောကြတော့ အေမီလှိုင် ရယ်နေပြန်၏။

"ဆေးရုံက ဆင်းရင်တော့ ဝတ်ရည်ကို ပြန်ခေါ်သွားတော့ ဒေါ်ဒေါ်၊ ဟိုမှာပဲ နားနားနေနေ ပြုစုပေတော့"

"ဒါဆိုရင် အေမီကရော အဆောင်မှာ တစ်ယောက်တည်း ဆက်နေမှာလား"

"ဝတ်ရည်ကို ခင်လွန်းလို့ ဖေဖေတို့ကို မနည်းပြောပြီး လိုက်နေပေးတာ၊ ဝတ်ရည် မရှိတော့ရင် သမီးလည်း အိမ်ပြန်နေမှာလေ"






အေမီလှိုင့် စကားကြောင့်ပင် စိတ်မကောင်း ဖြစ်ရပြန်၏။

ရန်ကုန်ကို ပြန်မလာဖြစ်တော့ဘူး ဆိုတာကို အေမီလှိုင် သိနိုင်မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com





# ၁

ဆေးရုံမှ ဆင်းခါနီး နှစ်ရက်အလိုမှာပင် သူမနှင့် ကပ်လျက်အခန်းသို့ မွေးလူနာတစ်ဦး ရောက်လာ၏။

သူမ လမ်းလျှောက်ချင်တာလည်း ပါသည်။ ကြားရသော သတင်းစကားကြောင့် စပ်စုချင်တာလည်း ပါ၏။

"လူနာက သနားစရာပါ၊ ကိုယ်ဝန်ရင့်မာကြီးနဲ့ ချော်လဲတော့ မနေနိုင်တဲ့သူက ဆေးရုံပို့ပေးခဲ့တာ"

"သူ့ယောကျ်ား မရှိဘူးလား"

"ယောကျ်ားက ဆုံးသွားပြီ ပြောတာပဲ"

"ဒါဆို မွေးဖို့ဖွားဖို့ စရိတ်က ဘယ်သူပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာပို့သွားတဲ့သူတွေက ဒီအမျိုးသမီး မွေးဖွားပြီးတဲ့အထိ တာဝန်ယူလို့ လက်ခံထားလိုက်တာလေ"

ရောဂါဝေဒနာကို ခံစားလိုက်ရသောကြောင့်ပင် သူမ ကိုယ်လေးမှာ အတော်လေး ကျသွား၏။

မေမေနှင့် သူနာပြုဆရာမလေးတို့ စကားများကို စိတ်ဝင်စားစွာ နားထောင်နေရင်းက ဝင်ပြောလိုက်၏။

"မေမေ ... အဲဒီအမျိုးသမီးကို ခဏဝင်ကြည့်ရအောင်"

"သွားလေ သမီး"

အခန်းထဲဝင်သည်အထိ သူမတို့နှင့် ပတ်သက်သောသူ ဖြစ်လိမ့်မည် ... ဟု မထင်ထားခဲ့ပေ။

* * *

"ဆရာကတော်"

သူမတို့ ဝင်လာကတည်းက အမျိုးသမီးလူနာမှာ သေသေချာချာ ကြည့်နေပုံရသည်။





မေမေ့ကို လှမ်းခေါ်သံကြောင့်ပင် သူမလည်း ဒေါ်အေးသွယ်ကို မှတ်မိသွားတော့၏။

"မင်း မောင်တင့်ဝေရဲ့ မိန်းမ မအေးသွယ် မဟုတ်လား"

ဒေါ်အေးသွယ်နှင့် ဦးတင့်ဝေတို့ကို သူမ ကောင်းကောင်းမှတ်မိ၏။ ဦးတင့်ဝေမှာ ဖေဖေ့တပည့်တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ သူတို့နှစ်ယောက်ကို ဖေဖေ၊ မေမေတို့ကပင် မင်္ဂလာဆောင်ပေးခဲ့ဖူး၏။

"ဟုတ်ပါတယ် ဆရာကတော်"

"ဒါဖြင့် မောင်တင့်ဝေကရော"

မေမေက သတင်းကြားထားပြီးသားမို့ စိတ်မကောင်းစွာဖြင့် မေးလိုက်၏။ သူမတို့မြို့မှ လင်မယားနှစ်ယောက် ထွက်သွားပြီး ဘာသတင်းအစအနမှ မရတော့ပေ။

"သူ ဆုံးသွားပြီ ဆရာကတော်"

ဒေါ်အေးသွယ်၏ မျက်ရည်စများကို သူမရော မေမေပါ သုတ်ပေးရင်း နှစ်သိမ့်ရပြန်၏။

ဒေါ်အေးသွယ်ရော ဦးတင့်ဝေပါ သူတို့မြို့က ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ ရန်ကုန်ဇာတိလည်း မဟုတ်ကြပေ။ သူမတို့မြို့မှနေ အခြားမြို့ကို ပြောင်းရွှေ့သွားတာပဲ သိရသည်။

"ရန်ကုန်မှာပဲ ဆုံးတာလား မအေးသွယ်"

"ဟုတ်တယ် ဆရာကတော်၊ ကျွန်မ ကိုယ်ဝန်သုံးလမှာပဲ သူ ဆုံးသွားတာ၊ ကျွန်မလည်း သူ့နောက်ကို မကြာခင် လိုက်ရတော့မယ် ထင်တာပဲ"

ဒေါ်အေးသွယ်မှာ ကိုယ်ဝန်လွယ်ထားရပြီး ပင်ပန်းဆင်းရဲခြင်းဒဏ်ကြောင့် အတော်လေး အားနည်းနေ၏။

"မွေးခါနီး ဖွားခါနီးမှာ ပေါက်ကရတွေပြောမနေနဲ့လေ မအေးသွယ်၊ အစ်မတို့လည်း ရှိနေတာပဲ၊ မင်းညီမကျောင်းတက်ရင်း နေမကောင်းဖြစ်လို့ ဆေးရုံလာတက်နေရတာ၊ ဝတ်ရည်ကျော်ကို မင်း မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် ဆရာကတော်၊ တကယ်လို့များ ကျွန်မမရှိခဲ့ရင် မွေးလာတဲ့ ကလေးကို ဆရာကတော်တို့ ပစ်မထားပါနဲ့နော်"

ဒေါ်အေးသွယ်၏ စကားကြောင့်ပင် ရင်နင့်ရပြန်သည်။





အားနည်းနေသည့် အခိုက်မို့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားရ၏။

သူမ အခြေအနေကို ရိပ်မိသည်မို့ သူနာပြုဆရာမလေးနှင့်အတူ အပြင်ပြန်ထွက်ခိုင်းတော့၏။ အခန်းထဲမှ ပြန်ထွက်လာရင်း ဒေါ်အေးသွယ် တစ်ယောက် ကောင်းမွန်စွာ မွေးဖွားနိုင်ဖို့ ဆုတောင်းလိုက်ရပြန်သည်။

*　*　*

ညဘက်ရောက်တော့ သူမကို အိပ်ဆေးတွေ တိုက်သည်လား၊ စိတ်ငြိမ်ဆေးတွေ တိုက်သည်လား ကွဲကွဲပြားပြား မသိနိုင်။ စောစီးစွာပင် သူမ အိပ်ပျော်ဖြစ်ခဲ့သည်။

ကလေးငိုသံကြောင့်ပင် သူမ နိုးလာတော့ နံနက်အတော်လင်းနေပြီဖြစ်၏။

သူမ ခုတင်ဘေးမှာ အေမီလှိုင်လည်း ရောက်နေ၏။

ခုတင်ပေါ်မှာ ထထိုင်ပြီး မေမေ့ကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အေးသွယ် မွေးသွားပြီလား မေမေ"

"ညကပဲ မွေးသွားပြီ သမီး"

"ဘာလေး မွေးလဲ မေမေ"

မေမေကတော့ မဖြေနိုင်ဘဲ စိတ်မကောင်း ဖြစ်နေပုံရသည်။ ဒါဆိုရင်တော့ တစ်ခုခုဖြစ်တာ သေချာနေပြီ။

အနားမှာ ရှိနေသော အေမီလှိုင်က မေမေ့ကိုယ်စား ဝင်ပြောလိုက်၏။

"မိန်းကလေး ဝတ်ရည်၊ အဲဒီကလေးက မင်းနဲ့ဆင်တောင် ဆင်သေးတယ်၊ ဒေါ်အေးသွယ်ကတော့ ဆုံးသွားရှာပြီ"

အေမီလှိုင့် စကားကြောင့် ရင်ထဲမှာ ကရုဏာ ဖြစ်သွားပြန်၏။ ကလေးကို မမြင်ရသေးသော်လည်း သံယောဇဉ်ဖြစ်သွားမိသည်။

ချက်ချင်းဆိုသလိုပင် မေမေ့အား ပြောလိုက်မိသည်။

"ဒေါ်အေးသွယ် ပြောခဲ့သလိုပင် ဒီကလေးကို သမီးတို့ မွေးရအောင်နော် မေမေ၊ သမီးတို့နဲ့ ထိုက်လို့ရတဲ့ ကလေးလို့ပဲ သတ်မှတ်လိုက်ရအောင်နော်"





"အေးပါ သမီးရယ်၊ ဒီကလေးကို မေမေတို့ မွေးမှာပေါ့"

ထိုအခိုက်အတန့်လေးမှာပင် အနီးဖြင့် သေသပ်စွာ ထုပ်ထားသော ကလေးလေးကို အခန်းထဲသို့ ခေါ်လာ၏။ ပါးစပ်မှလည်း သူနာပြုဆရာမလေး ပြောလိုက်သေး၏။

"နို့ဆာနေတာနဲ့ တခြားကလေးအမေတွေဆီမှာ နို့သွားတောင်းတိုက်ပေးတာလေ၊ နို့ဝသွားတော့ ငြိမ်သွားတာပဲ"

မချိတတ် ချိတတ်ဖြင့် သူမ ရင်ခွင်ထဲမှာ ထည့်ထားမိသည်။

သူမကိုကြည့်ရင်း နောက်သလို ပြောင်သလိုလိုနှင့် အေမီလှိုင် နိမိတ်ဖတ်လိုက်ပြန်၏

"ဒီဆေးရုံမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းကို မသိတဲ့လူတွေကတော့ မင်းကို ဒီကလေးအမေလို့ပဲ ထင်ကြမှာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း ကလေးချီထားတဲ့ ပုံစံက တကယ့်ကလေးအမေဂိုက်ပဲ၊ လူကလည်း တိုက်ဖွိုက်ဖြစ်ပြီးဆိုတော့ ကွက်တိပဲ ဝတ်ရည်"



www.burmeseclassic.com

www.burmeseclassic.com



အေမီလိုင့် စကားကြောင့်ပင် သူမရော အားလုံးပါ သဘောကျသွားကြ၏။

ဆက်သွယ်မှု မရှိပါဘဲနှင့် ဒီကလေးကို သံယောဇဉ် ဖြစ်ရပြန်သည်။ ဒေါ်အေးသွယ်မှာကတော့ ကလေးကို မြင် သွားသည်လား၊ မမြင်သည်လား မပြောတတ်။ ကလေးလေး ကတော့ သူမ ရုပ်နှင့် တော်တော်ဆင်နေပြန်၏။



# ၉

ဒေါ်အေးသွယ်၏ ရှာပနကိစ္စ သမီးလေး၏ ကျန်းမာ ရေးကြောင့်ပင် နယ်သို့ ချက်ချင်းမပြန်ဖြစ်ဘဲ ရန်ကုန်မှာ ငါးရက် ထပ်ကြာသွားခဲ့၏။ သူမတို့ မပြန်ခင် ဖေဖေ ထပ် ရောက်လာ၏။ နယ်ပြန်ဖြစ်တော့ သမီးလေးနှင့် အတူတူ မိသားစုလိုက် ပြန်ဖြစ်ခဲ့ကြသည်။ သူမတို့ မြို့လေးသို့ ပြန် ရောက်တော့ ကောလာဟလသတင်းတွေက တစ်နေ့ထက် တစ်နေ့ ပိုပြီး ကျယ်ပြန့်လာသည်။

"လူတွေပါးစပ်က အရမ်းကြောက်ဖို့ ကောင်းတာပဲ သမီး၊ မအေးသွယ် ကလေးဆိုတာကို ဘယ်သူမှ မယုံကြ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သမီး ဆေးရုံတက်တာကလည်း တိုက်ဖွိုက်ဖြစ်လို့ ဆိုတာကို မယုံကြဘူး၊ သမီးကလေးမွေးလို့ မေမေတို့က လိုက်လာကြတာ၊ မအေးသွယ်ကိုစွက တမင်လုပ်ကြံပြီး ပြောတာလို့ သတင်းတွေ ထွက်နေတယ် သမီး”

သူမကလည်း မြို့ပြန်ရောက်သည်နှင့် ကျန်းမာရေးကြောင့် အပြင်မထွက်ဖြစ်။ သမီးလေး အနားမှာနေရင်း ပြုစု ရတာလည်းပါ၏။

ဒီကောလာဟလတွေကို ကိုသက်ထူး အသိုက်အဝန်းက ရော လက်ခံကြသည်လား မသိ။ ရေခြားမြေခြား ရောက်နေ သော ကိုသက်ထူးထံသို့လည်း ဒီစကားတွေ ရောက်သွားမှာ သေချာနေ၏။

“ကဲပါ ... မေမေရယ်၊ လူတွေကို လိုက်ရှင်းပြမနေနဲ့ တော့၊ ကိုယ်က မှန်လို့ ရှင်းပြတာကို ဖုံးကွယ်တယ်ပဲ ထင် နေကြမှာ၊ အချိန်တန်ရင်တော့ ကောလာဟလတွေဟာ သူ့ အလိုလို ပြီးဆုံးသွားပါလိမ့်မယ်”





သူမနှင့် မေမေတို့ စကားပြောနေစဉ်မှာပင် အိပ်နေ သော သမီးလေး နိုးလာပြီး ငိုသံထွက်လာ၏။

“သမီးလေး သေးစိုလို့ ငိုတာပဲ ဖြစ်ရမယ်”

မေမေ့ စကားကြောင့်ပင် သမီးလေးအကြောင်း ခေါင်း ထဲမှာ ရောက်လာ၏။

မေမေကတော့ သမီးလေးကို အနှီးလဲပေးနေသည်။

* * *

“မေမေ”

“ဘာလဲ သမီး”

“သမီးလေး၊ သမီးလေးလို့ ခေါ်နေရတာ သမီး စိတ် ထဲတစ်မျိုးပဲ၊ သမီးလေး နာမည်တစ်ခုခုရှိဖို့ လိုနေပြီ မေမေ”

“သမီးက စဉ်းစားထားတဲ့နာမည် ရှိလို့လား”

“ရှိတယ် မေမေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုနာမည်မျိုးလဲ သမီး"

"ခင်မိုးဦးတဲ့ မေမေ"

ခင်မိုးဦး ဆိုသော နာမည်လေးကို သူမ သဘောကျမိသည်။ မေမေက စဉ်းစားဟန်ပြုပြီးမှ ပြောလိုက်၏။

"သမီးပေးတဲ့ နာမည်လေးက ကောင်းပါတယ်၊ နေ့သင့်နံသင့်လဲ ကိုက်တယ်"

သမီးလေးအတွက် နာမည်ရွေးနေစဉ်မှာပင် အိမ်ပေါ်သို့ ဖေဖေ တက်လာ၏။ ဖေဖေ့မျက်နှာ တစ်ခုလုံး ညိုမည်းနေ၏။ သမီးလေး ခင်မိုးဦးနှင့် ပတ်သက်သော ကောလာဟလများကြောင့်ပင် ဖေဖေ စိတ်တိုလာပုံရ၏။

"ဘာဖြစ်တာလဲ အဖေကြီး၊ ဘယ်သူကများ ဘာများ ပြောလွှတ်လိုက်လို့လဲ"

မေမေ့ လက်ထဲမှနေပြီး ခင်မိုးဦးလေးကို လက်ပြောင်းယူလိုက်သည်။

မေမေ ပြောလိုက်သော စကားကြောင့် ရင်တုန်ပန်းတုန် ဖြစ်သွားရသည်။





"သူများတွေ ပြောတာဆိုရင် ဖြေသာသေးတယ်၊ အမေကြီးရာ၊ အခုဟာက မောင်သက်ထူးရဲ့ မိဘတွေကိုယ်တိုင်ငါ့ကိုခေါ်ပြီး ပြောလိုက်တာ၊ ဒါ မတရားစွပ်စွဲပြီး သူ့သားနဲ့ မနီးအောင် လုပ်တာပဲ"

"ကိုသက်ထူး မိဘတွေက ဘာပြောလိုက်လို့လဲ ဖေဖေ"

"ဘာရှိဦးမလဲ သမီး၊ အရပ်ထဲက ပြောတဲ့ ကောလာဟလတွေကို သက်သေလုပ်ပြီး အရင်က သဘောတူပြောဆိုထားတဲ့ သမီးတို့ကိစ္စကို ဖျက်တယ်တဲ့၊ ကလေးတစ်ယောက်အမေ ဖြစ်နေတဲ့ သမီးနဲ့ မပေးစားနိုင်ဘူးတဲ့၊ သူ့သားကို လှည်းကျိုးမထမ်းစေချင်တဲ့ သဘောမျိုး ပြောလာတယ်"

"ဖေဖေက အဖြစ်မှန်ကို ရှင်းမပြဘူးလား"

"သူတို့က ကွဲစေချင်နေတဲ့လူတွေဆိုတော့ ကောလာဟလကိုပဲ အမှန်ယူနေကြတယ်၊ ဒီလို အသိုက်အဝန်းမျိုးနဲ့ ဆာစောက် ပြတ်စဲသွားတာ ကုသိုလ်ကောင်းတယ်လို့ပဲ မှတ်ယူလိုက်ပါ သမီးရာ"

"မဟုတ်သေးဘူး ဖေဖေ၊ ဒီလိုတော့ ဆုံးဖြတ်လို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးဘူး၊ ကိုသက်ထူးရဲ့ သဘောထားကို စောင့်ကြည့်ချင်သေးတယ်"

သူမကို ဝမ်းနည်းစွာကြည့်ရင်း ဖေဖေ သက်ပြင်းချ၏။

ဖေဖေက မပြောခင်မှာ မေမေ ဝင်ပြောလိုက်သည်။

"သမီး စိတ်မကောင်းမှာစိုးလို့ မေမေ မပြောတာ သမီး၊ အခုတော့ ပြောရတော့မှာပေါ့ကွယ်၊ သူတို့က မေမေ့ကို အရင် ပြောကြတာ၊ မောင်သက်ထူးဆီလည်း ဒီသတင်းပို့ပြီးပြီတဲ့၊ သမီးအကြောင်းတွေကြားလို့ ဒီနှစ်ကုန်ရင် ပြန်လာမယ့် အစီအစဉ်ကို မောင်သက်ထူး ကိုယ်တိုင်က ဖျက်လိုက်တာတဲ့၊ ဒီနှစ်ကုန်ရင် မောင်သက်ထူး ပြန်လာမှာ မဟုတ်ဘူး၊ သူတို့ကလည်း ပြန်မလာစေချင်ဘူး"

သူမအတွက် မျှော်လင့်ချက် မဲ့စေသော စကား။

သူမ ရင်ခွင်ထဲမှာ ရှိနေသော ခင်မိုးဦးလေးကတော့ ဒီအဖြစ်အပျက်တွေကို သိရှာမည် မထင်ပေ။

အပြစ်မဲ့သော ကလေးကတော့ ရယ်ပြုံးနေလေ၏။





သမီးလေး သူမဘဝထဲသို့ ရောက်လာလို့ ကိုသက်ထူးနှင့် ဝေးရသည် ... ဟု အပြစ်မဖွဲ့ချင်တော့ပေ။

သမီးလေးမှာ အပြစ်မရှိ။ မထောက်ထားတတ်သော အကြမ္မာနှင့် လူတွေ၏စိတ်ထားများမှာ အပြစ်ရှိသင့်သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း (သုံး)



www.burmeseclassic.com

www.burmeseclassic.com

# ၁

ခင်မိုးဦးအိမ်မှ ထွက်သဖြင့် သူနှင့် ခင်မိုးဦးတို့၏ ဇာစပ်ပွဲမှာလည်း တန်းလန်းကြီး ဖြစ်နေရ၏။

ရိုက်ထားသော ဖိတ်စာများကို မဝေဖြစ်သေးတာ ကံကောင်းသည် … ဟု ဆိုရမည်။ အန်တီဝတ်ရည်ကျော် ကတော့ ခင်မိုးဦး ထွက်သွားသည့်ကိစ္စနှင့် ပတ်သက်ပြီး တစ်မျိုးလှည့်တွေးနေပြန်သည်။

သူကတော့ ဖြစ်ပျက်ခဲ့သော အခြေအနေများကို ခေါင်း အေးအေးထားပြီး ယူဆဖြစ်ခဲ့သည်။

အန်တီ ပြောသလို သားအမိချင်း စိတ်ဆိုးပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာတော့ မဖြစ်နိုင်ပေ။ ခင်မိုးဦးက သူ့ကိုချစ်ခဲ့သည် မဟုတ်။ ငယ်ငယ်က သံယောဇဉ်နှင့် လူကြီးတွေ သဘောထားကြောင့်သာ သူ့ကို ဆက်ဆံနေခဲ့ခြင်း ဖြစ်၏။

သူ့ထက် သံယောဇဉ်ပိုပြီး မခွဲမခွာနေချင်သော ချစ်ရသောသူတစ်ယောက် ခင်မိုးဦး ထံမှာ ရှိကို ရှိနေရမည်။ ထိုသူ့နောက်ကိုသာ ခင်မိုးဦး လိုက်သွားခြင်း … ဟု သူ ယူဆမိသည်။

သူ့ယူဆချက်ကို အန်တီဝတ်ရည်ကျော် တစ်ယောက်ကိုသာ ဖွင့်ပြောဖြစ်သော်လည်း ကျန်သူများကိုတော့ သူ မပြောဖြစ်ခဲ့ပေ။

"ခင်မိုးဦး ထွက်သွားတာ တစ်ပတ်ကျော်သွားပြီ … သား၊ အခုထိ သတင်းအစအနတောင် မရသေးဘူး၊ ခင်မိုးဦး ပျောက်သွားတာနဲ့ ပတ်သက်ပြီး သားက ဘယ်လိုထင်လဲ"

အခြေအနေတစ်ခုကို ကွဲကွဲပြားပြား သိချင်သောကြောင့် ဖေဖေ မေးနေပြီ။ သူ ပြောပြဖို့ ခက်နေစဉ်မှာပင် မေမေက ဖာဖာထေးထေး ဝင်ပြောလိုက်သည်။





"ရှင်ကလည်း သူတို့သားအမိချင်း စကားများလို့ ထွက်သွားတာပါလို့ ဆိုနေတာ၊ စိတ်ဆိုးပြေလောက်ရင်တော့ သူ့ဘာသာသူ ပြန်ရောက်လာမှာပေါ့"

"နေဦး … ငါမေးတာက အကြောင်းရှိလို့ သားအမိချင်း စိတ်ဆိုးလို့ ဆိုရင်လည်း မိန်းကလေးက မင်းသားကိုတော့ အကျိုးအကြောင်းဖြစ်ဖြစ် အသိပေးသွားမှာပေါ့၊ အခုဟာက မင်းသားကိုယ်တိုင်က ခင်မိုးဦး ပျောက်လို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

ဖေဖေကတော့ မစွပ်စွဲကောင်းလို့ သွယ်ဝိုက်ပြီး ပြောဆိုနေပြီ။

ခင်မိုးဦး အတွက်ပင် ကာကွယ်ပြီး ပြောလိုက်မိသည်။

"သားလည်း ဒီကိစ္စကို သေချာအောင် စုံစမ်းနေပါတယ် ဖေဖေ၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ခင်မိုးဦး အိမ်ကထွက်သွားတဲ့ကိစ္စက တစ်နေ့မဟုတ်တစ်နေ့ ကွဲကွဲပြားပြား သိလာရမှာပါ ဖေဖေ"

ဘာအကြောင်းကြောင့် ဆိုတာကိုတော့ သူက ခနီနှင့် နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသား ကြွေမွရသည်ကို အပြင်လူတွေ မသိအောင် ဟန်ဆောင်နေရ၏။

သူက ချစ်ရသလောက် ခင်မိုးဦး တစ်ယောက်ကတော့ သစ်စိမ်းချိုး, ချိုးရက်လွန်းသည်။

ညာတာမှုကင်းမဲ့စွာဖြင့် လူပုံအလယ်မှာ အနေခက်အောင် ခင်မိုးဦး ပြုရစ်ခဲ့သည်ပဲ။

* * *

တစ်နေ့တစ်နေ့ ခင်မိုးဦး၏ သတင်းနောက်ကို လိုက်ရသည်မှာ သူ့အဖို့ စိတ်မောလူမော ဖြစ်ရတာချည်းပင်။

တစ်နေ့ဝင်သွားသည်နှင့် နောက်တစ်နေ့အတွက် ခင်မိုးဦးကို ရှာဖို့သာ သူ့အသိမှာ ရှိနေသည်။

စွန့်ခွာရက်သူကတော့ ရက်စက်လွန်းလှသည်။ နောက်ယောင်ခံလို့ မရလောက်အောင်ပင် ခြေရာပျောက်သွားခဲ့ပြီပဲ။

အန်တီဝတ်ရည်ကျော်ဆီ မရောက်ဖြစ်တာ နှစ်ရက်ရှိသွားပြီမို့ လမ်းကြုံသဖြင့် သူ ဝင်ဖြစ်သည်။





ခြံသို့ ဝင်လိုက်သည်နှင့် ချစ်ရသော သူ၏ အရိပ်သဏ္ဌာန်တွေကို အလိုလို မြင်ယောင်လာခဲ့သည်ပဲ။

တစ်ချိန်ကတော့ ဒီနေရာ၊ ဒီပတ်စန်းကျင်မှာပင် သူနှင့် ခင်မိုးဦးတို့၏ ရယ်မောသံလေးများ လေပြည်အနံ့ ရှိခဲ့ဖူးသည်လေ။

"ကိုထွေး"

အချိန်ဘယ်လောက်ကြာကြာ သူ အတွေးလွန်သွားခဲ့သည် မသိ။

အန်တီဝတ်ရည်ကျော် ပခုံးလာပုတ်တော့မှ သူ သတိရသွားသည်။

အန်တီ့မျက်နှာကို ကြည့်လိုက်မိတော့ ပူပင်ကြောင့်ကြမှုတွေ မမြင်တွေ့ရဘဲ အပြုံးရိပ်တွေ သန်းနေ၏။

"အန်တီ နေကောင်းတယ်နော်"

"ကောင်းပါတယ် ကိုထွေး၊ ဘယ်က သတင်းရလို့ ကိုထွေး ရောက်လာရတာလဲ"

အန်တီဝတ်ရည်ကျော် စကားကြောင့်ပင် သူ အံ့ကြောင်သွား

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အန်တို စကားအသွားအလာအရ ဆိုရင်တော့ ခင်မိုးဦးနှင့် ပတ်သက်ပြီး သတင်းတစ်ခုခု ထူးတာ သေချာနေပြီ။

“ဘာသတင်းလဲ အန်တီ၊ ကျွန်တော် ဘာမှ မသိရပါဘူး၊ အန်တီ့ဆီကို လမ်းကြုံလို့ တမင်ဝင်လာတာ”

“အန်တီလည်း ထင်ပါတယ်၊ မင်း ရောက်မလာလည်း မင်းကို ဖုန်းဆက်ခေါ်မလို့ပဲ”

“ဘာလဲ အန်တီ ... ခင်မိုးဦး သတင်း ရလို့လား”

အန်တီဝတ်ရည်ကျော် မျက်နှာမှာ တစ်ချိန်လုံး ရွှင်ပျနေ၏။

ဒီအခြေအနေအတိုင်း ဆိုရင်တော့ ခင်မိုးဦးနှင့် ပတ်သက်ပြီး ထူးခြားတာတော့ သေချာပြီလေ။

“သတင်းရတာ မဟုတ်ဘူး ကိုထွေး၊ ဒီနံနက်ပဲ သမီးလေး အိမ်ကို ပြန်ရောက်လာတယ်”

အန်တီဝတ်ရည်ကျော်၏ စကားကြောင့်ပင် ထ,ခုန်မတတ် ဝမ်းသာသွားရသည်။





“တကယ်ပြောတာလား အန်တီ၊ အခု ခင်မိုးဦး အိမ်ထဲမှာ ရှိနေသလား အန်တီ”

“ဖြည်းဖြည်းပေါ့ ကိုထွေး၊ သမီးလေး အိမ်ထဲမှာ ရှိနေပါတယ်၊ ကိုထွေးနဲ့ အန်တီတို့ စကားအေးအေးဆေးဆေး ပြောရအောင်”

အိမ်ထဲသို့ မခေါ်သွားဘဲ ခြံထဲမှာပင် သူ့ကို ထိုင်စေပြန်၏။


အန်တီဝတ်ရည်ကျော်နှုတ်မှ ဘာစကားတွေကို ကြားနာရမှာပါလိမ့်။

ခင်မိုးဦးနှင့် ပတ်သက်သည့် ကိစ္စဆိုတာကိုတော့ သူ သိနေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





# ၂

"သမီးလေး ထွက်သွားခဲ့တာက အန်တီနဲ့ စိတ်ဆိုးပြီး သွားခဲ့တာလို့ ဖုံးထားရင် ရပါတယ်၊ ဒါပေမယ့် ကိုထွေးကို တော့ အန်တီ အမှန်အတိုင်းပဲ ပြောပြချင်တယ်၊ တကယ် တော့ သမီးလေးဟာ ကိုထွေး ယူဆသလို သူ့ချစ်သူနောက် ကို လိုက်သွားခဲ့တာပဲ"

စောစောက ခံစားခဲ့ရသော ပျော်ရွှင်ခြင်းတို့သည် အနည် ထိုင်လို့ သွားရပြန်၏။

သူ့နှုတ်မှ စကားပြန်ပြောဖို့ အတော်လေး ခဲယဉ်းနေ သည်။ သူ့အမူအရာကို အကဲခတ်ကြည့်ပြီးမှ အန်တီတင် ရည်ကျော်ကပင် ဆက်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခု သမီးလေး ဒီကို ပြန်လာခဲ့တာက တော့ တစ်ယောက်တည်းပါပဲ၊ သူ့ချစ်သူနောက်ကို လိုက်သွား ခဲ့ပြီးမှ ဟိုမှာ နေရထိုင်ရတာ အဆင်မပြေဘူး ထင်ပါတယ်၊ အန်တီ မေးတာတော့ မရဘူး၊ သူ့ချစ်သူနဲ့ ပြတ်စဲပြီး အန်တီ့ဆီကို ပြန်လာခဲ့တာလို့ပဲ ပြောတယ်၊ ဒီတော့ ကိုထွေး ရာ ကူညီလက်စနဲ့ ကိုထွေး ကူညီပါ၊ သမီးလေး အိမ်ပေါ်က ဆင်းသွားတာ အန်တီနဲ့ စိတ်ဆိုးလို့ ဆိုတာကိုပဲ အများသိ ပါစေ ကိုထွေး၊ အန်တီ ပြောခဲ့တဲ့အပိုင်းကိုတော့ ကိုထွေး ရင်ထဲမှာပဲ ထားပါနော်"

"စိတ်ချပါ အန်တီ ... လူတကာ အတင်းအဖျင်းကြား မှာ ခင်မိုးဦး မနစ်မွန်းဖို့ ကျွန်တော် ကတိပေးပါတယ်"

"ကျေးဇူးတင်တယ် ကိုထွေးရယ်၊ အန်တီကတော့ မိဘချင်း ကိုယ်ချင်းမစာလို့ ဒီစကားပြောတာတော့ မဟုတ် ပါဘူး၊ သမီးကလေးနဲ့ ကိုထွေးကို အရင်အစီအစဉ်အတိုင်းပဲ ပြန်ဖြစ်စေချင်တယ်၊ ကိုထွေးကပဲ သမီးလေးအပေါ် အနစ် နာခံနိုင်မှာလေ"





အန်တီဝတ်ရည်ကျော်ကတော့ သူ့အတွက် မျှော်လင့် ချက်တွေ ပေးလာပြန်၏။

ကံကြမ္မာကိုတော့ သူ မယုံစားရဲတော့ပေ။ ခင်မိုးဦး အနားမှာ ဘယ်လိုဘဝမျိုးနှင့်ဖြစ်ဖြစ် သူ နေချင်သော်လည်း ခင်မိုးဦး ခွင့်ပြုမှ ဖြစ်ပေမည်။

"ကျွန်တော် တစ်ခုပြောချင်တယ် အန်တီ"

"ပြောပါ ကိုထွေး"

"ကျွန်တော့်ဘက်ကတော့ ခင်မိုးဦး ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အားလုံးကို အမြဲတမ်း ခွင့်လွှတ်နိုင်ပါတယ်၊ သူကသာ ကျွန် တော့်ကို ထည့်သွင်းစဉ်းစားပါ့မလား အန်တီ"

"ကိုထွေးဆီက ဒီစကားကြားရလို့ အန်တီ အတိုင်းမသိ ဝမ်းသာရတယ်၊ ကိုထွေးရဲ့ ချစ်ခြင်းမေတ္တာကိုလည်း အန်တီ လေးစားသွားတယ်၊ သမီးလေးနဲ့ အန်တီ ဒီအကြောင်းကို ညှိကြပါသေးတယ်၊ သမီးလေးက သူ့အပြစ်နဲ့သူမို့ ကိုထွေး အပေါ် အားနာနေတယ် ထင်ပါရဲ့၊ ဒီဘဝရောက်မှ မဖြစ်နိုင် တော့ပါဘူးလို့ ငြင်းနေတယ် ကိုထွေး၊ အန်တီ့ကို ပြောပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားတွေအတိုင်း ကိုထွေး သွားပြောပြလိုက်ပါ၊ သမီးလေး သူ့အခန်းထဲမှာ ရှိနေမှာပါ ကိုထွေး”

အန်တီဝတ်ရည်ကျော်ကိုပင် နှုတ်မဆက်နိုင်ဘဲ အိမ်ထဲသို့ သူဝင်ခဲ့သည်။

ခင်မိုးဦးရှိနေရာ အခန်းဆီသို့ သွားနေသော သူ့ခြေလှမ်းတို့သည် အမိပွာယ်များစွာ ရှိနေခဲ့သည်ပဲလေ ...။

* * *

“ခင်မိုးဦး ... ကိုထွေး ခေါ်နေတာပါ၊ ခင်မိုးဦး အပြင်ကို ခဏထွက်လာခဲ့ပါလား”

အခန်းတံခါးကို ခေါက်ပြီး သူ အသံပြုလိုက်သည်။ အသံတို့ တုန်ယင်နေသည်ကို ဘာသာသတိထားမိ၏။ ခင်မိုးဦးဆီမှ ပြန်ထူးသံ မကြားရပေ။ လှုပ်ရှားသံ သဲ့သဲ့ကိုတော့ သူကြားနေရသည်။

တံခါးရွက်အပွင့်မှာတော့ ရက်အတန်ကြာ ကင်းကွာသွားခဲ့သော ခင်မိုးဦး မျက်နှာလေးကို ဖူးတွေ့လိုက်ရသည်။





မကြုံဘူးသော စိတ်ဆင်းရဲခြင်းများကြောင့် ခင်မိုးဦး မျက်နှာလေး ချောင်ကျနေတာ သိသာလှသည်။

ယဲ့ယဲ့ပြုံးသော အပြုံးများကြောင့်ပင် သူ့နှုတ်မှ ရေရွတ်မိလိုက်သည်။

“ခင်မိုးဦး”

“မေမေ ပြောလိုက်လို့ ကိုထွေး သိတာလား”

ဧည့်ခန်းဆီသို့ သူနှင့်အတူတူ ယှဉ်ပြီးလျှောက်၏။

ဖြစ်ပျက်ခဲ့သော ကိစ္စများနှင့် ပတ်သက်ပြီး ခင်မိုးဦးအားနာနေပုံရသည်။ စားပွဲမှာ အတူတူထိုင်ရင်း သူပြောလိုက်သည်။

“ခင်မိုးဦး ပျောက်သွားကတည်းက ဒီနေ့အထိ ကိုထွေး ရှာနေတာ နံ့နေတာပဲ၊ ကုမ္ပဏီကိုလည်း ရောက်တယ်၊ သူတို့ကိုတော့ အန်တီနှင့် စိတ်ဆိုးတယ် ဆိုတာပဲ ပြောဖြစ်ခဲ့တယ်”

“မေမေနဲ့ တွေ့ပြီး စကားပြောခဲ့ပြီးပြီ မဟုတ်လား ကိုထွေး”



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်အပျက် အားလုံးကို သိခဲ့ပြီးပါပြီ၊ ကိုထွေးတို့ တကယ် ဖူးစာဆုံခွင့်ရှိလို့ ပြန်တွေ့ရတာပဲ ခင်မိုးဦးရယ်"

"မဖြစ်နိုင်တော့ဘူး ကိုထွေး၊ ဒီအခြေအနေမှာ ပိုပြီး တော့ မဖြစ်နိုင်ပါသေးတယ်"

"ဘာလို့ မဖြစ်နိုင်ဘူးလို့ ပြောတာလဲ၊ အခု ကိစ္စကို ကိုထွေးတို့ချင်းပဲ သိကြတာ၊ အားလုံးကို အန်တီနဲ့ စိတ်ဆိုးလို့ ဆင်းသွားတာလို့ ပြောပြထားတာ ဒီနေ့အထိပဲ"

"သူများကို လိမ်ညာတာထက် ကိုယ့်ကိုယ်ကိုယ် လိမ်တာက ပိုပြီးအပြစ်ကြီးပါတယ် ကိုထွေး၊ ထားလိုက်ပါလေ... ခင်မိုးဦး ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ကိုထွေးနဲ့ ထိုက်တန်တဲ့မိန်းမ မဟုတ်တော့ပါဘူး"

"ဘာလို့ ဒီစကား ပြောရတာလဲ ခင်မိုးဦးရာ၊ ကိုထွေး ပြောခဲ့တဲ့ စကားကို မေ့နေပြီလား၊ ခင်မိုးဦး ဘယ်ဘဝရောက်ရောက် ကိုထွေး အမြဲချစ်နေပြီး အနားမှာ နေခွင့်ရချင်တယ် ဆိုတာကိုလေ"

"မသိချင်တော့ဘူး၊ တွေးလည်း မတွေးချင်တော့ဘူး





ကိုထွေး၊ ခင်မိုးဦး ဘဝနဲ့ ခင်မိုးဦး ရှိပါစေတော့ ကိုထွေး ရာ..."

အခု လောလောဆယ်မှာတော့ ချက်ချင်းကြီး အဖြေရဖို့ဆိုတာ မလွယ်ကူမှန်း သူ သိထားရမည်ပဲ။


ခင်မိုးဦး စိတ်တွေ တိမ်းညွတ်လာစေရန် သူဉာဏ်စွမ်းရှိသရွေ့ ကြိုးစားရပေဦးမည်။

တစ်နေ့သောအခါမှာတော့ သူ့စကားတွေကို ခင်မိုးဦး လက်ခံလာရမည် ... ဟု ယုံကြည်နေချင်သည်ပဲလေ ...။



www.burmeseclassic.com

www.burmeseclassic.com





# ၃

"ခင်မိုးဦး ပြန်ရောက်လာတာ တစ်လကျော်သွားပြီ နော် သား၊ သားတို့ မင်္ဂလာကိစ္စက ဘယ်လိုလဲ၊ ဒေါ်ဝတ် ရည်ကျော်ကတော့ သားတို့ဆန္ဒကို အဓိကထားပြီး စကား ပြောနေတာပဲ"

ဖေဖေကတော့ စကားပြောလျှင် ပြတ်သည်။ ဒီအတိုင်း သာ ဆက်သွားပါက လူကြီးချင်း စကားပြော အဆင်မပြေမှာ ပဲ သူ စိုးရိမ်၏။

ခင်မိုးဦးကလည်း ဒီနေ့အထိ ခေါင်းတွင်တွင်ခါဆဲပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပင် မေမေက မေးခွန်းတစ်ခု ထပ်မေးလိုက်ပြန်၏။

"ကောင်မလေးက အရင်ကုမ္ပဏီမှာ အလုပ်ဆင်းနေတုန်းပဲလား"

"ပြန်ရောက်ကတည်းက နုတ်ထွက်စာ တင်ပြီးပါပြီ၊ သားကိုယ်တိုင်ပဲ လုပ်ပေးခဲ့တာ၊ သူ ထွက်သွားတုန်းက ကုမ္ပဏီမှာ သွားစုံစမ်းမိတယ်၊ လူတွေ တစ်မျိုးမြင်မှာစိုးလို့ သူ အလုပ်ထွက်လိုက်တယ် မေမေ"

ဖာဖာထေးထေး သူ ပြောလိုက်ရသည်။

မေမေက ကျေနပ်သွားဟန် ရှိသော်လည်း ဖေဖေကတော့ အလိုမကျသော လေသံဖြင့် ထပ်ပြောပြန်သည်။

"မင်းကို ဖေဖေ မေးနေတာ အလုပ်ထွက်တဲ့ကိစ္စကို အဓိကထားပြီး မေးနေတာ မဟုတ်ဘူး၊ မင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာကိစ္စကို မေးနေတာ"

ဖေဖေ ကျေနပ်အောင် စကားလုံး ရွေးချယ်ပြီး သူ ပြောလိုက်ရသည်။

"ဒီလိုပါ ဖေဖေ ... ဒီတစ်ခါတော့ စေ့စပ်ပွဲတွေ ဘာ





တွေ သားတို့ လုပ်မနေတော့ပါဘူး၊ မင်္ဂလာတစ်ခါတည်းဆောင်ဖြစ်မှာပါ၊ ဒီကိစ္စအတွက် သားတို့ လူငယ်ချင်း ညှိနေကြပါတယ်၊ ဒီဝါမဝင်ခင် မင်္ဂလာဆောင်ဖြစ်အောင် ညှိနေကြပါတယ်"

"မင်းမိန်းမယူတာကလည်း လွယ်မယောင်နဲ့ ခက်နေသလိုပဲ၊ အေးလေ ... မင်းတို့ လူငယ်တွေ ခေတ်ကလည်း တစ်မျိုးပါပဲ"

"ရှင်ကလည်းတော် ... ကလေးတွေကိစ္စ သူတို့ဘာသာ စီစဉ်ကြပါစေ၊ မိဘတွေက လုပ်ပေးစရာ ရှိတာကို လုပ်ပေးလိုက်ရုံပဲ မဟုတ်လား"

တကယ်တမ်း တွေးကြည့်ရင်တော့ ဝါဝင်ဖို့ဆိုတာ သိပ်အဝေးကြီးတော့ မလိုတော့ပေ။

ခင်မိုးဦးကို ညှိနေလို့ အချိန်တွေ ပိုကြာနိုင်မည်။ ဒေါ်ဝတ်ရည်ကျော်နှင့် ထပ်ဆွေးနွေးမှ ဖြစ်မည် ... ဟုဆုံးဖြတ်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကိစ္စ ဆွေးနွေးရန်အတွက် ဒေါ်ဝတ်ရည်ကျော် နှင့် တိုက်တဆိတ် ချိန်းဆိုလိုက်ရသည်။

ခင်မိုးဦး ရှေ့မှာတော့ ဒီကိစ္စတွေကို မဆွေးနွေးချင်။ ခင်မိုးဦး ခေါင်းညိတ်လက်ခံလာဖို့ သူတစ်ယောက်တည်းနှင့် မဖြစ်။ ဒေါ်ဝတ်ရည်ကျော်၏ အကူအညီပါမှ အဆင်ပြေမည် ဟု သူတွေးသည်။

"အန်တီ့ကို ချိန်းရတာက တခြားတော့ မဟုတ်ဘူး၊ ဖေဖေတို့က မင်္ဂလာကိစ္စကို တစ်မေးတည်း မေးနေကြလို့ အန်တီ"

"အေးကွယ် ... အန်တီလည်း အဲဒီကိစ္စအတွက်ပဲ နေ့တိုင်း ခေါင်းခဲနေရတာ၊ ကိုထွေးမိဘတွေကို ရှောင်နေရတာ ဆိုတာကလည်း ဒီပြဿနာကြောင့်ပဲ၊ သမီးလေးကိုတော့ နေ့တိုင်းလိုလို နားချနေတာပဲကွယ်"

သူတစ်ယောက်တည်း ဒုက္ခဖြစ်နေသည် မဟုတ်။ ဒေါ်ဝတ်ရည်ကျော်မှာလည်း ပြဿနာရှိနေ၏။

"ကျွန်တော် တစ်ခု တွေးမိတာရှိတယ် အန်တီ"





"ဘာများလဲ ကိုထွေး"

"ဟိုတစ်ယောက် ရောက်လာမှာကို စိုးနေတာလား၊ ဒါမှမဟုတ် အဲဒီတစ်ယောက်နဲ့များ မပြတ်မသားမို့ ခေါင်း မညိတ်တာလား မသိဘူးနော်"

သူ တွေးမိတာကို ပြောပြမိသည်။

ဒေါ်ဝတ်ရည်ကျော် ပြန်ဖြေသော စကားတွေကတော့ အကျိုးအကြောင်း ခိုင်လုံနေပြန်၏။

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူး ကိုထွေး၊ သူ မပြတ်သားရင် အိမ်ကို ပြန်လာစရာ အကြောင်းမရှိဘူး၊ ပြီးတော့ ဒီကို ရောက်တာ တစ်လကျော်နေပြီပဲ၊ ဒီနေ့အထိ ဘာမှ ဖြစ်မလာတာ သူတို့ချင်း ပြတ်လို့ပေါ့၊ အဲဒီလူက သမီးကို ကျောရရုံ ကြံတာမျိုးတို့၊ တစ်ဘဝလုံးအတွက် မရည်ရွယ်ဘဲ အပျော်ကြံတာမျိုးတို့ ဖြစ်နိုင်တယ်၊ သမီး မပြောပြပေမယ့် အန်တီ စိတ်မှန်းကြည့်တာလေ"

"ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ပါ အန်တီ ... ပြီးခဲ့တာတွေ အတွက် ကျွန်တော် လိပ်ပြာသန့်ပါတယ်၊ ခင်မိုးဦး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိုတ်ဖို့ပဲ အရေးကြီးပါတယ်၊ တော်ကြာ ဖေဖေတို့ဘက်က သဘောထား ပြောင်းသွားရင် ကျွန်တော်တို့ ဆုံဖို့ ခက်သွားလိမ့်မယ်၊ တစ်ချိန်ကျမှ ဒီအကြောင်း ဒီအဖြစ်အပျက်တွေကို ပတ်ဝန်းကျင်က သိတာ ကိစ္စမရှိဘူး၊ ကျွန်တော်တို့ချင်းမပေါင်းရခင်မှာ ဖေဖေတို့ သိသွားမှာကို အရမ်းစိုးရိမ်တယ်၊ ကျွန်တော် ပြောတာကို အန်တီ သဘောပေါက်မှာပါနော်"

"ဒီကိစ္စ အမြန်အဆင်ပြေအောင် အန်တီ အစွမ်းကုန် ကြိုးစားပါ့မယ် ကိုထွေး"

ဘာပဲပြောပြော ဒေါ်ဝတ်ရည်ကျော် ဆီမှ ကတိစကားကို ကြားရတော့ သူ အားတက်သွားရပြန်၏။

ဒီဘဝမှာ သူနှင့် ခင်မိုးဦး ပေါင်းဆုံရဖို့ အရေးကြီးသည်ပဲ။



# ၄

ဒေါ်ဝတ်ရည်ကျော်ကတော့ သူနှင့် ခင်မိုးဦးတို့ ပိုပြီး နီးနီးကပ်ကပ် ရှိစေရန် နေ့စဉ်လို ကြိုးစားပေးနေပြန်၏။

အခုလည်း ခင်မိုးဦး စိတ်ပြေလက်ပျောက်ဖြစ်ဖို့ ရုပ်ရှင်အတူသွားကြည့်ခိုင်းပြန်၏။ အိမ်ကို ပြန်ရောက်လာကတည်းက ခင်မိုးဦး မျက်နှာက မရွှင်မပျ၊ ရုပ်ရှင်ကြည့်ပြီး ပြန်ထွက်လာတောလည်း ဒီနယ်ပင်။

"ဘာဖြစ်နေလဲ ခင်မိုးဦး၊ ရုပ်ရှင်ရုံထဲမှာ သူများတွေ ရယ်ကြလည်း ခင်မိုးဦး လိုက်မရယ်ဘူး၊ နေမကောင်းချင်လို့လား ခင်မိုးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုထွေး၊ ခေါင်းထဲမှာ တရိပ်ရိပ်ဖြစ်နေသလိုပဲ"

"ကိုထွေးမှာ ရှုံးဆေးပါတယ်၊ လူတွေ များလို့နဲ့ တူပါတယ်"

ရုပ်ရှင်ရုံအလွှတ်မို့ လူတွေက များနေသည်။ ခင်မိုးဦး ဝေဒနာကို ခံစားနေရသည် ထင်၏။

မဟာန်နိုင်တော့ဘဲ သူ့အင်္ကျီစကို ဆွဲကာ လမ်းလျှောက်နေရ၏။

"အန်ချင်တယ် ကိုထွေးရယ်"

"ခဏလေး သည်းခံ ခင်မိုးဦး၊ ကားဆီ ရောက်တော့မယ် ကားနားကျမှ အန်ချလိုက်"

ခင်မိုးဦးကို တေဘင်းပန်လိုက်ပြီး ကားဆီသို့ မေးလျှောက်ရသည်။

ကားနားရောက်သည်နှင့် သူ့အပြောကို မစောင့်ဘဲ ခင်မိုးဦး ထိုင်လျက် အန်ချလိုက်သည်။

"ဝေါ့ ... ဝေါ့ ..."





ခင်မိုးဦး၏ ကျောပြင်လေးကို အသာနှိပ်ပေးနေရသည်။

လူတွေကတော့ သူတို့နှစ်ယောက် ဖြစ်ပျက်နေပုံကို ကွက်ကြည့်၊ ကွတ်ကြည့် လုပ်သွားကြသည်။

ခင်မိုးဦးက လက်ကာပြီး ကျောကိုဆက်မနှိပ်ဖို့ ကြိုးစားသည်။

ချက်ချင်းပင် ရပ်တန့်လိုက်ပြီး ခင်မိုးဦး ပခုံးနှစ်ဖက်ကို ညင်သာစွာ ကိုင်လိုက်သည်။

မတ်တတ်ရပ်ဖို့ ကြိုးစားသော ခင်မိုးဦးကြောင့်ပင် သူ ပြောလိုက်ရသည်။

"ဖြည်းဖြည်းထ ခင်မိုးဦး"

သူ့စကား နှောက်ကျသွားခဲ့သည်။

သူ ထိန်းထားသည့်အတွက်သာ ပစ်လဲမကျခြင်း ဖြစ်၏။ အခုတော့ သူ့ရင်ခွင်ထဲမှာ ခင်မိုးဦး ရောက်နေတော့၏။

"ရုတ်တရက် မိုက်ခနဲဖြစ်ပြီး မူးသွားတာ ကိုထွေး၊ ရင်ထဲမှာ တလှပ်လှပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ အနီးဆုံး ဆေးခန်းကို ဝင်ပြမှ ဖြစ်တော့မယ်"

ခင်မိုးဦးအား တွဲပြီး ကားပေါ်တင်ပေးရသည်။

သက်သောင့်သက်သာ နေစေပြီးမှ သူ ကားမောင်းထွက်ခဲ့သည်။

အနီးစပ်ဆုံးရှိသော ဆေးခန်းတစ်ခုသို့ သူ မောင်းထွက်ခဲ့ရသည်။

* * *

ဆေးခန်းရောက်တော့ သူတို့ရှေ့မှာ သုံးလေးဦး ရှိနေ၏။

သူက ကောင်တာထိုင်နေသော ကောင်မလေးကို လူကျော်ပြဖို့ ပြောသည်။

ခင်မိုးဦး လိုက်တားသောကြောင့်ပင် သူ ငြိမ်နေလိုက်ရ၏။





"ကိုထွေးရယ် ... ရှေ့က လူတွေကို အားနာစရာကြီး၊ သိပ်လည်း စောင့်ရမှာမှ မဟုတ်တာ၊ ခင်မိုး‌ဦး သက်သာနေပါပြီ၊ မှုပြဘဲ ပြန်ထွက်သွားလို့ မကောင်းလို့သာ ဆက်နေရတာ"

"သက်သာတယ် ဆိုပေမယ့် ဘာဖြစ်မှန်း မသိတော့ ပြလိုက်တာ အကောင်းဆုံးပဲ ခင်မိုးဦး"

သိပ်မကြာခင်မှာပင် ခင်မိုးဦး အလှည့်သို့ ရောက်၏။ သူတို့နောက်တွင် လူနာသုံးလေးယောက် ထပ်ရောက်လာ၏။

ခင်မိုးဦးကို စမ်းသပ်နေခိုက်မှာတော့ သူ အထဲဝင်လိုက်ခွင့် မရှိပေ။ ခဏကြာတော့ သူနာပြုဆရာမလေးက သူ့ကို လက်ရပ်လှမ်းခေါ်၏။

ချက်ချင်းဆိုသလိုပင် အခန်းဝသို့ သူ အပြေးသွားလိုက်သည်။ အပြင်သို့ ထွက်လာသော ခင်မိုးဦးအား သူ တွဲလိုက်သည်။

နောက်မှ ကပ်ပါလာသော အမျိုးသားဆရာဝန်က သူ့ကို ရည်ရွယ်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ အိမ်ထောင်ကျတာ မကြာသေးဘူးနဲ့တူတယ်၊ လူနာက အားနည်းနေတယ်၊ ရှေ့လျှောက် ခင်ဗျားအမျိုးသမီးကို ပိုပြီး ပြုစု၊ ပိုဂရုစိုက်ပေတော့၊ ခင်ဗျားအမျိုးသမီးမှာ ကိုယ်ဝန်ရှိနေပြီ"

ဆရာဝန် ပြောလိုက်သော စကားကြောင့် ခင်မိုးဦးမျက်နှာ ကွတ်ခနဲ ပျက်သွား၏။

သူကတော့ ရောယောင်ပြီး ဆရာဝန်စကားကို ခေါင်းညိတ်လိုက်ရသည်။

ဆရာဝန်နှင့် တကွ အားလုံးသော သူများကတော့ သူနှင့် ခင်မိုးဦးကို လင်မယားဟု ထင်သွားမှာ သေချာ၏။

* * *

"လူတွေရှေ့မှာ နင် အပြောခံရတာကို ငါ အားနာလိုက်တာ ကိုထွေးရယ်"

ကားပေါ်ရောက်ရောက်ချင်းမှာပင် ခင်မိုးဦး ပြောလိုက်သည်။





သူ့အတွက်ကတော့ ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ရသည်။

"အားနာတယ်ဆိုတဲ့ စကားကို ပြောဖို့ အချိန်မဟုတ်တော့ဘူး ခင်မိုးဦး၊ ငါ ပြောတာကို နင် လက်ခံပါ၊ နင့်မှာကိုယ်ဝန်ရှိနေတာကို နင်ရယ် ငါရယ်ပဲ သိကြသေးတာ၊ နင်ငါ့ကို လက်ထပ်မှ ဖြစ်တော့မယ်၊ ဘာအကြောင်းပြချက်တွေနဲ့မှ နင် မငြင်းနဲ့တော့ ခင်မိုးဦး၊ အခု အိမ်ပြန်ရောက်တာနဲ့မင်္ဂလာကိစ္စကို ငါတို့ အားချင်း စီစဉ်မှ ဖြစ်မယ်"

သူ့စကားတွေကို နားထောင်နေရင်းကပင် ခင်မိုးဦးမျက်ရည်တွေ စီးကျလာ၏။

"ကိုထွေးရယ် … ငါ နင့်အပေါ် မကောင်းခဲ့ပါဘူးဟာ"

"ဒီစကားတွေ ပြောနေဖို့ အချိန်မရတော့ဘူး၊ နင့်ကိုငါ ချစ်တယ်၊ နင့်ဘဝကို ငါ ဒီအတိုင်း လွှတ်မပေးနိုင်ဘူး၊ နင့်ကို တစ်သက်လုံး ငါ ချစ်သွားနိုင်ပါတယ် ခင်မိုးဦး"

မျက်ရည်တွေကို သုတ်ပေးဖို့ပင် အချိန်မရလိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းပက်လက်ဖြင့် သူ့ရင်ခွင်ထဲသို့ ခင်မိုးဦး ပြေးဝင်တော့၏။

သူ့ဆန္ဒတွေက အလိုလို ပြည့်ဝခဲ့ပြီလေ ...။



# ၁၁

မင်္ဂလာဆောင်ဖိတ်စာကို အားချင်းရိုက်ပြီး အားချင်းဝေလိုက်သည်။ ဖေဖေတို့ ဆန္ဒတွေ ပြည့်ဝခဲ့သလို သူ့ဆန္ဒတွေလည်း ပြည့်ဝခဲ့၏။ အခမ်းအနားအတွက် ရက်မပေးနိုင်သောကြောင့် ခင်မိုးဦး အိမ်မှာပင် မင်္ဂလာပွဲလုပ်ဖို့ စီစဉ်ကြ၏။

သူကတော့ အားလုံးပြောဆိုပြီးကတည်းက အိမ်မှာမနေတော့ဘဲ ခင်မိုးဦးတို့ အိမ်မှာပင် နေတော့သည်။

"ကိုထွေး ကားတစ်စီး ဝင်လာတယ်၊ ဘယ်ကသည်လဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအခမ်းအနားကို ဝိုင်းပြင်နေစဉ်မှာပင် ဧည့်သည် အမျိုးသမီးကြီး တစ်ယောက် ရောက်လာ၏။ သူ့ဧည့်သည်၊ ခင်မိုးဦး ဧည့်သည် မဟုတ်တာတော့ သေချာ၏။

"ဒီအိမ်က ဒေါ်ဝတ်ရည်ကျော်ရဲ့အိမ် ဟုတ်ပါတယ်နော်"

"အထဲဝင်ပါ ခင်ဗျာ၊ မင်္ဂလာဆောင်ကိစ္စနဲ့ဆိုတော့ အားနာစရာတောင် ဖြစ်နေပြီ"

"ရပါတယ်ကွယ် ... ဝတ်ရည်ကိုသာ ခေါ်ပေးပါ"

ဒေါ်ဝတ်ရည်ကျော်ကို ဝတ်ရည်ဟု တရင်းတနှီး ခေါ်နေမှတော့ ငယ်ပေါင်းတွေထဲကပဲ ဖြစ်သည်။ ခင်မိုးဦးက တော့ အလိုက်တသိပင် နေရာမှ ထသွားပြီး ဒေါ်ဝတ်ရည်ကျော် အား သွားခေါ်၏။

အိမ်ထဲမှ ထွက်လာသော ဒေါ်ဝတ်ရည်ကျော်က ဧည့် သည်ကို မြင်သည်နှင့် ပြေးဖက်ပြီး မျက်ရည်တွေ လည်လာ တော့၏။

"မထင်မှတ်ဘဲ တွေ့ရတော့ ဝမ်းသာလိုက်တာ အေမီ ရယ်၊ အေမီတို့များ နှစ်တွေအများကြီးကြာအောင် နေနိုင် လိုက်တာနော်"





"အပြစ်တင်လည်း ခံရမှာပဲ ဝတ်ရည်၊ အဆောင်ကနေ အိမ်ပြန်ရောက်ပြီး သိပ်မကြာခင်မှာပဲ ဒက်ဒီတို့ နိုင်ငံခြားကို အလုပ်ကိစ္စနဲ့ ပြောင်းရွှေ့ရတာလေ၊ အေမီလည်း ပါသွားခဲ့ တာ၊ ဟိုမှာ ကျောင်းဆက်တက်ပြီးတော့ ဟိုမှာပဲ အိမ်ထောင် ကျတယ်လေ"

"အခု အလည်ပြန်လာတာလား"

"ဟုတ်တယ် ဝတ်ရည် ... ဒီတစ်ခါပဲ ပထမဦးဆုံး အကြိမ် ပြန်လာဖြစ်တာ"

"ဒါနဲ့ ဝတ်ရည် ... လိပ်စာကို ဘယ့်လိုသိလဲ"

"ဒီဖိတ်စာကြောင့်လေ"

သူနှင့် ခင်မိုးဦးတို့၏ မင်္ဂလာဆောင်ဖိတ်စာကို ဧည့် သည်အမျိုးသမီးက ပြလိုက်၏။

"သူ့ကို သေချာကြည့်စမ်း အေမီ၊ ဘယ်သူဖြစ်မလဲ ဆိုတာ မှန်အောင်ပြောနိုင်မလား"

"သိပ်သိတာပေါ့ ဝတ်ရည်ရာ၊ ဒါ ဝတ်ရည်ရဲ့သမီး လေးပဲ၊ သမီးကတော့ အန်တီ့ကို သိမှာမဟုတ်ဘူး၊ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သမီးကို သိတယ်၊ သမီးတို့ ဖိတ်စာကြောင့်ပဲ အန်တီတို့ ပြန်ဆုံရတာ၊ အသိတစ်ယောက်ဆီကနေ ဒီဖိတ်စာကိုတွေ့လို့ စပ်စုရင်းကနေ ဝတ်ရည်တို့နဲ့ ပြန်ဆုံရတာ"

ငယ်ပေါင်းတွေက နှစ်တွေ အတော်ကြာအောင် ကွဲကွာနေပုံရ၏။ ခင်မိုးဦးကိစ္စကိုလည်း ညွှန့်သည်အမျိုးသမီးက သိနေ၏။

သူနှင့် ခင်မိုးဦးတို့ ရှေ့မှာပင် ညွှန့်သည်အမျိုးသမီးက သူ သိပြီးသားရော၊ မသိရသေးသည့် ကိစ္စများကိုပါ ပြောပြလေ၏။

* * *

"တို့ မြန်မာပြည် ပြန်ရောက်တာ တစ်လလောက်ရှိသွားပြီ၊ တို့ ပြန်ရောက်ပြီး ငါးရက်လောက်မှာ ကိုသက်ထူးနဲ့ အမှတ်မထင်ဘဲ သွားဆုံဖြစ်တယ်၊ တို့က ဝတ်ရည်ဘယ်မှာလဲလို့ မေးတယ်၊ အဲဒီကျမှ အကြောင်းစုံကို တို့ သိရတာ၊





တကယ်ဆို ဝတ်ရည်ကလည်း သမီးလေးနဲ့ ပတ်သက်ပြီး လူချင်းတွေ့ပြီး အသေအချာ ရှင်းပြသင့်တာပေါ့"

"တော်ပါတော့ အေမီရယ် ... သူကိုယ်တိုင်ကတွေ့ဖို့ ကြိုးစားခဲ့တာမှ မဟုတ်ဘဲ"

"တို့နဲ့ မတွေ့ခင်အထိ သူများပြောတာတွေကို အဟုတ်ပဲလို့ ကိုသက်ထူး ထင်နေတာ၊ မင်းတို့ မိသားစုကလည်း မြို့ကနေ ခြေရာဖျောက်သွားခဲ့တာလည်း ပါတာပေါ့၊ အခုတော့ အားလုံးလွန်ကုန်ပါပြီ၊ အေးလေ ... ယောကျ်ားဆိုတာက တွေးရခက်တဲ့ အမျိုးအစားပဲ၊ မင်း သူနဲ့တွေ့ချင်သေးလား"

"မတွေ့ချင်တော့ပါဘူး အေမီရယ်၊ သမီးလေးလည်း သူ့ဘဝနဲ့သူ စိတ်ချလက်ချ နေနိုင်နေပြီပဲ"

သူနှင့် ခင်မိုးဦးတို့ မသိသေးသော ကိစ္စများကို ဒေါ်အေမီလိုင်က ဆက်ပြောနေသည်။

ခင်မိုးဦးကတော့ မျက်နှာပျက်ချင်နေ၏။

သူမ၏ နောက်ကြောင်းတွေကြောင့် အားငယ်နေသည်လားလေ။



www.burmeseclassic.com

www.burmeseclassic.com



“မတွေ့တာ ကောင်းတယ် ဝတ်ရည်၊ တို့လည်း ကိုသက်ထူးကို မကျေနပ်ဘူး၊ မင်းကသာ နောက်သံယောဇဉ် မရှာဘဲ သမီးလေးကို လူလားမြောက်စေခဲ့တာ၊ သူကတော့ မင်းထက်ပိုချစ်ရတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့တာ”

“သူ အိမ်ထောင်ကျနေပြီပေါ့၊ ဟုတ်လား အေမီ”

“သိပ်ပြီးတော့ ကိုသက်ထူးကို အထင်မကြီးနဲ့ဦး၊ ကြီးမှ ဝက်သက်ပေါက်တာလေ၊ သူ့ကောင်မလေးက သူ့ထက် အများကြီးငယ်တယ်၊ သူနဲ့ ရက်ပိုင်းလောက်ပဲ ပေါင်းလိုက်ရတယ်တဲ့၊ ပြီးတော့ ကွာရှင်းပေးလိုက်ရတယ်”

ဒေါ်ဝတ်ရည်ကျော်ကတော့ ဦးသက်ထူးနှင့် ပတ်သက်သော သတင်းစကားအပေါ် ဘယ်လိုခံစားနေရမည် မသိပေ။

သူ သတိထားမိချိန်မှာတော့ သူ့အနားမှာ ခင်မိုးဦး မရှိတော့ပေ။

ဒေါ်အေမီလှိုင် ပြောသော စကားများကို စိတ်ဝင်စား နေသောကြောင့် ခင်မိုးဦး ထ,သွားသည်ကို သူ မသိ။

သူ့အဖို့ကတော့ ဦးသက်ထူးသည်လည်း အရေးမကြီး၊





ဒေါ်ဝတ်ရည်ကျော်၏ ကြေကွဲခြင်းကလည်း အရေးသိပ်မပါပေ။

သူ့အတွက်တော့ ခင်မိုးဦးကသာ အရေးကြီး၏။ ခင်မိုးဦး နောက်သို့ သူ လိုက်သွားရသည်။

အိပ်ခန်းထဲရောက်တော့ ခေါင်းအုံးမှာ မျက်နှာအပ်ပြီး ခင်မိုးဦး ငိုနေလေ၏။

“ဘာဖြစ်လို့ ဝမ်းနည်းရတာလဲကွယ်၊ ကိုထွေး တစ်ယောက်လုံး ရှိနေတာပဲ၊ ခင်မိုးဦး ဘဝအတွက် ကိုထွေး ရှိနေတယ်လေ”

ခင်မိုးဦးကတော့ ငိုမြဲပင် ...။ မိန်းကလေးတစ်ယောက်ကို အငိုတိတ်အောင် ချော့ဖို့ ဘာတွေ လိုအပ်မှန်း သူ မသိသေးပေ။

အချိန်တန်ရင်တော့ ခင်မိုးဦးကို သူ ချော့တတ်လာပေလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





အပြုံးတစ်ချက်

မျက်ဝန်းတစ်စုံ

နှစ်ကြာကောင်း မမေ့နိုင်ပေး

ပေးခဲ့တဲ့ ဝေဒနာတစ်ခု

ရင်ထဲမှာ ထာဝရငြိ

သတိရနေစရာ တစ်ခုခုကတော့

သူ့အကြောင်းနဲ့သူ လွမ်းစရာတွေချည်းပါပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com

ပိတောက်ကို ချစ်သောသူ ... ။ သကြန်ကို တမ်းတတတ်သော ဒေါ်ဝတ်ရည်ကျော် တစ်ယောက် ပိတောက်တွေ ပွင့်ပြီး၊ သကြန်ရေတွေ လွန်မြောက်ပြီးသည်နှင့် လူ့လောကမှ ထွက်ခွာသွားလေသည်။

ဒေါ်ဝတ်ရည်ကျော် သေဆုံးပြီး ငါးရက်မြောက်သောနေ့မှာတော့ ဂူသွင်းသဂြိုဟ်လိုက်၏။

ဒေါ်ဝတ်ရည်ကျော်၏ ဈာပနအခမ်းအနားသည် ကျနေအောက်မှာပင် အတော်လေး စည်ကားနေ၏။

လိုက်ပါပို့ဆောင်သူများ အချို့သည် ကားများဆီသို့ပြန်သွားကြသည်။ တချို့တစ်ဝက်မှာတော့ အုတ်ဂူသွင်းရာနေရာမှာပင် ရှိနေကြသေး၏။

---

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူကို နောက်ဆုံးအနေဖြင့် မျက်ရည်များဖြင့် ခင်မိုးဦး ကန်တော့လိုက်၏။ လူတွေ၏ မျက်နှာကို ခင်မိုးဦး လိုက်ကြည့်နေဖြစ်သည်။ ခင်ပွန်းဖြစ်သူ ထွေးဇော်ကို မြင်မှ "ပိတောက်ဝတ်ရည်"ကို သတိရသွား၏။

"ကိုထွေး သမီးလေးရော ... ဟင်၊ ပိတောက်ဝတ်ရည်လေးရော"

"စောစောကတော့ ကိုထွေးနားမှာ ရှိနေတာပဲ"

သချိုင်းဆိုသော အသိတရားကြောင့်ပင် ခင်မိုးဦး စိတ်ပူသွားမိသည်။ အုတ်ဂူကြို အုတ်ဂူကြားမှာ ဆော့ကစားရင်း မျက်စိလည် လမ်းမှားရင် ခက်ပြီ ... ဟု ဗျာများပြီး လိုက်ရှာရတော့သည်။

* * *

ခင်မိုးဦး၏ ခြေလှမ်းများနောက်ကို ထွေးဇော်လည်း လိုက်ပါလာခဲ့၏။





တကယ်တော့ "ပိတောက်ဝတ်ရည်" လေးမှာ သုံးနှစ်သမီးလေးပင် ရှိသေး၏။

မိဘတွေက သူ့အပူနှင့်သူမို့ တစ်ဦးဦးကပဲ ခေါ်ထားသည်လား။ ဒီလိုမှ မဟုတ်ဘဲ တစ်စုံတစ်ယောက်ကများ ကောင်းသောအကြံဖြင့် ချော့မြှူခေါ်သွားရင်း ခက်ချေပြီ။

သတိလက်လွတ် ဖြစ်သွားချိန်မှာ သိပ်အကြာကြီးတော့ မဟုတ်ပေ။

အပင်ရိပ်အောက်တွင် လူတစ်ယောက်နှင့် ဆော့ကစားနေသော ပိတောက်ဝတ်ရည်အား ခင်မိုးဦး လှမ်းတွေ့လိုက်သည်။

ဝမ်းသာစိတ်ဖြင့် အနားသို့ တိုးလှမ်းလာသော ခင်မိုးဦး၏ ခြေလှမ်းတို့မှာ လှည့်ပြန်တော့မလို ဖြစ်သွား၏။

ဒီအသုဘအခမ်းအနားကို သူလည်း လာခွင့်ရှိသည်ပဲလေ။

"ခင်မိုးဦး"

တကယ်တော့ ပိတောက်ဝတ်ရည်လေးအား ချော့မြှူ



www.burmeseclassic.com

www.burmeseclassic.com



နေသော ဦးသက်ထူးမှာ မျက်နှာစိမ်းတော့ မဟုတ်။ ခင်မိုးဦးနှင့်လည်းကောင်း၊ ဝတ်ရည်ကျော်နှင့်လည်းကောင်း ပတ်သက်ခဲ့သူ တစ်ဦးပင်။

“သမီးလေး ... ပိတောက်ဝတ်ရည်လေးရယ်၊ မေမေတို့က ပျောက်လို့ ရှာလိုက်ရတာ”

ပိတောက်ဝတ်ရည်လေးက မိခင်ရင်ခွင်မှနေပြီး ဦးသက်ထူးကို ပြုံးပြနေပြန်၏။

“ကလေးနာမည်က ပိတောက်ဝတ်ရည်တဲ့လား၊ ဒါ ... ခင်မိုးဦးရဲ့ ကလေးပေါ့နော်”

ဦးသက်ထူး မေးလိုက်သောအခါမှ ခင်မိုးဦး မျက်နှာပျက်ချင်သလိုလို ဖြစ်သွား၏။

ဦးသက်ထူး၏ အမေးကိုလည်း ဖြေဖို့ အင်အားတွေ မရှိ။

ထိုအခိုက်အတန့်လေးမှာပင် နောက်မှ လိုက်လာသော ခင်ပွန်းသည်ကို တွေ့လိုက်ရသည်။

“သွားမယ် ဦးသက်ထူး၊ ကျွန်မ ခင်ပွန်း လိုက်လာပြီ”





ပိတောက်ရွှေရည်လေး၏ နှုတ်ဆက်ခြင်းကိုတောင် ဦးသက်ထူး ဆုံးအောင်မမြင်လိုက်ရပေ။ ချစ်စရာကောင်းသော ပိတောက်ဝတ်ရည်လေးကို တစ်ခဏအတွင်းမှာပင် သံယောဇဉ်အလိုလို ဖြစ်သွားရ၏။

ခင်မိုးဦးတို့ မိသားစုသုံးယောက်ကို ငေးမောကြည့်ရင်းကပင် နေရာမှာ ဦးသက်ထူး ကျန်ခဲ့လေ၏။

**မောင်စိန်ဝင်း(ပုတီးကုန်း)**



www.burmeseclassic.com